မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၈)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ အင်္ဂါနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအမှီသဟဲပြုနေ

နေပြည်တော် အောက်တိုဘာ ၇

လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်းတို့မှ ပုဂ္ဂိုလ်များ၊ အမျိုးသားအကြံပေးပညာရှင်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ ပညာရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရ စတင်တာဝန်ယူသည့်အချိန်မှစပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးအတွက် သိသာထင်ရှားသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး အခြေခံအုတ်မြစ်များချနိုင်ရန် ကြိုးစားအားထုတ်ခဲ့ပါကြောင်း၊ လိုအပ်သောအခြေခံအုတ်မြစ်များ ခိုင်ခိုင်မာမာချမှတ်နိုင်ရန်လည်း

စာမျက်နှာ ၉ ကော်လံ ၁ ■

ပညာရေးသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ် ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်၊ လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းမှု၏ ဗဟိုဖြစ်ကြောင်းကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် ခံယူထား

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ကျင်းပသည့် လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နွဲ့ဝိုင်းတူပျော် မြို့ရွှေကျင်ရဲ့ သီတင်းကျွတ်မီးမျှောပွဲတော်

ယခုနှစ် ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်ကျင်းပရန် ရွှေကျင်မြို့ ရှမ်းကျေးရပ်ကွက်၌ ကရဝိက်နှင့် ယာယီစံပယ်ရာ ကျောင်းဆောင်အား ကြိုတင်ပြင်ဆင်မွမ်းမံနေမှုကို တွေ့မြင်ရစဉ်။

ပိန်းဇလုပ်-သိန်းညွန့်

မြန်မာနိုင်ငံတစ်ဝန်း၌ ဒေသအလိုက် ကျင်းပဆင်နွှဲသည့် ပွဲတော်များအနက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေကျင်မီးမျှောပူဇော်ပွဲသည် နာမည်ကျော်ကြားလှသည်ဖြစ်၍ သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို ကာလရှည်ကြာစွာ ကျင်းပခဲ့သည့် ပွဲတော်ကြီးလည်း ဖြစ်သည်။

၁၂ ရာသီပွဲတော်များအနက် ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲသည် ဒေသတွင်း၌သာမက မြန်မာနိုင်ငံအရပ်ရပ်သို့ပင် ပျံ့နှံ့ကျော်ကြားသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းမှစ၍ ကျင်းပလာခဲ့သော ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအားအမှူးထား၍ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူး၍ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့တွင် ရွှေကျင်ချောင်းအတွင်း၌ ဆီမီးရောင်စုံမီးကြာခွက်များ ရေမျှောပူဇော်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကျင်းပလာသည်မှာ ယနေ့တိုင် ဖြစ်သည်။

ယခုနှစ်(၁၆၂)နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲကိုလည်း သီတင်းကျွတ်လဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ သီတင်းကျွတ်မီးမျှောပွဲကို ရွှေကျင်မြို့ ပျဉ်းမရပ်ရှိ ချောင်းနံဘေးနှင့် ရွှေကျင်ချောင်းအတွင်း၌ ကျင်းပသည်။ ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၈ ရက် သတ်မှတ်ထားသည့် မင်္ဂလာအချိန်မှစတင်ကာ သီတင်းကျွတ်လဆန်း ၁၂ ရက်တွင် ရွှေကျင်မြို့ လေးထပ်ကျောင်း ဓမ္မာရုံတော်ကြီး၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား အမှူးထား၍ သံဃာတော်အရှင်သူမြတ်များအား ရွှေကျင်မြို့သူ မြို့သားများက နေ့ဆွမ်းဆက်ကပ်ပူဇော်ပြီး နောက်တစ်နေ့တွင် ရွှေကျင်မြို့တွင်းသို့ ရဟန္တာအရှင်မြတ်ကြီးအား လှည့်လည်ပူဇော်ခံကျင်းပခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထိုမှတစ်ဆင့် ရွှေကျင်ချောင်းအတွင်းရှိ ကရဝိက်ဖောင်တော်ပေါ်သို့ ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်အားပင့်ဆောင်၍ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသည်။ ထိုအခမ်းအနားမှစတင်၍ သီတင်းကျွတ်မီးမျှောပူဇော်ပွဲ၏ ကုန်းပွဲတော်စတင်ပြီဖြစ်ပြီး ရွှေကျင်မြို့သည် လှုပ်ရှားသက်ဝင်လာကာ ပွဲတော်ကျင်းပရာနေရာတစ်ဝိုက်၌ ဓမ္မတေးသံများ လွှမ်းခြုံလျက် ကျင်းပနေမှုကို တွေ့မြင်ရမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ❄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စာပေခွန်အား

လူတို့အနေဖြင့် ရုပ်ကိုကျန်းမာကြံ့ခိုင်စေရန် စောင့်ရှောက်ကြရသကဲ့သို့ စိတ်ကိုလည်း ကြံ့ခိုင်စေရန် ပြုပြင်ပေးရ၏။ ရုပ်ကိုကျန်းမာကြံ့ခိုင်စေရန် အစားအစာ၊ ဆေးဝါးနှင့်လိုအပ်သည့် အာဟာရတို့ကို မှီဝဲကြရ၏။ ထို့အတူ စိတ်ကိုကျန်းမာကြံ့ခိုင်စေရန် စာပေတည်းဟူသော အာဟာရကို မှီဝဲကြရ၏။ စာပေသည် လူသားတို့အတွက် စိတ်ခွန်အားကို ပေးနိုင်စွမ်းရှိပေ၏။ စာပေသည်ခွန်အားပင်ဖြစ်၏။

ဤလောက၌ စာပေခွန်အားကြောင့် ပြောင်းလဲတိုးတက်ကြကုန်၏။ စာရေးဆရာတို့ ရေးသားကြကုန်သော အမျိုးမျိုးသော တက်ကျမ်းများကိုဖတ်ရှုကြပြီး လိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် လူငယ်အများအပြား တိုးတက်ကြကုန်၏။ လူငယ်ပြုပြင်ရေး စာပေများက လူငယ်အများအပြားကို လမ်းမှားရောက်မည့်ဘေးမှလည်း ကယ်တင်ပေးနိုင်ခဲ့၏။ စိတ်ဓာတ်ပြုပြင်ရေး စာပေများကြောင့် သာမန်ဘဝမှ အထွတ်အထိပ်သို့ ရောက်ကြသူများလည်းရှိ၏။ သမိုင်းယဉ်ကျေးမှုစာပေများ၏ ကျေးဇူးကြောင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာ၏။ ယဉ်ကျေးမှုဓလေ့ကိုစောင့်ထိန်းတတ်လာ၏။ သိပ္ပံစာပေများကြောင့် တီထွင်လိုသောစိတ်များ ကိန်းအောင်းလာ၏။ စီးပွားရေး သတင်းအချက်အလက်များကြောင့် စီးပွားရေးကို တွက်ချက်တတ်လာ၏။ ထိုထိုသောစာပေတို့ကို ဖတ်မှတ်ကြမည်ဆိုလျှင် စိတ်ဓာတ်ခွန်အားများ ပို၍ကြံ့ခိုင်လာမည်ဖြစ်၏။

တစ်ခါတစ်ရံ မပြောသင့် မပြောထိုက်သည်များကို ပြောဆိုမိခြင်း၊ မလုပ်သင့်သည်များကို လုပ်မိခြင်း၊ မမှားသင့်သည်များ မှားယွင်းမိခြင်းတို့သည် အခြေခံအားဖြင့် စိတ်ဓာတ်ခွန်အား ချို့တဲ့နေခြင်းကြောင့် ဟုဆိုနိုင်သည်။ စာပေနှင့် ကင်းကွာသောအခါ ဆင်ခြင်တုံတရားနည်းပါးလာ၏။ တစ်နည်းဆိုလျှင် စာပေခွန်အား ချည့်နဲ့လာခြင်းပင်ဖြစ်၏။ ရုပ်ခန္ဓာချည့်နဲ့လာလျှင် ရောဂါအမျိုးမျိုးဝင်လာမည်။ ရုပ်ခန္ဓာကိုယ်ကြံ့ခိုင်စေရန် လိုအပ်သော ဆေးဝါး၊ အစားအစာတို့ကို အမြန်စားသုံးရပေလိမ့်မည်။

ထို့အတူ စိတ်ဓာတ်ခွန်အားချည့်နဲ့လာလျှင် မကောင်းသောစိတ်၊ မကောင်းသောအပြုအမူများ၊ မကောင်းသော စရိုက်များ ကိန်းအောင်းလာမည်ဖြစ်၏။ ထိုအခါ စိတ်ဓာတ်ခွန်အားကို ပြန်ပြည့်ရန်ကား အခြားမရှိ။ စိတ်နှလုံး၏အာဟာရ စာပေခွန်အားကို ဖြည့်ဆည်းပေးလျက် စာဖတ်ခြင်းအလုပ်ကို စဉ်ဆက်မပြတ် ရှင်သန်အပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် အောက်တိုဘာ ၇

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ထင်သာမြင်သာ ပြုပြင်စရာ

မြေထိန်းနံရံပြိုကျမှု အမြန်ဆုံးထိန်းသိမ်းပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ မြို့မ(၁) အုပ်စုကျောင်းတောင်ရပ်ကွက်ရှိ ရွှေနဒီဇေည့်ရိပ်သာနှင့် ချင်း

တွင်းမော် ဧည့်ရိပ်သာရှေ့မျက်နှာစာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ်သိန်း ၁၆၀ဖြင့် အရှည်ပေ ၁၂၀ ရှိသည့် မြေထိန်းနံရံကို မြစ်ကြောင်းထိန်းသိမ်းရေးအဖွဲ့က ဇူလိုင် ၁၀ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ထိုသို့ ဆောက်လုပ်ပြီးစီးခဲ့သော်လည်း မိုးများရွာသွန်းမှုကြောင့် စက်တင်ဘာလတွင် အက်ကြောင်းများ စတင်ဖြစ်ပေါ်လာပြီး စက်တင်ဘာ ၃၀ ရက်တွင် ပြိုကျပျက်စီးခဲ့သည်။ အဆိုပါမြေထိန်းနံရံကို တိုင်းဒေသကြီး အစိုးရ၏ ရန်ပုံငွေကျပ် သိန်းပေါင်းများစွာ အကုန်အကျခံ ဆောက်လုပ်ခဲ့သော်လည်း ဆောက်လုပ်ပြီးစီးချိန်မှ သုံးလအတွင်း ပြိုကျပျက်စီးခဲ့သည်။ ယင်းသို့ ပြိုကျပျက်စီးသွားသော်လည်း သက်ဆိုင်ရာဌာနမှ လာရောက်ပြုပြင်ပေးခြင်း၊ မြေသားများ ပြန်လည်ဖို့ပေးခြင်း မရှိသည်မှာ တစ်လကျော်ကြာခဲ့ပြီဖြစ်သည်။ ယခုအချိန်တွင် မိုးများ ပိုမိုရွာသွန်းခြင်းကြောင့် မြေသားများ ပြိုကျခြင်း၊ အိကျခြင်းများ ဆက်လက်ဖြစ်ပေါ်လာခဲ့ရာ အဆိုပါလမ်းသည် သုံးဘီးယာဉ် တစ်စီးစာ လောက်သာသွားလာ၍ ရသည်အထိ လမ်းကျဉ်းမြောင်းလာမှုကြောင့် ပြည်သူများအတွက် အန္တရာယ်အလွန်များပါသည်။ ထို့ကြောင့် မြေထိန်းနံရံပြိုကျမှု၊ မြေကျွံကျမှုများကို အမြန်ဆုံး ပြန်လည်ပြုပြင်ပေးစေလိုကြောင်းပြည်သူများ၏ကိုယ်စားတင်ပြလိုက်ရပါသည်။ **မော်လိုက်သားလေး**

အသိပညာပေးဟောပြော

ကသာ အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလအတွင်း၌ကသာခရိုင် ခုနစ်မြို့နယ်အတွင်းကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်တွင် ကလုံကျေးရွာ၌တောအုပ်ကြီး ဦးအင်ထင်နော်ကလည်းကောင်း၊ ကောလင်းမြို့နယ်တွင် တောအုပ်ကြီး ဦးသန်းနွယ်ကလည်းကောင်း၊ ထီးချိုင့်မြို့နယ် ကွမ်းတုံကျေးရွာတွင် ဦးစီးအရာရှိဦးမင်းနိုင်ကလည်းကောင်း၊ ပင်လည်ဘူးမြို့နယ် ချောင်းပေါက်ကျေးရွာတွင် တောအုပ် ဦးမျိုးသန့်ကလည်းကောင်း၊ ဗန်းမောက်မြို့နယ် ပေပင်ကျေးရွာတွင် တောအုပ် ဦးစန်းလှိုင်ကလည်းကောင်း၊ ဝန်းသိုမြို့နယ် ဝင်းကြီးကျေးရွာတွင် ဦးစီးအရာရှိ ဦးသိန်းသန်းထွန်းကလည်းကောင်း၊ အင်းတော်မြို့ ကုန်းခါးကျေးရွာတွင် တောအုပ်ကြီး ဦးစောတင်ဝင်းကလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **လှအောင်(ကသာ)**

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

လက်မှုလယ်ယာမှ စက်မှုလယ်ယာဆီသို့ တစ်စိတ်တစ်ပိုင်း

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ ယင်းအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီတိုးတက်သော စက်မှုလယ်ယာစနစ်ဆီသို့ ကူးပြောင်းရန် ယခုအခါ နိုင်ငံတော်က တွန်းအားပေးနေပြီဖြစ်သည်။ ကျွဲနွားတို့ဖြင့် လယ်မြေထွန်ယက်ရာမှ အချိန်မကုန်လူမပန်းဘဲ လယ်ထွန်စက်များဖြင့် ထွန်ယက်ခြင်း၊ လူ့စွမ်းအားဖြင့် စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့ခြင်းများ လုပ်ဆောင်ရာမှ စက်ကိရိယာများဖြင့် အစားထိုးဆောင်ရွက်ခြင်းကို ယခုအခါ တောင်သူလယ်သမားဦးကြီးများ မြို့နယ်ဒေသ၊ ကျေးရွာများတွင် တစ်ဦးစနှစ်ဦးစ

တစ်ပိုင်တစ်နိုင် ပြုလုပ်နေကြပြီဖြစ်သည်။ မိမိလယ်ယာမြေတွင် အသုံးပြုခြင်းအပြင် အခြားလယ်ယာမြေများတွင်လည်း လက်စားလိုက်စနစ်၊ အခစားစနစ်တို့ဖြင့် အပြန်အလှန် နှစ်ဦးနှစ်ဖက် အဘက်ဘက်မှ အလုပ်တွင်ကျယ်ကာ စီးပွားတိုးတက်လာနေပြီလည်း ဖြစ်သည်။

မြင်တွေ့

စက်တင်ဘာ ၃၀ ရက်က လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းဆိပ်ကမ်းဗောတံတားတွင် ဝါးခယ်မမြို့သို့ တင်ပို့သည့် စပါးခြွေလှေ့စက်ကြီး နှစ်လုံးနှင့် ပစ္စည်းကိရိယာအစုံအလင်ကို ဆိပ်ကမ်းလုပ်သားများက စက်ယန္တရားမပါဘဲ လူအင်အားဖြင့် ခက်ခက်ခဲခဲ သင်္ဘောပေါ်အရောက် သယ်မတင်နေသည်ကို တွေ့မြင်ရရာ လက်မှုလယ်ယာမှ စက်မှုလယ်ယာဆီသို့ ပြောင်းလဲဖော်ဆောင်တော့မည့် ပြယုဂ်တစ်စိတ်တစ်ပိုင်း မြင်ကွင်းအဖြစ် မြင်တွေ့လိုက်ရသည်ကို ဖော်ပြအပ်ပါသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)



ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Katja Christina Nordgaard အား ယနေ့ညနေ ၄ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံစဉ် အဆွေတော် သံအမတ်ကြီးလက်ထက်တွင် မြန်မာနိုင်ငံနှင့်နော်ဝေနိုင်ငံတို့၏ ဆက်ဆံရေး ထူးထူးခြားခြားကောင်းမွန်လာမှု၊ စီးပွားရေးပိတ်ဆို့မှုများအား နော်ဝေနိုင်ငံက ရုပ်သိမ်းပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နော်ဝေနိုင်ငံက အားတက်သရော ကူညီဆောင်ရွက်ပေးခဲ့မှု၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ လျှပ်စစ်၊ သစ်တော၊ စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များအားလုံးက လိုအပ်ချက်နှင့်အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြရန်လို နိုင်ငံတော်အစိုးရအနေဖြင့် အဖွဲ့အသီးသီး၏လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် အောက်တိုဘာ ၈ ရက်မှ ၁၀ရက်အထိ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် လေ့လာသူများအဖြစ် တက်ရောက်ကြမည့် တိုင်းရင်းသားငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့များနှင့် ယနေ့ညနေ ၄နာရီခွဲတွင် မြစ်ကြီးနားမြို့ရှိ နန်းသီတာဟိုတယ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (အောက်ပုံ)

ထိုသို့တွေ့ဆုံရာတွင်ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်၊ ကာကွယ်ရေးစစ်ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ KNU ၊ RCSS/SSA/ UWSA၊ ABSDF/ MNSP၊ PLNO၊ SSPP၊ PSLF / TNLA၊ CNF နှင့် NDAA စုစုပေါင်းအဖွဲ့ ၁၀ ဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များအားလုံးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များအားလုံးပါဝင်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲကြီးကျင်းပပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးအဖွဲ့များအားလုံး သဘောတူလက်ခံသည့် အခြေခံသဘောတူညီချက်များ ရရှိအောင်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များအားလုံးက မိမိတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြရန် အထူးလိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်အစိုးရအနေဖြင့် အဖွဲ့အသီးသီး၏ လိုအပ်ချက်နှင့် အခက်အခဲများကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့ကိုယ်စားလှယ်များက အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရေးနှင့် ဖက်ဒရယ်ဆိုင်ရာကိစ္စရပ်များအပေါ် အဖွဲ့အလိုက် ကိုယ်စားလှယ်များက ၎င်းတို့၏ သဘောထားနှင့်အမြင်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးကို နိုင်ငံတော်သမ္မတ၊ တပ်မတော်၊ တိုင်းရင်းသား ငြိမ်းရေးအဖွဲ့များအားလုံးနှင့် ပြည်သူအားလုံးက လိုလားတောင့်တပြီး နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ခံကာ ငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်သူ အားလုံးက ကောင်းမွန်စွာ ဆောင်ရွက်ကြလျှင် အားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

❄ ရှေ့ဖုံးမှ

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကျင်မြို့အရှေ့ဘက် တောင်စွယ်ပေါ်ရှိ အရှေ့မဟာဗုဒ္ဓဘုရားကြီး၌ နံနက်အရုဏ်တက်ချိန်မှစ၍ ရွှေကျင်မြို့နယ်အတွင်းနှင့် ရပ်ဝေးမှ ဘုရားဖူးပြည်သူများက သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းတော်ကြီးတင်လှူပွဲကိုလည်း ကျင်းပကြသည်။

ပွဲတော်၏ အထွတ်အထိပ်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ နံနက်ပိုင်းမှစတင်ကာ ရွှေကျင်ချောင်းအတွင်း၌ တက်ခုတ်ယိမ်း၊ တက်ပျံယိမ်း၊ ယိမ်းအဖွဲ့၊ ကရင်ရိုးရာဒိုးယိမ်း၊ ရှမ်းတိုင်းရင်းသား ရိုးရာအက အဖွဲ့များက စက်တပ်လှေဖောင်များဖြင့် ကပြဖျော်ဖြေပြိုင်ပွဲဝင်ကြသည်ကို ဒေသခံတိုင်းရင်းသားများနှင့် ပွဲတော်လာပရိသတ်များက ကမ်းလုံးညွတ်မျှ ကြည့်ရှုအားပေးအထူးစည်ကားလျက်ရှိမှုကို တွေ့ရမည်ဖြစ်သည်။

ယင်းနေ့ ညနေ ၄ နာရီမှစ၍ ဗဟိုမဏ္ဍပ်၌ ယိမ်းပြိုင်ပွဲအသီးသီးနှင့် တက်ခုတ်၊ တက်ပျံယိမ်းပြိုင်ပွဲများမှ ဆုရရှိသည့်အသင်းများအား နှစ်စဉ်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပေးပြီး ညနေ ၆ နာရီတွင် မီးမျှောပူဇော်ပွဲမစတင်မီ လှော်ကားတော်ကြီးလှေက ဦးဆောင်၍ ရှင်ဥပဂုတ္တမထေရ်မြတ် စံမြန်းတော်မူသည့် ကရဝိက်ဖောင်တော်သည် ဝတ်ရွတ်အသင်းဝင်လှေများ ခြံရံကာ ရွှေကျင်ချောင်းထက်အောက်သို့ လက်ယာရစ်သုံးကြိမ်လှည့်လည် အပူဇော်ခံခြင်းများကို ဆောင်ရွက်သည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေချမ်းနေခြည်အကျ မှောင်စပျိုးချိန်တွင် ရွှေကျင်ချောင်း၏ မှန်သားပြင်တမျှ ကြည်လင်ငြိမ်သက်သောရေအလျဉ်တွင် မီးမျှောပူဇော်ခြင်းတို့ကြောင့် ထူးခြားသည့်အသွင်ဆောင်လျက်ရှိသည်။

ထို့အပြင် မီးမျှောပွဲတော် ကျင်းပသည့်ကာလအတွင်းပွဲတော်၏ ဝေယျာဝစ္စလုပ်ငန်းများကို ဒေသခံကျေးရွာများမှ ကုသိုလ်ယူဆောင်ရွက်ပေးနိုင်ပြီး ဒေသခံပြည်သူများအတွက် ပစ္စည်းများ ရောင်းချဖလှယ်နိုင်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ကုန်ပစ္စည်းများကို လာရောက်ရောင်းချခြင်းကြောင့် ကုန်ပစ္စည်းများ စုံလင်စွာဝယ်ယူနိုင်ခြင်း၊ အနီးအနားရှိ ကျေးရွာများမှ လုပ်သားပြည်သူများ ကုန်ပစ္စည်းများကို စုံလင်စွာဝယ်ယူနိုင်ခြင်း၊ အနီးအနားရှိ ကျေးရွာများမှ လုပ်သားပြည်သူများသည် ပွဲတော်ကာလအတွင်း အလုပ်များ ရရှိလုပ်ကိုင်နိုင်ခြင်း၊ ပွဲတော်ခင်းကျင်းစဉ်ကာလအတွင်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့နှင့် ဦးစီးကျင်းပရေးကော်မတီအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှု၊ မီးဘေးလုံခြုံရေး၊ ပွဲတော်လုံခြုံရေးတာဝန်များချထားပေးသဖြင့် မီးမျှောပူဇော်ပွဲသို့ လာရောက်သည့် ပြည်သူများအတွက် စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးနိုင်ခြင်းနှင့် ပွဲတော်တစ်ခုလုံး သန့်ရှင်းကျန်းမာမှုရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း တွေ့ရပေသည်။

ထို့ကြောင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူး ပြည်သူအပေါင်းသည် မိသားစုအလိုက် ပျော်ရွှင်စွာဖြင့် ကုသိုလ်လည်းရ၊ အပန်းလည်းဖြေနိုင်ရန် ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်သို့ ဘုရားဖူးကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

❀ *ကျောဖုံးမှ*

အခမ်းအနားတွင် မဟာမြတ်မုနိကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသာလင်္ကာရထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်ထံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့ အမှူးပြုသော ဧည့်ပရိသတ်များက သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာမြတ်မုနိကျောင်းတိုက် ဆရာတော်ထံမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး တပ်မတော်အရာရှိကြီးများက ဒေသဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံ ကျောက်စာတိုင်များကို ရွှေသင်္ကန်းကပ်လှူ၍ အမွှေးနံ့သာရည်များပက်ဖျန်းပြီး စိုက်ထူကြသည်။

ကျောက်စာတိုင်များစိုက်ထူ

အဆိုပါ ရွှေတိဂုံစေတီရင်ပြင်တော်နှင့် ဓမ္မာရုံတော်အသစ်တွင် ဒေသဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံ ကျောက်စာတိုင် ၂၀၀၀ စိုက်ထူသွားမည်ဖြစ်ပြီး ၂၀၁၂ ခုနှစ် မေလမှ စတင်စိုက်ထူခဲ့ရာ ရင်ပြင်တော်ပေါ်၌ ကျောက်စာတိုင် ၃၂၀ စိုက်ထူပြီးစီးခဲ့သည်။ ယနေ့တွင် ဓမ္မာရုံအတွင်း ကျောက်စာတိုင် ၃၀ အား စိုက်ထူနိုင်ခဲ့ကာ ကျန်ရှိသည့် ကျောက်စာတိုင်များကို ဆက်လက်စိုက်ထူသွားမည်ဖြစ်သည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် မဟာမြတ်မုနိကျောင်းတိုက်သို့သွားရောက်၍ ဘုရားအားပန်း၊ ရေချမ်းကပ်လှူပူဇော်ပြီး ဆရာတော်ထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေသဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံ ကျောက်စာတိုင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

လုံးပတ် တစ်ပေ၊ အရှည် ၁၀ ပေခန့်ရှိ စပါးကြီးမြွေ ပြင်ဦးလွင်၌ဖမ်းဆီးရမိ

ပြင်ဦးလွင် အောက်တိုဘာ ၇

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁) ၁၃ ညံကွဲရပ် သမိုင်းဝင်မဟာရွှေမြင်တင်ဘုရားအနီး မြောက်ဘက်လျှိုအတွင်းမှ လုံးပတ်တစ်ပေ၊ အလျား ၁၀ ပေခန့်ရှိ ရှားပါးစပါးကြီးမြွေကြီးတစ်ကောင်ကို အောက်တိုဘာ ၆ ရက် ညတွင် ၎င်းဘုရားအနီးရှိ အိမ်ရှင် ဦးကျော်ပိုင် နေအိမ်အနီး၌ ဖမ်းဆီးရရှိသဖြင့် ရပ်ကွက်ကြီး(၁) အုပ်ချုပ်ရေးမှူး ဦးမြသောင်းထံသို့ လာရောက် အကြောင်းကြားခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုလက်ခံရယူပြီး ရွှေမြင်တင်ဘုရားသို့ သယ်ဆောင်ကာ ခေတ္တထိန်းသိမ်းထားခဲ့သည်။ ၎င်းမြွေကြီးအား ဖမ်းဆီးခဲ့ကြသော ဦးအောင်မင်းနှင့် အဖွဲ့ဝင်ကိုးဦးတို့အား မြန်မာ့အလင်းသတင်းထောက်က တွေ့ဆုံမေးမြန်းခဲ့ရာတွင် အောက်တိုဘာ ၆ ရက် ည ၉ နာရီခွဲတွင် ရွှေမြင်တင်ဘုရားဘက်မှ ၎င်းတို့အိမ်ဘက်သို့ ထိုစပါးကြီးမြွေကြီး ရောက်ရှိလာသည်ကို တွေ့မြင်ရာမှ အခြားသူများလက်သို့ ရောက်ရှိသွားလျှင် မြွေကြီး၏ အသက်အန္တရာယ် ထိခိုက်မည်စိုးသဖြင့် လည်းကောင်း၊ မြွေကြီးသည် ပြင်ဦးလွင်ဒေသ၌ လွန်စွာရှားပါးသောကြောင့် လည်းကောင်း မိမိတို့အဖွဲ့ဝင်ကိုးဦးက လှောင်အိမ်အတွင်းသို့ မောင်းသွင်း ထိန်းသိမ်း၍ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်အပ်နှံ ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။

ယခင်က ပြင်ဦးလွင်မြို့တွင် အရွယ်အစားသေးငယ်သော လင်းမြွေမျိုးကိုသာ တွေ့မြင်ဖူးခဲ့ကြပြီး ယခု စပါးကြီးမြွေကြီးသည် ထူးဆန်းရှားပါးသောကြောင့် ပြင်ဦးလွင်မြို့မှ ဒေသခံများစွာ လာရောက်ကြည့်ရှုကြသည်။ **(အောက်ပုံ)** အဆိုပါ မြွေကြီးအား သမိုင်းဝင်မဟာရွှေမြင်တင်ဘုရားကြီးတွင် ခေတ္တထိန်းသိမ်းထားပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ဆက်လက်တာဝန်ယူ ထိန်းသိမ်းသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **(၁၄၇)**

❊ *ကျောဖုံးမှ*

ယှဉ်ပြိုင်ရမယ့်ပွဲအတွက်ပဲ စိတ်အာရုံထားပြီး ကျန်းမာရေးနဲ့ ခန္ဓာကိုယ်လေ့ကျင့်မှုတွေအပြင် ဗဟုသုတအတွက် ပြင်ဆင်လေ့ကျင့်နေပါတယ်" ဟု မိုးစက်ဝိုင်က ဖြေကြားသွားသည်။

လောလောဆယ်တွင် ရရှိသည့်အချိန်အတွင်း ကျန်းမာရေးနှင့်ခန္ဓာကိုယ်လေ့ကျင့်မှုများကို ပြုလုပ်နေပြီး ဗဟုသုတအတွက် စာပေလေ့လာမှုများ ပြုလုပ်လျက်ရှိသည်။ ရုရှားနိုင်ငံ မော်စကိုမြို့သို့ ပြိုင်ပွဲဝင်ရန် မြန်မာနိုင်ငံမှ အောက်တိုဘာ ၁၆ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။

မိုးစက်ဝိုင်သည် ရုရှားနိုင်ငံ မော်စကိုမြို့တွင် နိုင်ငံတကာမှ ပြိုင်ပွဲဝင်အလှမယ်များအား မြန်မာနိုင်ငံနှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်အကြောင်းများကိုလည်း ပြောပြနိုင်ရေး ကြိုးစားသွားမည်ဖြစ်သည်။ လောလောဆယ်တွင် မိုးစက်ဝိုင် အနေဖြင့် ကြော်ငြာရိုက်ကူးခြင်းများပြုလုပ်မည်မဟုတ်ဘဲ ပြိုင်ပွဲအတွက်သာ အာရုံစိုက်ပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မိုးစက်ဝိုင်သည် Miss Universe Myanmar 2013 အလှမယ်ဆုအတွက် Hello Madam Media Group မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ အပြင် Miss Famous ဆုအတွက် ငွေကျပ် ၁၀ သိန်း၊ Miss Healthy Skin ဆုအတွက် ငွေသားကျပ် ခြောက်သိန်းနှင့် အလှကုန်ပစ္စည်းများကိုလည်း ချီးမြှင့်ခဲ့သည်။ ထို့အတူ Miss Universe Myanmar 2013 ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် အလှမယ်အေးချမ်းမိုးကိုလည်း ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့သည်။

ငါးလှော်မှ ပြုတ်ကျသူ ဒဏ်ရာရရှိ

ရန်ကုန် အောက်တိုဘာ ၇

အောက်တိုဘာ ၇ ရက် နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး မြောက်ရပ်ကွက် ဒေါ်သိန်းတင်လမ်း၌ အထပ်မြင့်တိုက်ပေါ်မှ အမျိုးသမီးတစ်ဦးပြုတ်ကျဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၇ ရက် နံနက် ၅ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး မြောက်ရပ်ကွက် ဒေါ်သိန်းတင်လမ်းရှိ ငါးလှော်နေ မဇင်ယွမ်းဟွဲသည် နေမကောင်းသဖြင့် နေအိမ်နောက်ဘက် ပြူတင်းပေါက်မှ အော့အန်စဉ် အရှိန်လွန်ကာ နောက်ဖေးလမ်းကြားသို့ ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာများရရှိပြီး ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

မုတ်သုံလေဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၇

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မိုး/ဇလ)**

လူကုန်ကူးမှု
တားဆီးရေး
ဝိုင်းဝန်းကူညီ
ဆောင်ရွက်ပေး

နိုင်ငံတကာသတင်း

နေတိုးလုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး အာဖဂန်၌ တိုက်ခိုက်ခံရပြီးသေဆုံး

ကဘူးလ် အောက်တိုဘာ ၇

နေတိုးဦးဆောင်သောညွန့်ပေါင်းတပ်ဖွဲ့ဝင်လေးဦးသည် အောက်တိုဘာ ၆ ရက် နံနက်စောစောပိုင်းက အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ဆင်ရေးဆောင်ရွက်နေစဉ် တိုက်ခိုက်ခံရပြီး သေဆုံးသွားကြောင်း နေတိုးအဖွဲ့က အတည်ပြုပြောကြားသည်။

အဆိုပါနိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးသည် အာဖဂန်တောင်ပိုင်း၌ စစ်ဆင်ရေးဆောင်ရွက်စဉ် ရန်သူ့လက်ချက်ဖြင့် သေဆုံးခဲ့ရကြောင်း နေတိုးအဖွဲ့၏ ကြေညာချက်တွင်ဖော်ပြသည်။

အာဖဂန်တောင်ပိုင်း၌ အမေရိကန်-ဩစတြေးလျနှင့် ဗြိတိန်တို့မှ တပ်ဖွဲ့ဝင်များ အဓိကစခန်းချတာဝန်ထမ်းဆောင်လျက်ရှိသည်။ ယင်းတိုက်ခိုက်ခံရပြီး သေဆုံးမှုအပါအဝင် ယခုနှစ်အတွင်း နေတိုးတပ်ဖွဲ့ဝင် ၁၄၀ ခန့် အာဖဂန်၌ သေဆုံးခဲ့ပြီဖြစ်သည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

ပညာသည်သာ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သီလဝခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် ဆင်းရဲနွမ်းပါးပညာသင်ဆု ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့အခမ်းအနားသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားဖြစ်ပြီး ယခုနှစ်အတွက် ပိုမိုထူးခြားသည်မှာ ဆင်းရဲနွမ်းပါး ပညာသင်ဆုပါ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးပညာသင်ဆုပေးရသည့် ရည်ရွယ်ချက်မှာ ပြည်မြန်မာတွင် ပညာရည်ထူးချွန်သည့် ပုဂ္ဂိုလ်များ များစွာလိုအပ်နေသည့်အတွက် ယခုကဲ့သို့ ဆင်းရဲနွမ်းပါးပညာသင်ဆုကို စီစဉ်ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း၊ ထို့ပြင် မိဘက ကျောင်းမထားနိုင်သည့် ကျောင်းနေအရွယ် ကလေးများ၊ ပညာကိုလိုလားပြီး ကျောင်းမနေနိုင်သည့် ကလေးများနှင့် ထူးချွန်ပြီး ကျောင်းမနေနိုင်သည့် ကျောင်းနေအရွယ် ကလေးများကို နေရာအနှံ့အပြားမှာ တွေ့မြင်နေရသည့်အတွက် ယင်းကျောင်းသားကျောင်းသူများအား ပညာရေးလောကထဲတွင် တစ်ဝက်တစ်ပျက်ဖြင့် မကျန်ရှိစေလိုခြင်းကြောင့် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

ပညာသည်သာ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်သလို ဘဝ၌ တွေ့ကြုံနိုင်သည့် ခက်ခဲသော ပြဿနာပေါင်းများစွာကို ဖြေရှင်းနိုင်မှုဖြစ်ပြီး ပညာတတ်မှသာ နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အခက်အခဲပြဿနာများကိုလည်း ရင်ဆိုင်ဖြေရှင်းနိုင်မှာဖြစ်ကြောင်း၊ တိုးတက်သောခေတ်တွင် ပညာတတ်ရုံသာမက စဉ်းစားတွေးခေါ်တတ်မှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများကို ဆောင်ရွက်နိုင်မှာဖြစ်ပြီး ယခုကတည်းက စဉ်းစားတွေးခေါ်တတ်အောင် ဆရာ ဆရာမများက ကျောင်းသားလူငယ်များကို လေ့ကျင့်သင်ကြားပေးကြရမှာ ဖြစ်ကြောင်း၊ ယခုဆင်းရဲနွမ်းပါး ပညာသင်ဆုကို ရေရှည်တည်တံ့ ခိုင်မြဲရန်အတွက် အားလုံးက မွန်မြတ်သောစေတနာဖြင့် ဝိုင်းဝန်းကူညီကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရမည်းသင်းမြို့နယ်မှ ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုချီးမြှင့်ရန် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းပြီး တစ်မြို့နယ်လုံးတွင် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းများနှင့် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ ရမည်းသင်းမြို့နယ်အတွင်း ဆင်းရဲနွမ်းပါး ပညာသင်ဆုရ ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့အား ပညာသင်ထောက်ပံ့ငွေများနှင့်ဆင်းရဲနွမ်းပါး ပညာသင်ဆုအတွက် ဒုတိယအကြိမ်အဖြစ် အလှူငွေကျပ်သိန်း ၁၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသားအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျောဖုံးမှ

အချို့သောစခန်းများတွင် သောက်သုံးရေရှားပါးမှုကို ကြုံတွေ့နိုင်သဖြင့် ဆက်လက်ဖြေရှင်းသွားရမည် ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် အရေးအခင်းလက်ရှိအခြေအနေတွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တည်ငြိမ်သင့်သလောက် တည်ငြိမ်သော်လည်း ပဋိပက္ခများကို မမျှော်လင့်သောနေရာများတွင် ပြန်လည်ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ခရီးစဉ်နှင့်တိုက်ဆိုင်ပြီး ဖြစ်ပေါ်ခဲ့သည်များကိုလည်း တွေ့ရှိရပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသား စိစစ်ရေးလုပ်ငန်းတွင် အနှောင့်အယှက်များ ရှိသော်လည်း တရားဝင်၊ တရားမဝင်ဟူသော နှစ်ဖက်အဖွဲ့အစည်းအတွင်း ရှိနေသည့် သံသယပြဿနာကို ဖြေရှင်းနိုင်ရန် စိစစ်ရေးလုပ်ငန်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ပါမှ ပြည်နယ်အရေးအခင်း၏ဇာစ်မြစ်တစ်ခုကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာက စောင့်ကြည့်ထောက်ပြနေသည့် ကိစ္စတစ်ခုလည်းဖြစ်ကြောင်း၊ စိစစ်ရေးလုပ်ငန်းမပြတ်သရွေ့ နိုင်ငံတကာက ထောက်ပြနေမှုနှင့် နှစ်ဖက်အဖွဲ့အစည်း သံသယရှိနေမှု ပြဿနာသည် ဆက်ရှိနေမည်ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေးတွင် စားဝတ်နေရေး၊ အလုပ်အကိုင်ပြဿနာကို ဖြေရှင်းပေးနိုင်မည့် ကျေးရွာ၊ နေရာများဖြစ်ပါက ပိုမိုသင့်တော်မှာဖြစ်ကြောင်း၊ သို့ရာတွင် နှစ်ဖက်အုပ်စု သဟဇာတဖြစ်စေရေး ဦးစားပေးလုပ်ဆောင်သွားရမှာ ဖြစ်ကြောင်း။

ဒုက္ခသည်ပေါင်းတစ်သိန်းကျော်၏ ကျွေးမွေးရေးကို နိုင်ငံတကာအဖွဲ့အစည်းများက ယခုနှစ်ကုန်အထိ တာဝန်ယူမည်ဟု သိရပါကြောင်း၊ လာမည့်နှစ်ဆန်းအတွက် မည်ကဲ့သို့ ဆက်လက်ဖြေရှင်း ဆောင်ရွက်သွားမည်ကို လုပ်ငန်းကော်မတီအနေဖြင့် သင့်တော်သောစီမံချက်နှင့် ပေါင်းစပ်ဆောင်ရွက်သွားနိုင်အောင် စီစဉ်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ရေမြေသဘာဝအရင်းအမြစ် ပေါကြွယ်ကောင်းမွန်သော်လည်း အခြေခံအဆောက်အအုံ မဖွံ့ဖြိုးသေးသည့်အတွက် စီးပွားရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါး နောက်ကျနေပါကြောင်း။

ယခုဖြစ်ပျက်နေသည့် ရခိုင်ပြည်နယ်အရေးအခင်းတွင် ပဋိပက္ခကို နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားဖြေရှင်းဆောင်ရွက်သော်လည်း အပြည့်အဝယုံကြည်မှုမရရှိသေးသည်မှာ တစ်ခုပါဝင်နေပါကြောင်း။

ယခုအရေးအခင်းကို ရေရှည်ဖြေရှင်းပေးမည့် လမ်းပြမြေပုံမရေးဆွဲနိုင်မှုကြောင့်ဖြစ်သည်ဟု နိုင်ငံတကာက ပြောကြပါကြောင်း၊ ထို့ကြောင့် ကျန်လုပ်ငန်းကော်မတီ (၅)ခု၏ ရေတိုရေရှည်လုပ်ငန်းစီမံချက်များကို ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီကို ပေးပို့ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း။

ဘက်စုံမဟာဗျူဟာ၏ စီမံချက်အပေါ် လုပ်ငန်းကော်မတီများက အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းအင်အားအလိုက် ရှေ့လာမည့်ကာလတွင် ဘက်စုံမဟာဗျူဟာ လုပ်ငန်းကော်မတီနှင့် ပေါင်းစည်းဖော်ဆောင်ပေးရန် လုပ်ငန်းကော်မတီများက လိုအပ်ချက်အခက်အခဲများကို တင်ပြဆွေးနွေးကြရန် ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း ကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဖော်ဆောင်တိုးတက်မှု ဆုတ်ယုတ်မှုသည် သာမန်အားဖြင့် ရခိုင်ပြည်နယ်ကွက်ကွက်လေးကို အကျိုးသက်ရောက်မည်ဟု ထင်ရသော်လည်း မြန်မာနိုင်ငံတစ်နိုင်ငံလုံးအပေါ် သက်ရောက်သော ကိစ္စဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်လများတွင် မိတ္ထီလာ၊ပြည်၊ လားရှိုး၊ ကန့်ဘလူတို့တွင် ဆူပူဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အိမ်နီးချင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ်နှင့် အာဆီယံနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ OIC နှင့် ဆက်ဆံရေး တုံ့နှေးစေခဲ့ရပါကြောင်း။

တစ်နှစ်ကျော်ကြာလာပြီဖြစ်သည့် ရခိုင်ပြည်နယ် ပဋိပက္ခ၊ ရခိုင်ပြည်နယ် မတည်မငြိမ်ဖြစ်မှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်ပါက စီးပွားရေးအနေဖြင့် မိမိတို့နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြမည့်သူများကို အထူးသဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ဝင်ရောက်စေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထိခိုက်စေပါကြောင်း၊ နိုင်ငံတော်က အင်တိုက်အားတိုက်ပြုလုပ်နေသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ထိခိုက်နှောင့်နှေးစေပါကြောင်း၊ နိုင်ငံရေးအနေဖြင့် နိုင်ငံတကာဖြစ်သည့် UN နှင့် EU မျက်နှာစာတွင် စွပ်စွဲကြသည့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူ့အခွင့်အရေးဆုံးရှုံးမှု၊ ဘာသာရေးအခြေခံလှုံ့ဆော်အားပေးမှု စသောဝေဖန်ပြောဆိုမှုများသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးစဉ်ကို အဟန့်အတားဖြစ်စေကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ကို အကန့်အသတ်ဖြစ်စေပါကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်အောင် ကြိုးစားဆောင်ရွက်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေပါကြောင်း၊ အိမ်နီးချင်းနိုင်ငံနှင့် ဆက်ဆံရေးတွင် မတိုးသာ မဆုတ်သာဖြစ်စေသည့် အဟန့်အတားတစ်ချက်ဖြစ်ကြောင်း၊ ယခုခေတ်အချိန်အခါတွင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်နိုင်ငံချင်းသီးသန့်နေ၍ မရသော ခေတ်ကာလတွင် နှစ်ဦးနှစ်ဖက်နိုင်ငံများ၏ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ရလဒ်အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေကြောင်း၊ ယခုလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများလုပ်ငန်း၏ ဆောင်ရွက်တိုးတက်မှုသည် နိုင်ငံတော်ကို အထောက်အကူပြုလုပ်ငန်းဖြစ်သည့်အတွက် ချမှတ်ထားသော လုပ်ငန်းလမ်းပြမြေပုံအတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် နိဂုံးချုပ် ပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ မိတ္ထီလာကန် အရှေ့ဘက်ကန်ရိုးတံတား ပြိုကျပျက်စီးမှုဖြစ်ပွား

မိတ္ထီလာ အောက်တိုဘာ ၇

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး ကားလမ်းမအနီးတွင် ယနေ့ည ၈ နာရီ ၃ မိနစ်ခန့်က ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ ကန်ရေတိုက်စားမှုဒဏ်ကြောင့်လည်းကောင်း မိတ္ထီလာအရှေ့ဘက် ကန်ရိုးတံတားကျိုးကျပြီး အလျား ၇၅ ပေခန့် ပြိုကျပျက်စီးမှုဖြစ်ပွားကြောင်း သိရသည်။ **(ဓါတ်ပုံ)**

“ရန်ကုန်-မန္တလေးကားလမ်းမနဲ့ မိတ္ထီလာကန်အကြား ကားလမ်းဘေးမှာ ကန်ရိုးတံတားကို တည်ဆောက်ထားတာပါ။ နံနက်စောစောဆို လမ်းလျှောက်တဲ့သူတွေနဲ့ အားကစားလေ့ကျင့်တဲ့သူတွေရှိတယ်။ အခုက ညဘက်ဖြစ်သွားတာ ကံကောင်းတယ်ပြောရမယ်။ တံတားက ပြုပြင်သင့်တာကြာပါပြီ။ ဝုန်းခနဲအသံကြားလို့ သွားကြည့်တော့ ကန်ရိုးတံတားက ငါးပေခန်း ၁၅ ခန်း ပါဝင်တဲ့အလျား ၇၅ ပေခန့် ပြိုကျပျက်စီးသွားတယ်” ဟု တံတားတည်ရှိရာ ရတနာမာရ်ရပ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ကြီးက ပြောသည်။

တံတားပြိုကျ ပျက်စီးသည့်နေရာသို့ ဒေသခံ ၄၀၀၀ ခန့် စိုးရိမ်တကြီး လာကြည့်ကြပြီး လူတစ်စုံတစ်ဦးမှ ထိခိုက်ဒဏ်ရာရရှိမှုမရှိခြင်း၊ ကားလမ်းပျက်စီးမှုမရှိခြင်းတို့ကြောင့် စိတ်အေးချမ်းသာစွာ ပြန်သွားကြသည်။ အဆိုပါနေရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး စဝ်နေလင်း၊ ဆည်မြောင်းဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ လာရောက်ကြည့်ရှုစစ်ဆေးပြီး တံတားပြုပြင်တည်ဆောက်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

တံတားပျက်စီးမှုကြောင့် ကားလမ်းကို ယာယီပိတ်ထားပြီး မန္တလေး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ တောင်ကြီး၊ ရန်ကုန်မြို့များဘက်မှ ဖြတ်သန်းမောင်းနှင်လာသည့် ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်မော်တော်ယာဉ်များ အခြားရှောင်ကွင်းလမ်းများမှ ခရီးစဉ်မပြတ်ဖြတ်သန်းသွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ
သိမှတ်စရာ ကြိုတင်လေ့လာပါ

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အပြိုင်အဆိုင်ပေါ်ထွန်းလာရေး နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၇

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးစတုတ္ထနေ့ကို အစီအစဉ်(၉)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၏ **လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်းသားများ၏ပြဿနာကို မျှတသော စစ်ဆေးမှု၊ အသင်းပိုင်မြေနှင့် အဆောက်အအုံကို လေလံပစ်ရောင်းချမှုတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်းကို ၁၉၉၂ခုနှစ် သမဝါယမအသင်း ဥပဒေနှင့်အညီ ၁၉၉၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပြန်လည်ဖွဲ့စည်းထားသည့် သမဝါယမအသင်းတစ်သင်းဖြစ်သည့်အတွက် အသင်းရှိမြေနှင့်အဆောက်အအုံသည် အသင်းသားများပိုင်မဟုတ်ပါကြောင်း၊ ပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေ (Common Restructuring Fund-CRF) နှင့် ပစ္စည်းများကို အသင်း၏လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်စေရန်အတွက် အသင်းသို့ ဆက်လက်သုံးစွဲခွင့်ပေးထားခဲ့ခြင်းသာ ဖြစ်ပါကြောင်း။

တိုင်ကြားမှုအပေါ် စစ်ဆေးတွေ့ရှိချက်များအရ သမဝါယမအသင်း၏ စာရင်းရှင်းလုပ်ငန်းများ ပြီးပြတ်ရေးအတွက် ပေးရန်၊ ရရန်များကို ရှင်းလင်းဆောင်ရွက်ခဲ့ရာ လေလံကြီးကြပ်အဖွဲ့ ဖွဲ့၍ လုပ်အားရတနာဖိနပ်ချုပ် ကုန်ထုတ်သမဝါယမအသင်းလီမိတက်ကို သမဝါယမအသင်း မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့ပြီး ပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေများကို ဗဟိုသမဝါယမအသင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းအဆင့်ဆင့်သို့ ၂၀၁၁ ခုနှစ် ဇွန်လ ၁၉ ရက်တွင် ပွင့်လင်းမြင်သာစွာ ကြော်ငြာ၍ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း။

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

သို့ဖြစ်ပါ၍ လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်းသည် ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော်လည်း ၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေပုဒ်မ ၃၇(ခ)အရ ပြန်လည်ဖွဲ့စည်းထားခြင်း၊ ပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေပိုင်အဆောက်အအုံ ငှားရမ်းခ ရငွေများအား အသင်းအမှုဆောင်အဖွဲ့သာ အကျိုးအမြတ်ခံစားခဲ့ခြင်း၊ အသင်းအား ၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေပုဒ်မ ၂၅ အရ စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ရာတွင် စာရင်းရှင်းတာဝန်ခံမှ လေလံတင် ထုခွဲရောင်းချခဲ့သော ပစ္စည်းများသည် အသင်းသားပိုင်မဟုတ်ဘဲ CRF ပိုင်သဖြင့် စာရင်းရှင်းပိုလျှံငွေများအား CRFရန်ပုံငွေသို့ ပေးသွင်းခဲ့ခြင်း၊ CRF ရန်ပုံငွေများကိုလည်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် ဗဟိုသမဝါယမအသင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းများသို့ ပြန်လည်ပေးအပ်ပြီးဖြစ်ခြင်း၊ အဆိုပါသမဝါယမအသင်းလီမိတက်အား သမဝါယမအသင်းမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ခြင်းတို့ကြောင့် ပြန်လည်ပေးအပ်ရန်မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားချက်နှင့် ပတ်သက်၍ **သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက** "ကျွန်တော့်အနေနဲ့ကတော့ ဒုတိယဝန်ကြီးရဲ့အဖြေကို ရပေမယ့် တစ်ဖက်က လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ်ရှယ်ယာရှင်တွေကို နားလည်သဘောပေါက်အောင်ရှင်းပြဖို့အတွက် ဥပဒေတွေကိုပြန်လည်လေ့လာရဦးမှာပါ။

ပြောရမယ်ဆိုရင် သမဝါယမအသင်းကိုစပြီး ရှယ်ယာရှင်တွေဝယ်တဲ့ ဈေးနှုန်းက နှစ်သိန်းခွဲသာရှိခဲ့တယ်။ အခုက တန်ဖိုးနဲ့ဆိုရင် အဆများစွာကွာခြားသွားပြီ။ အဲဒါကို ရောင်းချပြီးရင် ဟိုတုန်းက ရှယ်ယာဈေးနှုန်း

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

အတိုင်းသာ ပြန်လည်ရရှိနိုင်မယ်ဆိုတော့လည်း မလွယ်ဘူးပေါ့။ သို့သော် ဥပဒေကတော့ သူ့ဘာသာသူ ရှိနေမှာပါ။ အဓိကကတော့ လိုအပ်တဲ့ဥပဒေတွေကို ပြင်ဆင်ပြဋ္ဌာန်းဖို့လိုတာပါ" ဟု ပြောပြခဲ့သည်။

ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **လယ်ယာသုံးစက်ကိရိယာများအား တောင်သူများသုံးစွဲနိုင်ရန် ဈေးနှုန်းများလျှော့ချရေး** မေးခွန်းနှင့် စပ်လျဉ်း၍လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြည်တွင်း၌ လယ်ယာသုံးစက်ကိရိယာဈေးနှုန်းများ မော်တော်ကားကဲ့သို့ သိသိသာသာ မကျဆင်းရခြင်းမှာ လယ်ယာသုံး စက်ကိရိယာများ ရောင်းချရာတွင် အဆိုပါစက်ကိရိယာ၏ ပြည်ပစက်ရုံမှ ဝယ်ဈေးနှုန်းပေါ်တွင် သယ်ယူပို့ဆောင်ခ၊ သဘော်တင်ခ၊ အခွန်အခများ၊ ကုမ္ပဏီ၏ သင့်တော်သော အမြတ် အစရှိသည်တို့ကို ပေါင်း၍ ခေတ်အဆက်ဆက် တစ်သမတ်တည်း သတ်မှတ်လာခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ လယ်ယာသုံး စက်ကိရိယာအတွက် သတ်မှတ်ကုန်သွယ်ခွန်နှုန်းထားမှာ စက်တန်ဖိုး၏ငါးရာခိုင်နှုန်းဖြစ်ပြီး ကုန်သွယ်ခွန်ပေးဆောင်ရန် မလိုအပ်သည့်အတွက် ဈေးနှုန်းမှာ ငါးရာခိုင်နှုန်းသာ လျှော့ကျနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ပြုခဲ့သော်လည်း ပြည်ပငွေလဲလှယ်နှုန်းများ ပြောင်းလဲမှု ဖြစ်ပေါ်လာသဖြင့် လယ်ယာသုံး စက်ကိရိယာရောင်းဈေးနှုန်းများ သိသိသာသာ လျှော့ကျမှုမရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ လယ်ယာသုံးစက်ကိရိယာဈေးနှုန်းများ လျှော့ကျနိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာထုတ်လုပ်သည့်စက်ရုံကြီးများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံတည်ထောင်လာရေး၊ အရည်အသွေးကောင်း လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီကြီးများ အပြိုင်အဆိုင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အပြိုင်အဆိုင် ပေါ်ထွန်းလာရေးတို့ကို နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဝန်ကြီးဌာနတို့မှ အရစ်ကျပေးချေသည့်စနစ်ဖြင့် တောင်သူများ ဝယ်ယူသုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄)ကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကိုတင်သွင်းခဲ့ပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်ခင်ဌေးကြွယ်က ဖတ်ကြားရှင်းလင်းခဲ့သည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်ရပ်နားခဲ့ပြီး အစည်းအဝေးပဉ္စမနေ့ကို အောက်တိုဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်စွာ လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည်

နေပြည်တော် အောက်တိုဘာ ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးမင်းဦး၏ **"ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေးလမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားရာတွင် လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုရန်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဥပဒေကို တိတိကျကျကျင့်သုံးလိုက်နာတာဝန်ခံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံစေရန် လယ်ယာမြေများကို အကြောင်းကြောင်းကြောင့် အခြားနည်းလမ်းအသုံးပြု၍ လျော့နည်းမှုများကို ဥပဒေနှင့် ညီညွတ်စွာ ထိန်းသိမ်းနိုင်ရေးနှင့် ယခင်အစိုးရကာလက ယခင်ကာလ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် လက်ရှိအစိုးရကာလတွင် ဖြေရှင်းမပြီးပြတ်သေးသော လယ်ယာမြေပြဿနာများကို လေးနက်စွာ သင်ခန်းစာယူပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူနေကြသူများအနေဖြင့် ဥပဒေနှင့် မညီညွတ်သော လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုမှုများ မပေါ်ပေါက်စေရေးအတွက် တိတိကျကျ လိုက်နာကျင့်သုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ၆-၈-၂၀၁၃ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ် သတင်းစာတွင် ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လိုအပ်သည့်စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူမှုများဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၅-၅-၂၀၁၃ ရက်စွဲပါ စာအမှတ် ၄/၂၂၀ (ဂ)(၆) (၆၃၀/၂၀၁၃)ဖြင့် တင်ပြဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၉-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၇၉၅/၃၄၉-၁-၁၉ / အဖရ (၂၀၁၃)ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အားလုံးထံသို့ "လက်ရှိအချိန်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အချို့မြို့ကြီးများတွင် လယ်ယာမြေအား အခြားနည်းဖြင့် သုံးစွဲခြင်းကို ဥပဒေမဲ့ဆောင်ရွက်နေကြောင်း တင်ပြစာများအရ သိရှိရပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က ကွပ်ကဲမှုနယ်မြေအလိုက် ဥပဒေမဲ့ဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြကြရန်နှင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေများနှင့်ကိုက်ညီမှုမရှိသည့် အသုံးပြုဆောင်ရွက်ထား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြေကြားစဉ်။(သတင်းစဉ်)

ရှိမှုများအပေါ်တွင် မြေပြင်စစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်ညီညွတ်စွာ အရေးယူ ဆောင်ရွက်သွားကြရန်" ညွှန်ကြားထားပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းကိစ္စနှင့်စပ်လျဉ်း၍ မိမိ၏မဲဆန္ဒနယ် ရမည်းသင်းဒေသတွင်လည်း အလားတူလယ်ယာမြေများကို မြေဖို့၍ အထူးသဖြင့် ဓာတ်ဆီဆိုင်များ မှိုလိုပေါက်ပြီး တစ်ခုပြီးတစ်ခု ပေါ်ထွက်လာသည်ကို တွေ့ရပါကြောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်းကြားတွင် ဓာတ်ဆီဆိုင်လုပ်ငန်းများ ထွန်းကားလာသည့်အတွက် လယ်ယာမြေများကို ဥပဒေမဲ့သုံးစွဲပြီး တရားဝင်ခွင့်ပြုချက်မရှိဘဲ သုံးစွဲသည့်ကိစ္စများမှာ အမြောက်အမြားရှိမည် ထင်ပါကြောင်း၊ ယခုလည်း ပဲခူးတိုင်းဒေသကြီးတွင် (၄၅၀)လောက်ရှိသကဲ့သို့ မန္တလေးတိုင်းဒေသကြီးတွင်လည်း ရှိနိုင်မည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ချက်များကို ဦးမင်းဦး တင်ပြသကဲ့သို့ အရေးယူစရာများရှိပါက အမြန်အရေးယူတားဆီးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တရားဝင်ခွင့်ပြု၍ရနိုင်သည့်နေရာများတွင် ခွင့်ပြုနိုင်ပြီး လိုအပ်ချက်တစ်ရပ်အနေဖြင့်လည်း ခွင့်ပြုနိုင်ပါကြောင်း၊ သို့သော်လည်း မြေအမျိုးအစား ခွဲခြားရမည်ဖြစ်ပါကြောင်း၊ စိုက်၍ပျိုး၍မရသည့် မြေမျိုးဖြစ်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့မဟုတ်ဘဲ လုပ်ချင်သလို လုပ်နေသည့်သဘော ဖြစ်လာပါကြောင်း၊ ပြည်ထောင်စုနေ့စဉ် သတင်းစာတွင် ဖော်ပြပြီးဖြစ်ကြောင်းကို ရှင်းလင်းသွားပါကြောင်း၊ ပြည်ထောင်စုနေ့စဉ် သတင်းစာသည် ပါတီကထုတ်ဝေသည့် သတင်းစာဖြစ်ပါကြောင်း၊ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းဖော်ပြရမည် ဖြစ်ပါကြောင်း၊ ယင်းကိစ္စများကို တိုင်းဒေသကြီး အစိုးရအဖွဲ့များက ဆောင်ရွက်သကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့်လည်း အမြင်မတော်သည်များကို တွေ့ရှိပါက ချက်ချင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယင်းဝန်ကြီးဌာနသည် လယ်ယာထွက်ကုန်နှင့်ပတ်သက်လျှင် တာဝန်အရှိဆုံးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆုံးဖြတ်ခဲ့

ဦးမင်းဦး၏မေးခွန်းသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကိုဖော်ဆောင်သည့် မေးခွန်းဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၂၂ အရ မေးမြန်းသည့် လုံးကောက်၊ ဖြေကြားသည့် လုံးကောက်နှင့် ဥက္ကဋ္ဌ၏ပြော

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးမင်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ကြားချက်တို့ကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းသည့်အပြင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင်လည်းဖော်ပြရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

မေးခွန်းရှင် ဦးမင်းဦးက "ကျွန်တော်မေးခဲ့တဲ့ မေးခွန်းမျိုးကို အရင်ကလည်း လွှတ်တော်ကိုယ်စားလှယ်အချို့ မေးခဲ့ဖူးပါတယ်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ဘေးမှာ ဈေးဆိုင်တွေ၊ အိမ်တွေ ဆောက်ထားတာ တွေ့ရပါတယ်။ အချို့အိမ်တွေဆိုရင် လယ်ကွင်းထဲမှာဖြစ်နေတယ်။ ဒါ့အပြင် အုတ်တံတိုင်းတွေလည်း ခတ်ထားတယ်။ ဘာကြောင့် လယ်ကွင်းထဲမှာ အိမ်တွေဆောက်ခွင့် ပေးထားတာလဲ။ လယ်ယာမြေကို လုပ်ပြီး ခြံစည်းရိုးခတ်ထားတယ်။ အဲဒါတွေက လယ်မြေတွေကို နောင်တချိန် အိမ်ခြံမြေအဖြစ် ရောင်းချနိုင်ဖို့ ကြိုတင်စီစဉ်ထားတာပါ။ ဒါတွေက ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးက ပြဋ္ဌာန်းပေးထားတဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနဲ့ ညီညွတ်မှုရှိရဲ့လားလို့ ဆိုတာနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့ရခြင်းဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်၏ **"မူဆယ်မြို့နယ်အတွက် လုံခြုံရေးအင်အား တိုးမြှင့်ချထားပေးရန်နှင့်အတူ ရဲတပ်ဖွဲ့ဝင်တို့အား နိုင်ငံတကာအဆင့်မီ ခေတ်မီလက်နက်များ တပ်ဆင်ပေးပြီး နယ်စပ်ဂိတ်တိုင်းကို ခေတ်မီအောင် ပြန်လည်တည်ဆောက်ပေး၍ ခေတ်မီထောက်လှမ်းမှု အထောက်အကူပစ္စည်းများ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့်အညီ ခေတ်မီရဲတပ်ဖွဲ့ ဖြစ်လာစေရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံများအား

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ထိုင်းနိုင်ငံ Amata ကော်ပိုရေးရှင်းအမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံ Amata ကော်ပိုရေးရှင်းအမှုဆောင်အရာရှိချုပ် Mr. Vikrom Kromadit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ သတ္တုနှင့်သယံဇာတရေးရာ ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော်ကော်မတီအဖွဲ့ဝင် ဦးဖေသောင်း၊ ဦးလှမောင်၊ ဦးစောသန်းထွန်း၊ ဦးမောင်ကျား၊ ဦးလှစိုး၊ ဦးသော်ဇင်ဦးနှင့် ဦးစိုင်းကျော်ဇောသန်းတို့ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် Amata ကော်ပိုရေးရှင်းအနေဖြင့် မြန်မာနိုင်ငံနှင့်ပူးပေါင်းကာ စက်မှုဇုန်တည်ဆောက်ရေး လုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာများ၊ ထိုသို့ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိနိုင်မည့် နည်းပညာများဖြင့် ဆောင်ရွက်သွားရေးဆိုင်ရာများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများနှင့် မြန်မာ-ထိုင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ ကြီးပွားတိုးတက်အောင်မြင်စေရေး၊ နှစ်နိုင်ငံပြည်သူချင်း ပိုမိုရင်းနှီးချစ်ခင်မှုပေါ်ပေါက်လာစေရေး ဆောင်ရွက်သင့်သည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

ပြုပြင်ပြောင်းလဲတိုးချဲ့မှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံတကာစံချိန်စံညွှန်းများ အတိုင်း ဖြစ်စေရန် ရဲတပ်ဖွဲ့ အင်အားနှင့် နိုင်ငံလူဦးရေအချိုးညီစေရန် တပ်ဖွဲ့ဝင်အင်အားကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလျက်ရှိပါကြောင်း၊ မူဆယ်မြို့နယ်တွင် မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မူဆယ်မြို့မရဲစခန်း၊ ပန်ဆိုင်(ကျူကုတ်)၊ မုံးပေါ်၊ မန့်ဟီးရိုး အပါအဝင် နယ်မြေရဲစခန်း(၃)ခုတို့ဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်းတပ်ဖွဲ့ဝင် ၂၄၀ သည် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

မူဆယ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့တွင် ဖွဲ့စည်းပုံခွင့်ပြုချက်အရ တပ်ဖွဲ့ဝင် စုစုပေါင်း၂၃၁ ဦးဖြစ်သော်လည်း နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းလိုအပ်ချက်အရ တပ်ဖွဲ့ဝင်စုစုပေါင်း ၂၄၀ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နယ်စပ်ဒေသရှိ မြို့နယ်များကို လုံခြုံရေးအတွက် နိုင်ငံတကာအဆင့်မီ လက်နက်များကို တပ်ဆင်ရာတွင် မူဆယ်မြို့နယ်တွင် ခေတ်မီမောင်းပြန်သေနတ်များကို ဖွဲ့စည်းပုံနှင့်အညီ အချိုးကျတပ်ဆင်ပေးထားပြီး ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ CCTV အပါအဝင် ခေတ်မီ ထောက်လှမ်းရေးအထောက်အကူပစ္စည်းများ လောလောဆယ်တပ်ဆင်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မေးခွန်းရှင် ဦးစိုင်းဝင်းမောင်က "မြန်မာနိုင်ငံမှာရှိတဲ့ မြို့တိုင်း မြို့တိုင်း လုံခြုံရေးတွေရှိပါတယ်။ ဒါပေမယ့် နယ်စပ်မြို့တွေကိုတော့ အခြားမြို့တွေထက် လုံခြုံရေးနှစ်ဆတိုးပြီးချထားပေးသင့်တယ်လို့ ထင်ပါတယ်။ လူအင်အားတိုးချပေးတဲ့အပြင် တိုးပေးထားတဲ့ ဝန်ထမ်းတွေကိုလည်း အရည်အချင်းပြည့်ဖို့လိုပါတယ်။ ဒုတိယဝန်ကြီး ပြန်လည်ဖြေကြားတာနဲ့ပတ်သက်လို့ကတော့ မြို့ခံလူဦးရေနဲ့ ရဲတပ်ဖွဲ့ဝင် အင်အားဟာ အချိုးညီမျှတယ်လို့ ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောခဲ့သလို နယ်စပ်မြို့ဖြစ်လို့ အခြားမြို့ထက် နှစ်ဆချထားပေးသင့်တယ်လို့ ယူဆပါတယ်။ ထို့အပြင် ခေတ်မီလက်နက်တွေကိုလည်း တပ်ဆင်ပေးထားသင့်ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် မေးခွန်းတစ်ခု၊ ပြည်ထဲရေးနှင့် သက်ဆိုင်သည့်မေးခွန်းနှစ်ခုနှင့် ကျန်းမာရေးနှင့်သက်ဆိုင်သည့် မေးခွန်းနှစ်ခုတို့ကို မေးမြန်းဖြေကြားခဲ့ကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

စုံညီခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်ပြီး ပြစ်မှုဆိုင်ရာ အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထူးအယူခံမှု ခုနစ်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ Amata ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ Amata ကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ် မစ္စတာ ဗီခရွန်ခရိုမာဒစ်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ကော်မတီဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် Amata ဖောင်ဒေးရှင်းမှ Food City တစ်ခုတည်ဆောက်ပေးနိုင်မည့် အစီအစဉ်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မည့်အစီအမံများ၊ Amata ဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကြမ်းတင်သွင်းနိုင်ခဲ့မှုကြောင့် အိုင်တီပညာရှင်များဝမ်းမြောက်

တွေ့ဆုံမေးမြန်း
ခင်ရတနာ

နေပြည်တော် အောက်တိုဘာ ၇

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်တင်သွင်းသည့် အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခဲ့ပြီး လွှတ်တော်၌ ဆွေးနွေးစဉ်းစား၊ ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်ကြောင်း သိရှိရသဖြင့် နည်းပညာကျွမ်းကျင်သူများနှင့် ပြည်တွင်းဘလော့ဂါများက ကြိုဆိုကြကြောင်း သတင်းရရှိသည်။

"ပြည်သူ့လွှတ်တော်မှာ Cyber Law ကိုပြင်ဆင်ဖို့လက်ခံတဲ့အခြေအနေကိုတွေ့ကြုံရလို့ အလွန်ဝမ်းသာပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အိုင်တီပညာရှင်တွေ စိတ်ဝင်စားတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ နှစ်အနည်းငယ်က အိုင်တီပညာရှင်အချို့ Cyber Law ကြောင့် ထောင်ဒဏ်ကျခံခဲ့ရဖူးပါတယ်။ ကမ္ဘာတစ်ဝန်းလုံးဆိုင်ရာ Global ခေတ်မှာ နည်းပညာအသစ်တွေကို ဥပဒေတစ်ရပ်နဲ့ကန့်သတ်ထားတဲ့အတွက် တိုးတက်မှုအရှိန်လျော့ကျခဲ့ရပါတယ်။ အခုလို ကျွန်တော်တို့အိုင်တီပညာရှင်တွေကို အကာအကွယ်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးမယ်ဆိုတာ သိရလို့ လွှတ်တော်ဆိုင်ရာကဏ္ဍကို ယုံကြည်မှုပိုရှိလာပါတယ်။ ပြင်ဆင်သင့်တဲ့ဥပဒေတွေကို ပြင်ဆင်ဖို့ကြိုးစားလာကြတဲ့အတွက် မြန်မာနိုင်ငံရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဟာ ပိုမိုကောင်းမွန်လာတယ်" ဟု ပြည်တွင်းဝက်ဘ်ဆိုက်တစ်ခုကို တာဝန်ယူဆောင်ရွက်နေသူ အိုင်တီပညာရှင်

သင်္ဃန်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်။

ကိုစိုးသူရက ပြောပြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က "၂၀၀၄ မှာ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေကို ကျွန်တော်ကပြင်ဆင်ခွင့်ရဖို့ ကြိုးစားတာ စတုတ္ထပုံမှန်အစည်းအဝေးကတည်းကပါ။ ဥပဒေရဲ့အခန်း(၂)မှာ ပါဝင်တဲ့ရည်ရွယ်ချက်နဲ့ အခန်းအဆင့်ဆင့်မှာပါတဲ့ ပြစ်ဒဏ်တွေလွဲချော်နေတယ်လို့ ကျွန်တော်ယူဆတယ်။ နည်းပညာဥပဒေတစ်ခုကို ကိုင်ထားပြီး နိုင်ငံရေးအရ ထိုးနှက်နေတယ်လို့ ယူဆတဲ့အတွက် တင်ခဲ့ပြီး နောက်ပိုင်းမှာ ဆက်သွယ်ရေးဝန်ကြီးဌာနက ဥပဒေပြင်ဆင်သင့်တယ်လို့ ယူဆပေးခဲ့တဲ့အတွက် ၂၀၀၄ ခုနှစ်က အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းတင်သွင်းခဲ့ပါတယ်။ အဲဒီအတွက် ဥပဒေကြမ်းကို နိုင်ငံပိုင်သတင်းစာတွေမှာလည်း ဖော်ပြခဲ့ပါတယ်။ ဥပဒေကြမ်းပူးပေါင်းကော်မတီကလည်း စိစစ်ပြီး အစီရင်ခံစာကို ဒီနေ့ရှင်းလင်းပြောပါတယ်" ဟု ပြောကြားသည်။

"ကျွန်တော် အလွန်ဝမ်းသာတဲ့အချက်က အရင်ကကျွန်တော်တို့တိုင်းပြည်မှာ ပြစ်မှုပြစ်ဒဏ်ထင်ရှားရင် ထောင်ဒဏ်ကိုအရင်ချတယ်။ ဒဏ်ငွေဆောင်ခွင့်ရှိတယ်လို့ ဥပဒေရှိထားပေမယ့် ထောင်ချတာများတယ်။ အထူးသဖြင့် နိုင်ငံရေးအရ ရည်မှန်းလုပ်ခဲ့တာမျိုး ပုံသဏ္ဍာန်ဆန်ဆန်တွေ့ရတယ်။ အခု ဒီဥပဒေကြမ်းမှာ ဒဏ်ငွေသည် ပထမဆုံးပြစ်ဒဏ်ဖြစ်ပြီး ဒဏ်ငွေမဆောင်နိုင်မှသာ ထောင်ဒဏ်ဆိုတာမျိုး ဖြစ်လာတယ်။ ဒါက နည်းပညာနဲ့ပတ်သက်တဲ့ ပြစ်မှုပြစ်ဒဏ်ခံရပါက ပညာရှင်တွေ ကာကွယ်နိုင်ဖို့ကို အများကြီး ထိရောက်တယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဥပဒေရဲ့ အလှည့်အပြောင်းတစ်ခုကို ပြင်ဆင်တဲ့ဥပဒေကြမ်းတင်သွင်းပေးနိုင်ခဲ့လို့ အောင်မြင်တဲ့ကိစ္စလို့ခံယူပြီး ကျေနပ်မိတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သတ်မှတ်ထား

အဆိုပါဥပဒေကြမ်းကို အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်ဖြစ်ပြီး ထိုဥပဒေပုဒ်မ ၃၃ ပါ အနည်းဆုံးထောင်ဒဏ်ခုနစ်နှစ်မှ အများဆုံး ၁၅ နှစ်အထိအစား အနည်းဆုံးထောင်ဒဏ် ငါးနှစ်မှ ခုနစ်နှစ်အထိ ချမှတ်နိုင်သည်ဟု ဥပဒေကြမ်းကော်မတီက အကြံပြုထားပြီး ထိုအချက်အလက်များကို လွှတ်တော်အသီးသီးမှ အတည်ပြုပါက အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာအသုံးပြု၍ ပြစ်မှုကျူးလွန်သူများအတွက် ပြစ်ဒဏ်များ သတ်မှတ်ထားသည်။

ထို့အပြင် ဥပဒေအရ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် အမိန့်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဒဏ်ငွေကျပ်တစ်သိန်းမှ သုံးသိန်းအထိ ပေးဆောင်စေမည်ဖြစ်ပြီး ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်သုံးလအထိ ချမှတ်ရမည်ဟုလည်းကောင်း စသည်ဖြင့် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြထားသည်။

"သတင်းအချက်အလက်ခေတ်ကြီးမှာ နည်းပညာတွေကို လွတ်လပ်စွာအသုံးပြုခွင့်ရရှိသင့်ပါတယ်။ သို့သော် နည်းပညာအကူအညီ အသုံးပြုပြီး နိုင်ငံတော်နဲ့ တိုင်းရင်းသားတွေရဲ့ လုံခြုံရေးအပါအဝင် အခြားကိစ္စရပ်တွေကို ထိပါးခွင့်တော့မရှိပါဘူး။ ဆက်သွယ်ရေးနဲ့ နည်းပညာတွေ မြင့်မားလာတာနဲ့အပြိုင်၊ ဥပဒေတွေလည်း ပြဋ္ဌာန်းဖို့ ကြိုးစားတာနဲ့အတူ ပညာရှင်တွေဘက်ကလည်း ethics ကို သတိထားထိန်းသိမ်းလို့ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်တယ်" ဟု Zenox Technic မှ Marketing Manager မသန္တာဖြိုးက ပြောပြသည်။

အမည်စာရင်းတင်သွင်းနိုင်

အဆိုပါအီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီမှ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံပြီးဖြစ်ကာ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ဆက်ဆံရေးနှင့် လုပ်အားပေးလူငယ်အရာရှိသင်တန်း(၁/၂/၃)သို့ တက်ရောက်ပြီးသူများ ဆက်သွယ်သတင်းပို့ရန် ထပ်မံနှိုးဆော်

နေပြည်တော် အောက်တိုဘာ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန်ရွေးချယ်ထားသည့် သင်တန်းအမှတ်စဉ်(၁/၂/၃)သို့ တက်ရောက်ပြီးသူ ဆက်သွယ်ဆက်ဆံရေးနှင့် လုပ်အားပေးလူငယ်အရာရှိများအနေဖြင့် သက်ဆိုင်ရာကိုယ်ရေးအချက်အလက်နှင့် ဓာတ်ပုံများအား ဖြည့်စွက်ဆောင်ရွက်နိုင်ရေးအတွက် ဦးသီဟအောင် ဖုန်း-၀၉-၄၉၂၄၀၂၈၁ နေပြည်တော်၊ ဒေါ်မူမူ ဖုန်း-၀၉-၅၁၈၉၉၄၃ ရန်ကုန်နှင့် ဦးမြင့်ခိုင် ဖုန်း-၀၉-၄၀၂၆၃၄၂၄၅ မန္တလေးတို့သို့ အောက်တိုဘာ ၁၀ ရက်နောက်ဆုံးထားကာ အမြန်ဆုံးဆက်သွယ်သတင်းပို့ကြရန် ထပ်မံနှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၇-၁၀-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ပြည်တွင်းသတင်း

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေမှန်ကိုသုံးသပ်ပြီး လိုအပ်သောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားရမည်

နေပြည်တော် အောက်တိုဘာ ၇

ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်(၂/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးခန့်မှန်းခြေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို အတည်ပြုရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၉-၃-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီးနောက် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများအနေဖြင့် ၎င်းဥပဒေနှင့်အညီ ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမခြောက်လတာကာလ ကျော်လွန်လာခဲ့ပြီဖြစ်ပါကြောင်း၊ ပထမခြောက်လပတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့က သုံးသပ်စိစစ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပုဒ်မ ၂၃၀ ပါ ဘဏ္ဍာရေးကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဘဏ္ဍာရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြလာသော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး အရအသုံးခန့်မှန်းခြေစာရင်းကို စိစစ်၍ အတည်ပြုရန်ဖြစ်ပါကြောင်း၊ ပြုပြင်ပြီး အရအသုံး ခန့်မှန်းခြေစာရင်းကို ရေးဆွဲသည့်အခါ မူလခန့်မှန်းခြေပါ သုံးငွေများထက် မဖြစ်မနေပိုမိုသုံးစွဲရန်လိုအပ်သဖြင့် တောင်းခံလာသော ဖြည့်စွက်ခွင့်ပြုငွေများနှင့် ဘဏ္ဍာရေးနှစ်အတွင်း လျော့နည်းသုံးစွဲမည့်သုံးငွေများကို ပေါင်းစပ်တွက်ချက်ပြီးမှ ရေးဆွဲရခြင်းဖြစ်ပါကြောင်း။

ယခုပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု စုစုပေါင်းကျပ် ၁၉၃၂ ဒသမ ၉၉၇ ဘီလီယံအနက် စိစစ်မှုအရ ဖြတ်တောက်လျှော့ချခဲ့သည့် ငွေကျပ် ၅၃၈ ဒသမ ၈၈၁ ဘီလီယံရှိသည်ကို တွေ့ရှိရပါကြောင်း၊ မူလခန့်မှန်းခြေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းကို နှိုင်းယှဉ်ကြည့်လျှင် ရငွေတွင် ကျပ် ၆၅၄ ဒသမ ၉၁၉ ဘီလီယံတိုးတက်လာသကဲ့သို့ သုံးငွေတွင် ကျပ် ၅၆၀ ဒသမ ၈၉၁ ဘီလီယံ တိုးတက်လာသည်ကို တွေ့ရှိရပြီး မူလလိုငွေကျပ် ၂၉၂၆ ဒသမ ၇၄၅ ဘီလီယံရှိရာမှ ပြုပြင်ပြီး လိုငွေကျပ် ၂၈၈၇ ဒသမ ၄၇၉ ဘီလီယံဖြစ်လာပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ဘဏ္ဍာရေးနှစ် နှစ်နှစ်ကို ဖြတ်သန်းကျော်လွန်ပြီး ယခုအခါ တတိယမြောက် ဘဏ္ဍာရေးနှစ်၏ ထက်ဝက်ကာလကုန်လွန်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နေရခြင်းကြောင့် နိုင်ငံတော်၏ဘတ်ဂျက်အနေအထားသည်လည်း အချိုးညီမျှဘတ်ဂျက်မဖြစ်နိုင်သေးဘဲ လိုငွေပြဘတ်ဂျက်သာဖြစ်နေသေးသည်ကို တွေ့ရှိကြမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်၏ မက်ကရိုစီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်စေရန်အတွက် လည်းကောင်း၊ နိုင်ငံတော်၏ ကြွေးမြီပေးဆပ်နိုင်မှုအခြေအနေကို ထိန်းသိမ်းထားနိုင်ရန်အတွက်လည်းကောင်း၊ ဘတ်ဂျက်လိုငွေကို ဂျီဒီပီတန်ဖိုး၏ ငါးရာခိုင်နှုန်းထက်မကျော်လွန်စေရန် ဂရုပြု၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အချိုးညီမျှဘတ်ဂျက်ပုံစံ၊ ပိုငွေပြဘတ်ဂျက်ပုံစံတို့ ဖြစ်လာအောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် ရငွေများကို သုံးသပ်ကြည့်သည့်အခါ အခွန်အကောက်ရငွေများ တိုးတက်လာသော်လည်း နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေများ ကျဆင်းလာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေမှန်ကိုသုံးသပ်ပြီး လိုအပ်သောပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အောင်မြင်မှသာ နိုင်ငံတော်သို့ပေးဆောင်သည့် ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေများမှာလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အနေဖြင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးများပြုလုပ်ပြီး အခွန်အကောက်မှ ရငွေကို

ဒုတိယသမ္မတ ဦးညဏ်ထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တိုးမြှင့်လာစေရန် ကြိုးပမ်းဆောင်ရွက်နေဆဲကာလတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေသည် နိုင်ငံတော်ဘတ်ဂျက်အတွက် အဓိကနေရာ၌ ပါဝင်နေဆဲဖြစ်ပါကြောင်း။

မိမိတို့ဆောင်ရွက်လိုသော ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် လုံလောက်မှု မရှိနိုင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများ ရယူခြင်းတို့ကိုလည်း ချင့်ချိန်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲမှု ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကိုဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုများကိုလည်း တစ်နှစ်ထက်တစ်နှစ် အချိုးအစားပိုမိုကောင်းမွန်လာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကသုံးသော အသုံးစရိတ်များအနက် ပညာရေး၊ကျန်းမာရေးကဲ့သို့ အသုံးစရိတ်များမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအားလုံးတွင် ဖြန့်ကြက်အသုံးပြုသောအသုံးစရိတ်များဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဆောင်ရွက်နိုင်သောလုပ်ငန်းများအား ခွဲဝေသတ်မှတ်ပေးမှုနှင့် ဘတ်ဂျက်သုံးစွဲမှုကို ပိုမိုစနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကိုလည်း ပြည်ထောင်စုက ထောက်ပံ့ငွေ၊ ချေးငွေတို့ဖြင့် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

မိမိတို့အစိုးရအဖွဲ့နှင့် ဘဏ္ဍာရေးကော်မရှင်တို့အနေဖြင့် ပြည်သူကိုဗဟိုပြုသော အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရန် ပြည်သူများ၏ လက်တွေ့လိုအပ်ချက်၊ နိုင်ငံတော်၏လိုအပ်ချက်နှင့် ကိုက်ညီစေမည့် အသုံးစရိတ်များကို စိစစ်ခွင့်ပြုနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ဘဏ္ဍာငွေရရှိမှုသာ မိမိတို့လိုအပ်သော အသုံးစရိတ်များကို သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် အထက်တွင် ပြောကြားခဲ့သကဲ့သို့ မိမိတို့နိုင်ငံ၏ ရငွေရရှိနိုင်မှု အရင်းအမြစ်များကို စေ့စေ့စပ်စပ်ရှာဖွေဖော်ထုတ်၍ ရငွေများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ရရှိလာစေရေးကို အထူးကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ရငွေအရင်းအမြစ်များဖြင့် မလုံလောက်သည့်အခါ ပြည်ပအကူအညီရငွေ၊ ချေးငွေတို့ကို စနစ်တကျသုံးသပ်၍ လက်ခံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ချေးငွေများရယူရာတွင်လည်း မိမိနိုင်ငံ၏ စီးပွားရေးအင်အားအရ ပုံမှန်ပြန်လည်ပေးဆပ်နိုင်စွမ်း ရှိ မရှိ၊ တွက်ခြေကိုက်ခြင်း ရှိ မရှိ၊ ရေရှည်တွင်ဖြစ်လာမည့် ကြွေးမြီဝန်ထုပ်ဝန်ပိုး စသည့်အချက်များကို ထည့်သွင်းစဉ်းစားတွက်ချက်ပြီးမှ ရယူကြရမည်ဖြစ်ပါကြောင်း။

အသုံးစရိတ်များကို ခွဲဝေသုံးစွဲရာတွင် စီမံခန့်ခွဲအုပ်ချုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှုတို့နှင့် သက်ဆိုင်သော သာမန်အသုံးစရိတ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော ငွေလုံးငွေရင်းအသုံးစရိတ်များ၊ ဘဏ္ဍာငွေဖြည့်ဆည်းမှုနှင့် သက်ဆိုင်သော ကြွေးမြီအသုံးစရိတ်များ စသည့်အသုံးစရိတ်များကို အချိုးအစားမျှတအောင် ခွဲဝေချထားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် သာမန်အသုံးစရိတ်ပိုင်းတွင် လက်ရှိအခြေအနေနှင့်လျော်ညီစွာ ပြင်ဆင်သတ်မှတ်သုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်တွင် နိုင်ငံတော်ဘတ်ဂျက်မှ သုံးစွဲနိုင်မှုအပြင် ပြည်ပအကူအညီ၊ချေးငွေ၊ ထောက်ပံ့ငွေဖြင့် သုံးစွဲနိုင်မှု၊ အစိုးရပုဂ္ဂလိက ပူးတွဲဆောင်ရွက်မှု Public Private Partnership (PPP)တို့ဖြင့်ပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏နှစ်စဉ်စီမံကိန်းများ၊ နှစ်လတ်နှင့် နှစ်ရှည်စီမံကိန်းများ၊ ကဏ္ဍအလိုက်နှင့် ဒေသအလိုက်စီမံကိန်းရည်မှန်းချက်များကိုရရှိစေရန် အထောက်အကူပြုမည့် အသုံးစရိတ်များဖြစ်ရန် လိုအပ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေရန် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အထောက်အကူပြုသော အသုံးစရိတ်များကို ဦးစားပေးရမည်ဖြစ်သကဲ့သို့ ဝင်ငွေရရှိစေမည့် ဝန်ဆောင်မှုလုပ်ငန်းအသုံးစရိတ်များ၊ ကုန်သွယ်မှုအသုံးစရိတ်များတို့ကိုလည်း သုံးစွဲနိုင်ရန် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏အလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားလာစေရေး၊ လူမှုဘဝလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်များကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များကိုလည်း အလေးထားခွဲဝေသုံးစွဲပေးရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် သုံးစွဲငွေများကို ခွဲဝေပေးသောအသုံးစရိတ် သတ်မှတ်ချက်ဘောင်အတွင်း လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေအလွင့်မရှိစေဘဲ ထိရောက်စွာ အသုံးပြုရန်နှင့် စာရင်းစစ်ဆေးမှုကို စနစ်တကျခံယူနိုင်ရေးအတွက် ပြင်ဆင်ထားရန်လိုပါအပ်ကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး လိုအပ်သောပြုပြင်ပြောင်းလဲရေးများကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုနယ်ပယ်သည် ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအားလုံးနှင့်လည်း သက်ဆိုင်ပြီး ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့်လည်း သက်ဆိုင်ပါကြောင်း၊ ဗဟိုအဖွဲ့အစည်းများ ပြည်ထောင်စုဝန်ကြီးဌာနများ အားလုံးနှင့်လည်း သက်ဆိုင်ပါကြောင်း၊ နိုင်ငံတော်၏ဘတ်ဂျက်သည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဂျီဒီပီတိုးတက်မှုတို့အပေါ် ကြီးမားစွာထင်ဟပ်နေသကဲ့သို့ မိမိတို့အစိုးရ၏ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည်လည်း နိုင်ငံတော်ဘတ်ဂျက်အပေါ် တည်မှီနေသည့်အတွက် မိမိတို့အားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်တင်ပြလာသော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ပြုပြင်ပြီးအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုအဆင့် ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုအပေါ် စိစစ်ပြီးစီးမှုအခြေအနေကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ၂၀၁၃-၂၀၁၄ ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုကို စိစစ်ခြင်းမပြုမီ ရှေးဦးစွာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကြိုတင်ညှိနှိုင်းစိစစ်ကြပါကြောင်း။

ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

ပြုပြင်ပြောင်းလဲမှုများကို အစွမ်းရှိသမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရာတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများလည်း ပါဝင်ခဲ့ပါကြောင်း၊ မည်သည့်အတွက်ကြောင့်လဲဟုဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအမှီသဟဲပြုနေ၍ပင်ဖြစ်ပါကြောင်း၊ ထို့အတူ ပညာရေးသည် နိုင်ငံနှင့်လူမျိုး၏အသက်ဝိညာဉ်၊ ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်၊ လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းမှု၏ ဗဟိုဖြစ်ကြောင်းကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် ခံယူထား၍ ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍသာမက အဆင့်မြင့်ပညာကဏ္ဍမှာပါ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြေခံပညာရေးတွင် မသင်မနေရ မူလတန်းပညာရေးအစီအစဉ်ကို အစပျိုးဆောင်ရွက်ခြင်း၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ခြင်း၊ ကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ကျောင်းအဆင့်များတိုးမြှင့်ဖွင့်လှစ်ခြင်း၊ ပညာရေးမှူးရုံးဖွဲ့စည်းပုံအင်အားတိုးချဲ့ခြင်း၊ ဆရာ၊ ဆရာမများအား ပညာရှင်အဆင့် တိုးမြှင့်ပေးခြင်း၊ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့်သင်ကြားပေးရန် ဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အတူ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း နိုင်ငံတကာအဆင့်မီစေမည့် Quality Assurance စနစ်တည်ထောင်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့်ချိတ်ဆက်သော ကွန်ရက်များမြှင့်တင်ဆောင်ရွက်ခြင်း၊ သင်ကြားရေးမဟာဌာနများ ဖွဲ့စည်းခြင်း၊ အလယ်အလတ် ကျွမ်းကျင်သူပညာရှင်များကို အချိန်တိုအတွင်း မွေးထုတ်ရန် အခြားဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပညာသင်ဆုများ ချီးမြှင့်၍ ထူးချွန်ပညာရှင်မွေးထုတ်ခြင်း၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးစနစ် ပြင်ဆင်ရန် ဆောင်ရွက်နေခြင်း၊ တက္ကသိုလ်ပညာရပ်ဝန်းကျင်ကောင်း ဖန်တီးခြင်း၊ တက္ကသိုလ်ပညာရေးတွင် အကျိုးဝင်ကြသော စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြှင့်တင်ခြင်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်လာနိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းခြင်းနှင့် အင်္ဂလိပ်စာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဥပဒေပညာနှင့် စီးပွားရေးပညာဘာသာရပ်များ သင်ကြားမှုမြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်နေပါကြောင်း။

ထို့အတူ နိုင်ငံသားများ၏ စာရိတ္တကြံ့ခိုင်ရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကိုလည်း အခြေခံပညာအတန်းအားလုံးတွင် သင်ကြားပေးနေပါကြောင်း၊ ထိုသို့ သင်ကြားပေးရာတွင် သင်ကြားပေးသူဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အတုယူစံထားလောက်သည့် ကိုယ်ကျင့်တရား ခိုင်မြဲရမည့်အပြင် ဝန်ထမ်းစည်းကမ်းကို လိုက်နာရာတွင်လည်း စံနမူနာပြဖြစ်ရန် လိုအပ်ပါကြောင်း။ နိုင်ငံ့ဝန်ထမ်းများတွင်လည်း ဆရာ ဆရာမများက အများစုဖြစ်သည့်အတွက် ကျန်ဝန်ထမ်းများအပေါ် ဆရာ ဆရာမများ၏ နမူနာကောင်းများက ဖုံးလွှမ်းသွားလျှင် ဝန်ထမ်းထုအတွင်း စည်းကမ်းဖောက်မှု၊ လာဘ်ပေးလာဘ်ယူပြုမှု စသည်တို့ ကင်းရှင်းသွားနိုင်ပါကြောင်း၊ ယနေ့ စာရိတ္တနှင့် ပြည်သူ့နီတိသင်ကြားမှုကိုခံယူခဲ့ပြီး ဆရာ ဆရာမများထံမှ ကောင်းမွန်သော အမူအကျင့်များရရှိမှသာ ၎င်းတို့တစ်တွေ နိုင်ငံ့တာဝန်ထမ်းဆောင်သည့်အခါ စည်းကမ်းပြည့်ဝပြီး လာဘ်ပေးလာဘ်ယူကင်းစင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။

ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ပညာရေးနှင့် သက်ဆိုင်သူအားလုံးပါဝင်နိုင်ရေးအတွက် အငြိမ်းစားပညာရှင်ကြီးများ၏ အကြံဉာဏ်ကို ဆွေးနွေးပွဲများတွင် အကြိမ်ကြိမ် ကျင်းပရယူခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဦးစီးဌာနအဆင့်၊ ဒေသန္တရအဆင့်၊ အမျိုးသားအဆင့်စသည်ဖြင့် အဆင့်အသီးသီးတွင် ပညာရေးကဏ္ဍမြှင့်တင်ရေးဆွေးနွေးပွဲများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြင်ပပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများစသည့် နယ်ပယ်အသီးသီးက ပါဝင်ဆွေးနွေးခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး Comprehensive Education Sector Review (CESR) လုပ်ငန်းတွင် ပညာရေးကဏ္ဍ လေ့လာဆန်းစစ်မှုများဆောင်ရွက်ရာ၌ အဆင့် (၂)ကို ရောက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရလက်ထက်တွင် ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အတွင်း အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိဘပြည်သူများအားလုံး တက်ကြွစွာပါဝင်ပြီး ပညာရေးဥပဒေများရေးဆွဲမှု၊ အကြံဉာဏ်ပြုမှု၊ အကူအညီပေးမှုများအား ဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် များစွာနှစ်ထောင်းအားရဖြစ်မိပါကြောင်း။

နိုင်ငံဖွံ့ဖြိုးမှု၏ အဓိကမဏ္ဍိုင်ဖြစ်သော ပညာရေးကို မိမိတို့ ယခုအခြေအနေလောက်နှင့် ကျေနပ်နေ၍မဖြစ်ပါကြောင်း၊ နိုင်ငံတကာ စံမီပညာရေးဖြစ်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့၏ တာဝန်ထမ်းဆောင်မှုသက်တမ်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူ့လွှတ်တော် တတိယအကြိမ် ပုံမှန်အစည်းအဝေးသို့ ပြောကြားခဲ့သည့် မိန့်ခွန်းတွင် မိမိတို့အစိုးရ မျှော်မှန်းသော အမျိုးသားဖွံ့ဖြိုးတိုးတက်မှုသည် Environmentally Sustainable ဖြစ်ရမည်။ Socially Sustainable ဖြစ်ရမည်။ Economically Sustainable ဖြစ်ရမည်ဆိုသော အခြေခံမူဝါဒကြီး (၃)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်ဟု ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ထိုအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒ(၃)ရပ်သည် နိုင်ငံတကာတွင် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ပညာရေးမူဝါဒနှင့် တစ်ထပ်တည်းဖြစ်ပါကြောင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာရေးဖြစ်ခြင်းကြောင့် ယနေ့မှစ၍ ရှေ့ဆက်ဖော်ဆောင်ရမည့် မြန်မာ့အမျိုးသားပညာရေးသည် မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်နိုင်စွမ်းရှိသည့် ပညာရေး(Education for Sustainable Development) ဆိုသည့် နိုင်ငံတကာအဆင့် ခေတ်မီပညာရေးလမ်းကြောင်းပေါ် တက်ပြီး လျှောက်လှမ်းနိုင်မည့်ပညာရေး ဖြစ်ကိုဖြစ်ရမည်ဖြစ်ပါကြောင်း။

၎င်းနှင့်အတူ ထိုစဉ်တုန်းက ဆက်လက်ပြောကြားခဲ့သည်မှာ Globalization နှင့် ပြတ်ကျန်ခဲ့သော မိမိတို့နိုင်ငံသည် ခေတ်သစ် စနစ်သစ်တွင် နိုင်ငံတကာနှင့် ပိုမိုပေါင်းစည်းရေးကြိုးပမ်းရာ၌ မိမိတို့ ဘိုးဘွားဘီဘင်များ ထိန်းသိမ်းစောင့်ရှောက်ခဲ့သော တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ထုံးတမ်းအစဉ်အလာ၊ အနုပညာ၊ သဘင်၊ စာပေ၊ ဂီတ၊ သုခုမစသော မြန်မာ့တန်ဖိုးများ ပျောက်ပျက်မသွားစေရန် မိမိတို့တိုင်းရင်းသားအားလုံးတွင်ရှိသည့် မြန်မာ့ Soft Power ကို ပိုမိုခိုင်မာအားကောင်းလာအောင်ဆောင်ရွက်ရန် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ဘိုးဘွားအမွေအနှစ်အစစ်ဖြစ်သော နိုင်ငံနှင့်လူမျိုးကိုချစ်ပြီး မြင့်တင်လိုစိတ်ကြီးမားမှုနှင့် တန်ဖိုးကြီးမားသော ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုအနုပညာတန်ဖိုးများကို အခြားယဉ်ကျေးမှုများက ကျူးကျော်ဝင်ရောက်ဖျက်ဆီးလာလျှင် ကြံ့ကြံ့ခံတွန်းလှန်ပြီး ထိန်းသိမ်းမြှင့်တင်နိုင်သည့် မြန်မာ့ပညာရေးဖြစ်ရန် အရေးတကြီးလိုအပ်သည်ဟု ပြောကြားလိုပါကြောင်း၊ မိမိ၏ယင်းနှိုးဆော်ချက်သည် ကိုယ်၏ ဘိုးဘွားစဉ်ဆက်ထိန်းသိမ်းပြီး လက်ဆင့်ကမ်းခဲ့သော ဘိုးဘွားအမွေအစစ်များကို ဆက်လက်ထိန်းသိမ်းကာကွယ်မြှင့်တင်ရန်နှင့် တန်ဖိုးမြင့်မားသည့် ဘိုးဘွားအမွေအနှစ်များကို နောက်မျိုးဆက်များအား လက်ဆင့်ကမ်းပေးရန်နှင့် လက်ဆင့်ကမ်းနိုင်စွမ်းရှိသည့်သူများ မွေးထုတ်ပေးရန်ဆိုသော သမိုင်းစဉ်ဆက်တည်တံ့လာသည့် ပညာရေး၏ အဓိကရည်ရွယ်ချက်နှစ်ချက်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်ရမည်ဟု ဆိုလိုခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ခွန်အားသစ်များဖြစ်သော ကျောင်းသား ကျောင်းသူများ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်သုံးသပ်ပြီး မှန်ကန်စွာဆုံးဖြတ်နိုင်မှု၊ စနစ်တကျ ပြဿနာဖြေရှင်းနိုင်မှုစသည့် လူ့တန်ဖိုးများပြည့်ဝလာပြီး နေ့စဉ်လူမှုဘဝတွင် အသုံးချနိုင်ရေး၊ စာရိတ္တမြင့်မားမှုနှင့် ဥပဒေစည်းကမ်းလေးစားလိုက်နာရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ကိုလည်း ပညာရေးက အလေးထားအကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း။

ထို့အပြင် ခေတ်မီစီးပွားရေးလုပ်ငန်းများတွင် ဝါသနာပါရာ ကျွမ်းကျင်ရာ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆက်သွယ်ရေးတို့တွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ရာတွင် ပါဝင်နိုင်သည့် စွမ်းအားစုဖြစ်သော အလယ်အလတ်စီးပွားရေး၊ လုပ်ငန်းရှင်များပေါ်ထွန်းရေးကိုလည်း လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ထိရောက်သော သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများ၊ အခြေခံအဆောက်အအုံများနှင့် ခေတ်မီအရည်အသွေးအကဲဖြတ်မှုများဖြင့် လေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ လေ့ကျင့်ပေးရာတွင် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားမှုအတွက်လည်း အဘက်ဘက်မှ ပြင်ဆင်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ နိုင်ငံတကာကျွမ်းကျင်သူပညာရှင်များနှင့် နည်းပညာများကိုလည်း ပေါင်းစပ်အသုံးပြုသွားရန် ဖြစ်ပါကြောင်း။

မိမိတို့ပညာရေးမှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်များသည် အနာဂတ်ဒီမိုကရေစီ မြန်မာ့လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်မည့် နိုင်ငံကြီးသားပီသသူ၊ ဗလငါးတန်ပြည့်ဝသူများနှင့် ပညာရပ်တစ်ခုခုကို တတ်သိကျွမ်းကျင်ပြီး တီထွင်ဖန်တီးနိုင်စွမ်းရှိသူများဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ပညာရေးကဏ္ဍတွင် ကောင်းမွန်သောအချက်များရှိသကဲ့သို့ အားနည်းချက်များ၊ ချွတ်ယွင်းချက်များ၊ ပြုပြင်ရမည့်အချက်များ များစွာရှိနေပါကြောင်း၊ မူကောင်းပြီး လူလည်းကောင်းအောင် ပြုပြင်ရပါမည်။ ထို့ကြောင့် ပညာရေးတွင် အတွေ့အကြုံရှိသည့် ပညာရှင်များ၏ နိုင်ငံဖွံ့ဖြိုးရေးအတွက် ပညာရေးအခန်းကဏ္ဍကို လက်ရှိအခြေအနေထက် ပိုကောင်းအောင် ဖော်ဆောင်နိုင်မည့် အကြံဉာဏ်များကို ယခုလက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲတွင် ဖိတ်ခေါ်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ပညာရှင်ကြီးများအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် မိမိတို့၏ အတွေ့အကြုံများအား အခြေခံသည့် အမြင်များကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန်၊ ပညာရှင်များ၏ အကြံဉာဏ်ကို စုစည်းပြီး ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဟူ၍ Action Plan များရေးဆွဲရန်အတွက် မြန်မာ့ပညာရေးမြှင့်တင်ရေးအဖွဲ့အစည်းတစ်ခုကိုဖွဲ့စည်းပြီး အမြန်ဆုံးအကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ပညာရေးသည် နိုင်ငံသားအားလုံး၏ လက်ရှိနှင့်အနာဂတ်အရေးဖြစ်သည့်အတွက် ယခုဆွေးနွေးပွဲမှရရှိလာသော ရလဒ်ကောင်းများကို အလေးအနက်ထားပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ခေတ်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နေကြသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် စာတမ်းရှင် ဦးဇော်ဌေး (ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)က ပညာရေးဆိုင်ရာမူဝါဒစာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ဦးသန်းဦး (ပညာရေးဖောင်ဒေးရှင်းအဖွဲ့ဝင်)က အမျိုးသားပညာရေးဥပဒေနှင့် အခြေခံပညာရေးကဏ္ဍစာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ဒေါက်တာမောင်သင်း (ပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်)က အမျိုးသားပညာရေးဥပဒေနှင့် အဆင့်မြင့်ပညာရေးကဏ္ဍစာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ဦးညီလှုငယ် (ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း၊ အမျိုးသားအကြံပေး)က အမျိုးသားပညာရေးဥပဒေနှင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် နိုင်ငံတကာပညာရေးကဏ္ဍ စာတမ်းကိုလည်းကောင်း၊ ဒေါက်တာအောင်ထွန်းသက် (နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်)က အမျိုးသားပညာရေးဥပဒေနှင့် ကောင်းမွန်သောပညာရေးစနစ်နှင့် သန့်ရှင်းသောပညာရေးစနစ်ဖြစ်ရေးစာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ဦးတင်ညို (မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ အဖွဲ့ဝင်)က ပညာရေးအရည်အသွေး အာမခံချက်စာတမ်းကိုလည်းကောင်း ဖတ်ကြားကြရာ ဒေါက်တာတင့်ဆွေလတ်၊ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊ ဒေါက်တာထူးထူးအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြမြဦး၊ ဒေါက်တာတင်မောင်သန်း၊ ဒေါက်တာသန်းဇော်မြင့်၊ ဦးလူနီ၊ ဒေါက်တာဒေါ်ခင်မာထွန်း၊ ဒေါက်တာသက်လွင်၊ ဦးအောင်မျိုးမင်း၊ ဒေါက်တာမောင်သိန်းတို့က သက်ဆိုင်ရာစာတမ်းများနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းသို့ ကြိုတင်ညှိနှိုင်းစိစစ်သော်လည်း ဌာနအသီးသီးမှ ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုများနေဆဲဖြစ်ပြီး ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းမှာ လိုအပ်သော၊ လိုငွေနှင့် ဂျီဒီပီအချိုးကို မရရှိနိုင်သည့်အတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ တစ်ဌာနချင်းအလိုက် ခေါ်ယူစိစစ်ခဲ့ပါကြောင်း။

စိစစ်ရာတွင် ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုအတွက် ချမှတ်ထားသော ဘဏ္ဍာရေးမူဘောင်အချက်များဖြစ်သည့် မူလခွင့်ပြုငွေလုပ်ငန်းထဲမှ နောက်ထပ်လိုအပ်သော၊ မပြီးပြတ်သောလုပ်ငန်းရန်ပုံငွေဖြစ်စေရန်၊ မူလခွင့်ပြုရန်ပုံငွေလုပ်ငန်းတွင် မပါသော်လည်း ယခုဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ သုံးစွဲရန်လိုအပ်သည့် လုပ်ငန်းဖြစ်ရန်၊ အသုံးပြုမည့် ကာလကျန်လေး၊ ငါးလအတွင်း သုံးကုန်နိုင်ခြေရှိသည့် ရန်ပုံငွေကိုသာ တောင်းခံရန်၊ သုံးငွေပိုမိုတောင်းခံမှုရှိသကဲ့သို့ ဝန်ကြီးဌာန၏ ရငွေများလည်း ပိုမိုရရှိအောင်ဆောင်ရွက်ရန် စသည့်အချက်များအပေါ် ကြိုတင်ရှင်းလင်းပြီး စိစစ်သည့်အတွက် အခက်အခဲမရှိ စိစစ်ပြီးစီးပြီးဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ မူလခန့်မှန်းခြေငွေစာရင်းမှ ရငွေ၊ သုံးငွေ၊ လိုငွေ၊ လိုငွေနှင့် ဂျီဒီပီအချိုးကိုလည်းကောင်း၊ ယခုဖြည့်စွက်ရန်ပုံငွေတောင်းခံပြီး ဖြစ်ပေါ်လာသည့် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းမှ ရငွေ၊ သုံးငွေ၊ လိုငွေ၊ လိုငွေနှင့် ဂျီဒီပီအချိုးသည်လည်း သတ်မှတ်ထားသော အချိုးအတွင်းဖြစ်သည့် ၄ ဒသမ ၈၇ ရာခိုင်နှုန်းအတွင်း ရောက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်သည့်အခါ အချို့တိုင်းဒေသကြီးများအနေဖြင့် မူလခန့်မှန်းခြေပါ အသုံးစရိတ်များနီးပါး ထပ်မံတင်ပြတောင်းခံထားခြင်း၊ မူလခန့်မှန်းခြေတွင် ပါဝင်ခြင်းမရှိသော လုပ်ငန်းစီမံကိန်းသစ်များအတွက် ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံမှုများပါဝင်ခြင်း၊ မူလခန့်မှန်းခြေလိုငွေထက် လိုငွေများ တိုးမြင့်လာခြင်းစသည်တို့ကို သုံးသပ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အားလုံးကို တစ်ပြေးညီလျှော့ချစေခြင်းမျိုးမဟုတ်ဘဲ အချိုးအစားမျှတအောင် စိစစ်လျှော့ချခဲ့ခြင်းဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ပြုပြင်ပြီး အရအသုံး ခန့်မှန်းခြေစာရင်း လိုငွေအပေါ်ပြည်ထောင်စုမှ ထောက်ပံ့ငွေ၊ ချေးငွေတို့ဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးခွဲဝေမှု (Budget Sharing) အချိုးအစားများကို ယခုထက်ပိုမိုသင့်တင့်မျှတလာစေရန် သမ္မတရုံးဝန်ကြီးများဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအား ပေါင်းစပ်ညှိနှိုင်းမှုများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လိုငွေကို ဖြည့်ဆည်းပေးမှုအပါအဝင် ပြည်ထောင်စု၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး အရအသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို အတည်ပြုသင့်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုအပေါ် စိစစ်ခဲ့မှုအခြေအနေ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ငွေကြေးသုံးစွဲရာတွင် ဥပဒေနှင့်အညီ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျသုံးစွဲရန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခံနိုင်ရေးအတွက် စနစ်တကျစာရင်းရှင်းလင်းထားရန်၊ လစဉ်ငွေစာရင်းရှင်းတမ်းများ မှန်မှန်ကန်ကန်ဆောင်ရွက်သွားရန်၊ ငွေကြေးကိစ္စများကို အထူးအလေးထားဆောင်ရွက်ရန်၊ ငွေကြေးနှင့်ပတ်သက်၍ မသမာမှု၊ အလွဲသုံးမှုများမဖြစ်စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒီမိုကရေစီထူထောင်နေသောကာလတွင် အတူတကွပါဝင်ရန် ဖိတ်ခေါ်

မိုင်းလား အောက်တိုဘာ ၇

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသသို့ ရောက်ရှိကြပြီး မွန်းလွဲပိုင်းတွင် မိုင်းလားအထူးဒေသ(၄) ဌာနချုပ်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ခေါင်းဆောင်သည့်အဖွဲ့နှင့် မိုင်းလားအထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်းခေါင်းဆောင်သည့် အဖွဲ့တို့တွေ့ဆုံဆွေးနွေးကြရာ **(အပေါ်ပုံ)** ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဦးစိုင်းလင်းနှင့်အတူ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးစံပေ့၊ ဦးစံလူ၊ ဦးထိန်လင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က နိုင်ငံတော်အဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတူတကွ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်စေလိုပါကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှု ဖော်ဆောင်မှုကာလတွင် နိုင်ငံတော်နှင့် လက်တွဲပြီး အတူတကွ ပူးပေါင်းတည်ဆောက်စေလိုပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ ထူထောင်နေသောကာလတွင် အတူတကွပါဝင်ရန် ဖိတ်ခေါ်ပါကြောင်း၊ တိုင်းရင်းသားများ၏အရေးကို ရှေ့တန်းတင်ဆောင်ရွက်နေသည့် ကာလဖြစ်သည်နှင့်အညီ လွှတ်တော်များတွင် တိုင်းရင်းသားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ရေးဆွဲလျက်ရှိနေပါကြောင်း၊ မိမိတို့၏ ဆန္ဒသဘောထားများကိုလည်း ထည့်သွင်းပါဝင်ဆွေးနွေးပေးပို့စေလိုပါကြောင်း၊ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲတွင် ပူးပေါင်းပါဝင်နိုင်ရေး ဖိတ်ကြားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူရေးတွင် စာရင်းဇယားများ အချိန်မီကောက်ယူရရှိရေး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မိုင်းလားအထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မိုင်းလားအထူးဒေသ(၄) ဒုတိယဥက္ကဋ္ဌ ဦးစံပေ့နှင့် အတွင်းရေးမှူး ဦးခမ်းမောင်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထွက်နှုန်းကောင်းစပါးနှင့် ဝါ ထုတ်လုပ်ပေးနိုင်ပြီ

နေပြည်တော် အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသန စိုက်ပျိုးရေးခြံတွင် တောင်သူများ၏ လူမှုဘဝမြင့်တင်ရေးအထောက်အကူဖြစ်စေရန် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် စပ်မျိုးစပါးနှင့် ချည်မျှင်ရှည်ဝါ မျိုးစေ့များ အောင်မြင်စွာ ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ "ကျွန်တော်တို့ ရွှေတောင်သုတေသန စိုက်ပျိုးရေးခြံအနေဖြင့် ၂၀၁၁ ခုနှစ် စိုက်ပျိုးရေးရာသီမှစပြီး နှစ်စဉ် ပုလဲသွယ်စပ်မျိုးစပါး F1 ကို သုတေသနပြုစိုက်ပျိုးခဲ့ပါတယ်၊ ဒီစပ်မျိုးစပါးက တောင်သူတွေအနေနဲ့ ယုံယုံကြည်ကြည်နဲ့ နည်းမှန်စနစ်မှန် စိုက်ပျိုးသွားမယ်ဆိုရင် တစ်ဧကအထွက်နှုန်း တင်းရာကျော်ထွက်နိုင်တာကြောင့် လိုအပ်တဲ့မျိုးစေ့များ အချိန်မီဖြန့်ဖြူးပေးနိုင်ဖို့ သုတေသနပညာရှင်တို့က အပတ်တကုတ်ကြိုးစားထုတ်လုပ်ပေးလျက်ရှိပါတယ်၊ ဒီနှစ်မှာတော့ ကျွန်တော်တို့ စိုက်ပျိုးရေးခြံမှာ ပုလဲ သွယ်စပ်မျိုးစပါး F1 ကို ဧက ၄၃၀ အထိ စိုက်ပျိုးထားပါတယ်၊ ထွက်ရှိလာတဲ့ မျိုးကောင်းမျိုးသန့် စပ်စပါးတွေကို တောင်သူများလက်သို့ ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်" ဟု စပ်မျိုး စပါးပညာရှင် ဒေါက်တာရဲတင့်ထွန်းက ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည်။

ထို့အတူ အဆိုပါ သုတေသနခြံ၌ အထွက်နှုန်းကောင်း ချည်မျှင်ရှည်ဝါမျိုးစေ့များကိုလည်း သုတေသနပြုစိုက်ပျိုးလျက်ရှိသည်။ "ကျွန်တော်တို့ သုတေသနစိုက်ပျိုးရေးခြံက အထွက်နှုန်းကောင်း ငွေချည်(၆)ဝါမျိုးများ၊ ရွှေတောင်(၈) ဝါမျိုးများ၊ ပြည်ပမှ တင်သွင်းတဲ့ Giza လို့ခေါ်တဲ့ ချည်မျှင်အရှည်ဆုံးဝါမျိုးများကို အောင်မြင်စွာ သုတေသနပြု မျိုးစေ့များစိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိပါတယ်။ ငွေချည်(၆)ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ် စိုက်ကွင်း တစ်ဆက်တစ်စပ်တည်း ၁၀၅ ဧက စိုက်ပျိုးထားပါတယ်။ ဒီအထွက်နှုန်းကောင်း ချည်မျှင်ရှည်ဝါတွေကို တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် တစ်ဧကအထွက်နှုန်းကောင်းတွေရဖို့ ကျွန်တော်တို့ သုတေသနခြံတွေက အဓိကပံ့ပိုးဖြန့်ဖြူးပေးနေရတာဖြစ်ပါတယ်"ဟု ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်မော်က ရှင်းပြသည်။

အဆိုပါ သုတေသနခြံတွင် စပါးနှင့် ဝါသီးနှံအပြင် ပဲတီစိမ်း၊ ကုလားပဲ မျိုးစေ့များကိုလည်း သုတေသနပြုထုတ်လုပ်ပေးလျက်ရှိသည်။

ကျွန်ုပ်တို့နိုင်ငံသည် မြေသယံဇာတ ကြွယ်ဝသည့် နိုင်ငံဖြစ်ပါသည်။ တောင်သူများအား လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလာနိုင်သည်နှင့်အမျှ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာပြီး တောင်သူများ၏ ဝင်ငွေစီးပွားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးသုတေသနခြံများအနေဖြင့် တောင်သူလယ်သမားများ အမှန်တကယ်လိုအပ်သည့် အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့် မျိုးစေ့များ စဉ်ဆက်မပြတ် ထုတ်လုပ်ပေးခြင်းဖြင့် သီးနှံများ အထွက်နှုန်းတိုးတက်လာမည် ဖြစ်ပါသည်။

မြင့်မောင်စိုး

ဝမ်းတွင်းမြို့နယ် ရွှေတောင်စိုက်ပျိုးရေးခြံတွင် အောင်မြင်နေသော ချည်မျှင်ရှည်ဝါစိုက်ခင်းကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုလေ့လာစဉ်။

သီလဝါအထူးစီးပွားရေးဇုန်ကြီးကို မကြာမီစတင်အကောင်အထည်ဖော်လုပ်ဆောင်တော့မည်

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အတွင်းရှိ သီလဝါ အထူးစီးပွားရေးဇုန်ကြီးကို မကြာမီ စတင်အကောင်အထည်ဖော် လုပ်ဆောင်တော့မည် ဖြစ်ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါဇုန်ကြီးသည် လက်ရှိအခြေအနေတွင် စုစုပေါင်းမြေ ဟက်တာ ၄၀၀ ရှိသည်။ ၄င်းမြေပေါ်တွင် သီလဝါစီးပွားရေးဇုန်ကြီးကို စတင်အကောင်အထည်ဖော်ရာ၌ ကမ္ဘာ့အဆင့်မီ ဆေးရုံများ၊ အဆင့်မြင့်ဈေးကြီးများ၊ ပညာရေးအဆောက်အအုံများ၊ စူပါမားကတ်ကြီးများ၊ လူနေရပ်ကွက်များ၊ အားကစားကွင်းများ၊ ဘဏ်လုပ်ငန်းများ၊ ပညာရေးအဆောက်အအုံများ၊ ရုံးများ၊ ခေတ်မီစက်မှုလုပ်ငန်းစသည်တို့ကို ကမ္ဘာ့အဆင့်မီ ဆောက်လုပ်သွားမည်ဖြစ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုတည်ဆောက်မည့် သီလဝါ အထူးစီးပွားရေးဇုန်ကြီးကို **(အောက်ပုံ)** ပထမအဆင့် အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် အဆိုပါ ဧရိယာ ဟက်တာ ၄၀၀ အတွင်းနေထိုင်ပြီး လုပ်ကိုင်စားသောက်နေသည့် ပြည်သူများ နစ်နာမှုမရှိစေရန် သက်ဆိုင်ရာက ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ အဆင်ပြေ ချောမွေ့လျက်ရှိသဖြင့် အဆိုပါ သီလဝါအထူးစီးပွားရေးဇုန်ကြီးကို မကြာမီ စတင်အကောင်အထည်ဖော် လုပ်ဆောင်တော့မည့်ဖြစ်၍ ကမ္ဘာ့အဆင့်မီ စီးပွားရေးဇုန်ကြီးကို မကြာမီ တွေ့မြင်ရတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

လှိုင်သာယာပြည်သူ့ဆေးရုံ ခုတင် ၂၅လုံးမှ ခုတင် ၂၀၀ အထိ တိုးချဲ့မည်

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံတွင် အောက်တိုဘာ ၁ ရက် မွန်းတည့် ၁၂ နာရီက ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနားတွင် မြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၂၅ လုံးမှ ခုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ရူပါစိုးက ထန်းတပင်နှင့် တွံတေးမှ လှိုင်သာယာဆေးရုံသို့ လူနာများ လာရောက်ကုသလျက်ရှိပြီး မြို့နယ်အတွင်း တိုးပွားလာသော လူဦးရေနှင့်အတူ ကျန်းမာရေးဌာန(၁၀)ခုကို ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း၊ လူဦးရေ နှစ်သောင်းခွဲတွင် သားဖွားဆရာမ တစ်ဦးနှုန်းဖြစ်၍ ဝန်ထမ်းအင်အား လိုအပ်လျက်ရှိနေပါကြောင်း၊ ဆေးရုံအကျယ်အဝန်းသည် ပေ(၄၅၀× ၉၀၀)ရှိပြီး ကိုးဧကကျော် အကျယ်အဝန်းရှိ၍ တိုးချဲ့ဆောက်လုပ်မှုသည် ကျန်းမာရေးဝန်ဆောင်မှုကို ပြည်သူများ အပြည့်အဝရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ဆေးရုံတည်ဆောက်ထားရှိမှုနှင့် ပြည်သူ့အကျိုးပြု ကျန်းမာရေးဆောင်ရွက်ထားရှိမှုကို တင်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအတွက် ဆောင်ရွက်ပေးနိုင်သည်တို့ကို ဆောင်ရွက်ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးတွင် လူနာများသည့်အတွက် မြို့နယ်များရှိ ပြည်သူ့ဆေးရုံများအား တိုးချဲ့ဆောက်လုပ်ကုသနိုင်လျှင် ဆေးရုံကြီးတွင် လူနာများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းနှင့် အခြားလေးမြို့နယ်ထိစပ်သော လှိုင်သာယာပြည်သူ့ဆေးရုံကို တိုးချဲ့ဆောက်လုပ်နိုင်လျှင် ပြည်သူအတွက် အကျိုးရှိမည်ဖြစ်၍ တင်ပြထားသော ခုတင် ၅၀ ဆံ့အစား ခုတင် ၂၀၀ ဆံ့ ဆေးရုံဆိုလျှင် လူနာများအတွက် စိတ်အေးချမ်းသာမှုကိုရရှိမည်ဖြစ်၍ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ဆေးရုံများသို့ ဆေးဝါးများ ပံ့ပိုးထောက်ပံ့လျက်ရှိ၍ ပြည်သူ၏ ယုံကြည်အားကိုးမှု ရရှိလာမှုအပေါ် ဝမ်းသာဂုဏ်ယူ၍ ကျန်းမာရေးဆောင်ရွက်မှု အပြည့်အဝပေးနိုင်ရန် နိုင်ငံတော်က လမ်းညွှန်ထုတ်ဝေထားသော စာအုပ်များကိုလည်း ဖတ်ရှုမှတ်သား၍ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအင်အားဖြည့်တင်းပေးနိုင်သည့်အတွက် မြေကိုးဧကကျယ်သော ဆေးရုံဝင်းဧရိယာ၌ ခုတင် ၂၀၀ ဆံ့ ဆေးရုံတည်ဆောက်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၁၆၄)

သတင်းဆောင်းပါးနှင့် ပြည်တွင်းသတင်း

စွမ်းဆောင်ရည်မြင့် အမျိုးသမီးများ ပေါ်ထွက်လာစေရန် ဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းပေးသင့်ကြောင်း အမျိုးသမီးကိုယ်စားလှယ်များ အကြံပေး

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ- အေးမင်းစိုး

နေပြည်တော် အောက်တိုဘာ ၇

အမျိုးသမီးများ စွမ်းဆောင်ရည် ပိုမိုတိုးတက်လာစေရေးနှင့် အမျိုးသမီးတို့ဘ၀ ဉာဏစွမ်းအားဖြင့် တိုင်းပြည်အကျိုးကို ပိုမိုဆောင်ရွက်လာနိုင်စေရန် ခေါင်းဆောင်မှုနယ်ပယ်အသီးသီး၌ အမျိုးသမီးစွမ်းဆောင်ရှင်များ ထွက်ပေါ်လာနိုင်စေရေးအတွက် ဥပဒေများပြဋ္ဌာန်းပေးခြင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်များ မြှင့်တင်ပေးနိုင်ရန် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသမီးစွမ်းဆောင်ရှင်များ၊ အမျိုးသမီးသံတမန်အဖြစ် ရွေးချယ်ခံရသူများက မျှော်လင့်နေကြကြောင်း သိရှိရသည်။

သို့အတွက် အမျိုးသမီးများဘ၀ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း စတင်မိတ်ဆက်သည့် အခမ်းအနားတွင် တက်ရောက် ဆွေးနွေးခဲ့ကြသည့် နယ်ပယ်အသီးသီးမှ အမျိုးသမီးပညာရှင်အချို့ကို ဆက်သွယ်မေးမြန်းခဲ့သည်။

ဒေါ်မြတ်မြတ်အုန်းခင်

(ပြည်ထောင်စုဝန်ကြီး) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန

မေး။ အမျိုးသမီးတွေရဲ့ဘ၀ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတဲ့ အနေအထားနဲ့ ရှေ့ဆောင်ရွက်မယ့် အခြေအနေကို ပြောပြပေးပါရှင့်။

ဖြေ။ ကျွန်မတို့အနေနဲ့ အမျိုးသမီးတွေ စွမ်းရည်ပြည့်ဝလာအောင်နဲ့ နယ်ပယ်အသီးသီးမှာ အောင်မြင်မှုတွေ ရရှိလာအောင် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးတွေအတွက် နည်းမျိုးစုံနဲ့ ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၇ ကတည်းက လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအနေနဲ့ အမျိုးသားအမျိုးသမီး အခွင့်အရေးတွေကို အကောင်အထည်ဖော်ခဲ့ပါတယ်။ အခုအချိန်မှာတော့ လွန်ခဲ့တဲ့ နှစ်နှစ်က အချိန်ယူရေးဆွဲခဲ့တဲ့ အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးနဲ့ အမျိုးသမီးအခွင့်အရေးကာကွယ်စောင့်ရှောက်မြှင့်တင်ရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ ကို ရေးဆွဲချမှတ်နိုင်ခဲ့ပြီး ဆောင်ရွက်မှုလုပ်ငန်းစဉ် ၁၂ရပ်ကို မဟာဗျူဟာ ၄ ရပ်နဲ့ အညီအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

မေး။ အမျိုးသမီးတွေအတွက် နိုင်ငံရဲ့အရေးပါတဲ့ နယ်ပယ်အသီးသီးမှာ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ပံ့ပိုးမှုအပိုင်းကိုလည်း ရှင်းပြပေးပါရှင့်။

ဖြေ။ ဒါကတော့ အားလုံးမြင်တွေ့နေတဲ့အတိုင်း ဖြစ်ပါတယ်။ လက်ရှိမှာ နိုင်ငံရဲ့ အရေးကြီးတဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ ကျွန်မတို့လို အမျိုးသမီးဝန်ကြီးတွေကို ခန့်အပ်ထားနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးအပိုင်းမှာလည်း အရေးကြီးတဲ့ အကြံဉာဏ်ကောင်းတွေ ထွက်ပေါ်လာစေဖို့ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေလည်း အမျိုးသမီးထုအပါအဝင် ပြည်သူလူထုကိုယ်စား လွှတ်တော်မှာ ပေါ်ထွက်လာခဲ့ပါပြီ။ ထို့အတူ ဌာနအသီးသီးမှာလည်း အမျိုးသားများနဲ့ တန်းတူ အရည်အချင်းပြည့်ဝတဲ့ အမျိုးသမီးအရာထမ်းအဆင့်တွေ တွေ့မြင်နေရတာပဲဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်က ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာတဲ့နည်းတူ အရည်အချင်းပြည့်မီတဲ့ ကျားမ မည်သူမဆို စီမံခန့်ခွဲမှုနယ်ပယ်အသီးသီး အောင်မြင်လာမှာမလွဲပါဘူး။ ဒါပေမယ့် လိုအပ်ချက်ဆိုတာတော့ ယခုလိုပြုပြင်ပြောင်းလဲရေးကာလမှာ ရှိနိုင်ပါတယ်။ လွှတ်တော်အနေနဲ့ အမျိုးသမီးတွေအတွက် လိုအပ်တဲ့ ဥပဒေတွေပြဋ္ဌာန်းဖို့ အများကြီး အခွင့်အရေးရှိနိုင်ပါတယ်။

ဒေါ်မေစပယ်ဖြူ

(အကြီးတန်း ညှိနှိုင်းရေးမှူး) ကျား၊မတန်းတူညီမျှရေး ကွန်ရက်

မေး။ လက်ရှိဆောင်ရွက်နေတဲ့အခြေအနေကိုပြောပြပေးပါဦး။

ဖြေ။ ကျွန်မတို့အနေနဲ့ အခုကျင်းပတဲ့ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ကို ၂၀၁၀ခုနှစ်ကနေ စတင်ရေးဆွဲခဲ့ပြီး ကျွန်မတို့ရဲ့ ကျား၊မရေးရာ တန်းတူညီမျှရေးကွန်ရက်နဲ့ လူမှုဝန်ထမ်းဦးစီးဌာနတို့ရဲ့ လက်တွဲပူးပေါင်းမှုဖြစ်ပါတယ်။ အကောင်အထည်ပေါ် အကျိုးရှိလာဖို့အတွက်ကတော့ အစိုးရနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေအားလုံး ပူးပေါင်းကြရမှာဖြစ်ပါတယ်။

မေး။ လက်ရှိမြန်မာအမျိုးသမီးတွေ ခေါင်းဆောင်မှုနယ်ပယ်အသီးသီးမှာ ပါဝင်မှုရရှိလာတဲ့အပေါ် ထားရှိတဲ့အမြင်ကို ပြောပြပေးပါဦး။

ဖြေ။ လက်ရှိမှာ အစိုးရအဖွဲ့မှာရော၊ လွှတ်တော်နှစ်ရပ်လုံးမှာပါ အမျိုးသမီးတွေ ပါဝင်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ရာခိုင်နှုန်းအနေနဲ့ အလွန် နည်းနေပါသေးတယ်။ အကောင်းဆုံးကတော့ အမျိုးသမီးတွေ ခေါင်းဆောင်မှုနေရာ၊ နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်တွေမှာ ပိုမိုပါဝင်လာအောင် မြှင့်တင်အားပေးမှုတွေအတွက် လိုအပ်တဲ့ဥပဒေပြဋ္ဌာန်းပေးသင့်ပါတယ်။

ဒေါ်ဖြူဖြူသင်း

(လွှတ်တော်ကိုယ်စားလှယ်)

မေး။ မြန်မာအမျိုးသမီးတွေရဲ့ အခက်အခဲတွေ၊ ကြုံတွေ့နေရတဲ့ အခြေအနေတွေကို ခေါင်းဆောင်မှုပြု ဖြေရှင်းပေးနေတဲ့ အဖွဲ့အစည်းတွေအပေါ် အမြင်သဘောထားကိုပြောပြပေးပါဦး။

ဖြေ။ ကျွန်မအနေနဲ့ပြောရမယ်ဆိုရင် အမျိုးသမီးရေးရာဆိုတာ အမျိုးသမီးတွေအတွက် အမှန်တကယ်ကို အကျိုးရှိစေတဲ့ အဖွဲ့အစည်းကြီးတစ်ခုလို့ မြင်ပါတယ်။ ဒါ့အပြင် အခြားအမျိုးသမီးတွေရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနေတဲ့ အဖွဲ့အစည်းတွေလည်း အများကြီးရှိပါတယ်။ ၂၀၁၂ နောက်ပိုင်းမှာ ပိုပြီးလုပ်ကိုင်လာကြတယ်။ ပြောရရင် အမျိုးသမီးတွေရဲ့ အသံကျယ်လာပါတယ်။ ဒါပေမယ့် အခုမှစတင်တယ်လို့ မြင်ပါတယ်။ ဆွေးနွေးညှိနှိုင်းဆဲ အခြေအနေဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာ အားနည်းနေပါသေးတယ်။ နောက်ပြီး ချမှတ်တဲ့မူဝါဒတွေ၊ အစီအမံတွေကို အမှန်တကယ်အမျိုးသမီးတွေအတွက် အကျိုးရှိစေမလား လေ့လာဖို့ အရေးကြီးပါတယ်။

မေး။ လက်ရှိ အမျိုးသမီးတွေအတွက် ဆောင်ရွက်ချက်တွေထဲက အားနည်းချက်၊ အားသာချက်တွေကို ပြောပြပေးပါဦး။

ဖြေ။ အားသာချက်တွေကတော့ အမျိုးသမီးတွေအတွက် အရင်ထက်စာရင် ပိုမိုလုံခြုံလာတယ်၊ ပြောရေးဆိုခွင့်များပြားလာပါတယ်။ အားလုံးမြင်တွေ့နိုင်ပါတယ်။ သို့သော် မူဝါဒအပိုင်းတွေကို ပြန်လည်သုံးသပ်သင့်တာ အချို့ရှိတယ်။ ဥပမာပြောရရင် ငွေချေးပေးတယ်။ အမျိုးသမီးတွေအတွက် ငွေချေးပေးတယ်။ အဆင်မပြေလို့ ပြန်မဆပ်နိုင်တော့ဘဲ ထွက်ပြေးတာမျိုးတွေဖြစ်လာတယ်။ သူတို့အတွက် အမှန်တကယ် အကျိုးရှိတဲ့ ပံ့ပိုးမှုတွေဖြစ်သင့်ပါတယ်။ဒါတွေကို နိုင်ငံတော်အဆင့်ကအများကြီး ကူညီပေးနိုင်ပါတယ်။ အင်န်ဂျီအိုတွေက လုပ်နိုင်တာက အောက်ခြေကအသံတွေကို နိုင်ငံတော်အဆင့်အထိ ကြားနိုင်အောင်ကူညီပေးတာဖြစ်ပြီး မူဝါဒပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်းကတော့ အစိုးရကသာဆောင်ရွက်ရမှာဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာရှိတယ်၊ အမျိုးသမီး အခွင့်အရေးအတွက် လွှတ်တော်ထဲမှာ အမျိုးသမီးကိုယ်စားလှယ် ဘယ်လောက် ရာခိုင်နှုန်းပါဝင်ရမယ်ဆိုတဲ့ နှုန်းသတ်မှတ်တာမျိုးနဲ့ တွဲခေါ်မယ်ဆိုရင် အကျိုးရှိလာနိုင်တယ်။

မေး။ မြန်မာအမျိုးသမီးတွေအနေနဲ့ လက်ရှိ ကြုံတွေ့နေရတဲ့ အရေးကြီးလိုအပ်ချက်အချို့ကို ပြောပြပေးပါဦး။

ဖြေ။ ပထမဆုံးကတော့ လိင်ကျေးကျွန်၊ လူကုန်ကူးတာနဲ့ အရွယ်မရောက်သေးတဲ့ အမျိုးသမီးတွေရဲ့ လုံခြုံရေးဖြစ်ပြီး ပဋိပက္ခဖြစ်ရာဒေသတွေက အမျိုးသမီးတွေရဲ့ဘ၀ လုံခြုံမှုဖြစ်မယ်လို့ ထင်ပါတယ်။ ဒါ့အပြင် အခြားအမျိုးသမီးတွေခံစားနေရတဲ့ အခက်အခဲတစ်ခုကတော့ မိရိုးဖလာယဉ်ကျေးမှုအရ ခွဲခြားဆက်ဆံခံရမှု အနည်းငယ်ကိုလည်းတွေ့ရပါတယ်။

ဒေါက်တာချစ်သုဝေ

ကျား၊ မရေးရာ တန်းတူညီမျှရေး သံတမန်၊ အနုပညာရှင်

မေး။ သံတမန်တစ်ဦးအနေနဲ့ မြန်မာအမျိုးသမီးများအပေါ် ထားရှိတဲ့အမြင်နဲ့ ဆောင်ရွက်ချက်ကို ပြောပြပေးပါဦး။

ဖြေ။ ကျွန်မတို့မြန်မာအမျိုးသမီးတွေက အခြားနိုင်ငံက အမျိုးသမီးတွေနဲ့ယှဉ်ရင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားကြသူတွေပါ။ ကျွန်မတို့ရဲ့ Culture Law အမှားအချို့ကြောင့် အမျိုးသမီးတွေကို ကိုယ်ထိလက်ရောက်ကျူးလွန်ရဲတဲ့အမျိုးသားတွေရှိတယ်။ လူသားတစ်ယောက်ရဲ့ အခွင့်အရေးအပေါ် မလေးစားမှုတွေရှိနေသေးတယ်။ Violence တွေရှိနေတယ်။ ပြီးတော့ Human Traficking Victems တွေကိုကြည့်ရင် ကလေးနဲ့ အမျိုးသမီးတွေ ဖြစ်နေတယ်။ Sexual Attack ကြောင့်ဖြစ်ဖြစ်၊ Force Married ကြောင့်ဖြစ်ဖြစ် အဓမ္မမှုတွေ ရှိနေပါသေးတယ်။ ဒါတွေကို ဥပဒေတွေ ပြဋ္ဌာန်းပြီး အရေးယူဆောင်ရွက်သင့်ပါတယ်။ နောက် Immergency ဒေသတွေ သဘာဝဘေးကြောင့်ဖြစ်ဖြစ်၊ စစ်ပွဲတွေကြောင့်ဖြစ်ဖြစ်၊ ပဋိပက္ခတွေကြောင့်ဖြစ်ဖြစ် အဲဒီဒေသတွေမှာ Victams တွေမှာ ရသင့်တဲ့ အမျိုးသမီးကာကွယ်စောင့်ရှောက်မှုတွေ အားနည်းနေပါသေးတယ်။

ဆောင်ရွက်မှုမှာဆိုရင် အခု အစ်မတို့ National Strategic Plan ချမှတ်ပြီး ဆောင်ရွက်မယ်။ ဥပမာ ပညာရေးဆိုရင် ဝန်ကြီးဌာန၊ အင်န်ဂျီအိုတွေ ပူးပေါင်းဆောင်ရွက်မယ်၊ လူ့အခွင့်အရေးဆိုလည်း အတူပူးပေါင်းဆောင်ရွက်ကြမယ်။ သုတေသနပြုမယ်။ ကျေးလက်အဆင့်အထိ ရောက်အောင် ဆောင်ရွက်မယ်။ ပြီးရင် အသေးစိတ်စီမံကိန်း ထပ်ဆွဲမယ်။ အကောင်အထည်ဖော်မယ်။

မေး။ မြန်မာအမျိုးသမီးတွေကို အစ်မအနေနဲ့ ဘယ်လိုအကြံဉာဏ်တွေပေးချင်ပါသလဲ။

ဖြေ။ များသောအားဖြင့် ကျွန်မတို့ မိန်းမသားတွေက အားငယ်တတ်ကြတယ်။အများအားဖြင့် ကိုယ့်ကိုယ်ကိုယ်အထင်သေးတတ်တယ်။ အမျိုးသားရဲ့နောက်ပိုင်းကနေ ပါရမီဖြည့်ဖို့အတွက် လူဖြစ်လာတယ်လို့ ထင်ကြတယ်။ လူတိုင်းမှာ ကိုယ်ပိုင်အခွင့်အရေးဆိုတာရှိပါတယ်။ အဲဒီတော့ ဆွေးနွေးပွဲတွေ နားထောင်မယ်။ မီဒီယာတွေကို လေ့လာမယ်။ အဓိကအားဖြင့် ကိုယ့်ရဲ့ဉာဏစွမ်းအင်ကို တိုးတက်လာအောင် ဆောင်ရွက်ကြရမယ်။ အဲဒါမှ ပွင့်လင်းလာတာနဲ့အတူ အခွင့်အရေးကို တောင်းဆိုတတ်လာကြမယ်။ တာဝန်သိမှု ရှိလာမယ်လို့ အကြံပေးချင်ပါတယ်။

နောက်တစ်ခုက လူရယ်လို့ဖြစ်လာရင် ကိုယ့်မှာရှိတဲ့ ကာယ၊ ဉာဏ၊ စိတ်စွမ်းအားတွေကို ကမ္ဘာ့တစ်ထောင့်တစ်နေရာကနေ အကျိုးရှိတဲ့၊ အဓိပ္ပာယ်ရှိတဲ့လူဖြစ်အောင် စွမ်းဆောင်ရမယ်။ ကျွန်မတို့ အမျိုးသမီးလူ့ဘောင်တိုးတက်လာဖို့ ပြောင်းလဲဖို့ ပြောနေကြတယ်။ အဲဒီအတွက် စိတ်စွမ်းအားတွေပြည့်ဝနေပြီး ကောင်းမွန်တဲ့ Generation တစ်ခုထားခဲ့နိုင်ဖို့ ကျွန်မတို့စုပေါင်းပြီး ယခုကစလို့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သံတမန်တစ်ဦးအနေနဲ့ရော၊ အမျိုးသမီးတစ်ဦးအနေနဲ့ပါ မြန်မာအမျိုးသမီးတွေ အားလုံးကို ပြောချင်တာတစ်ခုက ဘဝကို ဘယ်တော့မှ အရှုံးမပေးဘဲ သတ္တိရှိရှိနဲ့ ဖြတ်သန်းကြပါလို့။ ။

ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ရေး ရန်ပုံငွေရရှိ

ပင်းတယ အောက်တိုဘာ ၇

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်ရှိ အခြေခံပညာကျောင်းများကို ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် အမက၊ အမက(မူလွန်)၊ အလက၊ အလက (ခွဲ)၊ အထက (ခွဲ) နှင့် အထကကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်ရေးအတွက် ရန်ပုံငွေကျပ် ၅၃၆ ဒသမ ၄၀ သိန်းကို ခွဲဝေပေးလာသဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်ရှိ မိဘပြည်သူ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

ပြည်တွင်းသတင်း

သုတပဒေသာစာစောင် ဖြန့်ချိရောင်းချ



ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာပေဗိမာန်မှ လစဉ်ထုတ်ဝေလျက်ရှိသော ဘာသာပြန်မဂ္ဂဇင်းဖြစ်သည့် သုတပဒေသာစာစောင်ကို အောက်တိုဘာလအတွက် ထုတ်ဝေဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာ စာစောင်တွင် Cover Story များအဖြစ် အသားအရောင်ခွဲခြားမှုကို အသက်စွန့်တိုက်ဖျက်ခဲ့သည့် နိုဘယ်ဆုရှင် မာတင်လူသာကင်း၏ ကမ္ဘာကျော် မိန့်ခွန်းရွှေရတုသဘင်၊ ငွေကြေးပုံအောသုံးစွဲလျက်ရှိသည့် အင်္ဂလန်ဘောလုံးလောကမှ စောင့်ကြည့်ရမည့် ပရီမီယာလိဂ်ကစားသမားများ၊ Miss Supranational ပြိုင်ပွဲတွင် ဆုလေးဆုရ ခင်ဝင့်ဝါ အပါအဝင် မျက်မှောက်ကမ္ဘာ့ရေးရာ၊ ပျိုမေတို့အသည်းစွဲ ဂျပ်စတင်ဘီဘာ၊ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး တရုတ်မင်းသမီး ဂေါင်လီစသည့် အနုပညာကဏ္ဍအကြောင်း၊ တင်ဆက်နေကျငွေကြယ်ပွင့်တို့ကမ္ဘာ၊ ဆောင်းပါးများကိုဖတ်ရှုရမည်ဖြစ်သည်။

ထည့်သွင်းဖော်ပြ

ထို့ပြင် လူသားအားလုံးသိရှိသင့်သည့် ဝမ်းဗိုက်အတွင်းရှိ ကလီစာများ၏ တစ်နေ့တာလှုပ်ရှားမှု၊ ပလတ်စတစ်နှလုံးတုဖြင့် ရှင်သန်နေသူအကြောင်းဖြစ်သည့် ဆန်းသစ်ဖွေရှာ ဆေးပညာ၊ မီးလောင်ပြင်မှ ဒုက္ခိတကိုကယ်တင်ခဲ့သည့် စံပြသူရဲကောင်းမေမေ၊ အင်္ဂလိပ်စာလေ့လာနေသော စာသင်သားများအတွက် ပညာရပ်ဆိုင်ရာ ဝေါဟာရများ စသည်တို့အပြင် သိပ္ပံနှင့် နည်းပညာ၊ နိုင်ငံတကာရေးရာ၊ စိတ်ခွန်အား၊ ကျန်းမာရေး၊ ဘာသာပြန်စာအုပ်အညွှန်းနှင့် အခြားစိတ်ဝင်စားဖွယ်ရာဆောင်းပါးများ၊ ဖြစ်ရပ်မှန်ဝတ္ထုတိုများ၊ ကဗျာများနှင့် စာရှုသူ၏ ဘဝအမောကို ပြေပျောက်စေနိုင်မည့် ဟာသတိုများကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ဆက်သွယ်နိုင်

ယခုလထုတ် သုတပဒေသာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၁၆၀၀ ဖြင့် ရောင်းချပေးလျက်ရှိပြီး ရန်ကုန်မြို့မှ စာဖတ်ပရိသတ်အတွက် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ မန္တလေးမြို့ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၂-၃၀၁၈၆၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေနှင့်နဂါးစာပေတို့အပြင် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် ကြိုတင်မှာကြားလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၉၅၀၀-၆၄၈၉၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၉၅၀၀-၆၄၈၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၃-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၁၅-၁၃၃၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁. ၁၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၆၀	ကျပ်
တရုတ်	တစ်ယွမ်	၁၅၆-၁၅၉	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၇-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၆၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၆၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၆၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၄၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၉၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွှေဆန်	တစ်အိတ်	၁၇၇၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၇၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၅၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၆၀-၄၇၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀-၂၂၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၁၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေပြဋ္ဌာန်းချက်များဆိုင်ရာ စည်းဝေး

နေပြည်တော် အောက်တိုဘာ ၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အဖွဲ့ (World Intellectual Property Organization-WIPO) မှ ဥပဒေကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများတွင်ပါရှိသည့် အရေးယူမှု ပြဋ္ဌာန်းချက်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂ ရက်က အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများ ဖြစ်သည့် တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို TRIPS Agreement နှင့်အညီ မူကြမ်းများရေးဆွဲခဲ့ပါကြောင်း၊ ယင်းနှင့် တစ်ဆက်တည်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ချိုးဖောက်မှုများ၊ မူပိုင်ခွင့်ခိုးမှုများ၊ တုပမှုများကို နှိမ်နင်းပေးနိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးရေးဆိုင်ရာ စနစ်တစ်ရပ်ပေါ်ပေါက်လာရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများတွင်ပါရှိသည့် အရေးယူမှုဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့ ကိုယ်စားလှယ်များနှင့် ဂျပန်နိုင်ငံ တီထွင်မှု မူပိုင်ခွင့်ရုံးမှ ကိုယ်စားလှယ်များက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများ၏အရေးယူမှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှုပိုင်းဒေသစိမ်းစိုဖို့
သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၆၆၅၇ Toyota Succeed NCP 51, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၁၂/လမန(နိုင်) ၀၅၅၂၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ဇော်ဇော်ဦး ၁၃/တကန(နိုင်) ၁၂၄၂၁၆ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၀၁၆၂၈မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၃၁၀၇၃၃၈၁**

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၇၁

ကွယ်လွန်သူ အဘွားဒေါ်ကျင်နု ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၃/၂၅)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်ကျင်နု၏ ကျန်ရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကြည့်မြင်တိုင်အရှေ့၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/စီ-၁)၊ မြေကွက်အမှတ်(၄/ခ)၊ ဧရိယာ ၀ဒသမ၁၆၅၈ဧကရှိ မြေကွက်အနက်မှ ဒေါ်ကျင်နုပိုင်အဖြစ် ခွဲစိတ်သတ်မှတ်ထားသော (ရတနာလမ်းဘက်အလျား၄၄ပေ×ပဒေသာလမ်းဘက်အနံ၃၅ပေ)ရှိ မြေကွက်၏အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်သန်းဝေ ၁၂/ကမရ(နိုင်)၀၆၃၁၃၃က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၃ ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်)နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဖြစ်သည့် အဘွားဒေါ်ကျင်နု၏ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်ဆိုခဲ့သော ၂၀၁၃ခုနှစ်၊ အောက်တိုဘာ၂၃ရက် (၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ရက်)တွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ခင်သန်းဝေ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

(တင်မောင်လတ်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်

ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်မှ အောက်ဖော်ပြပါ စက်ကြီးယန္တရားအသစ် (Brand New)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြေကော်စက် (Excavator) ၆ စီး
(ခ) မြေတူးစက် (Bulldozer) ၆ စီး
(ဂ) လမ်းကြိတ်စက် (Road Roller) ၆ စီး
(ဃ) မြေသယ်ယာဉ် (Dump Truck) ၁၈ စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား စက်ကြီးယန္တရားများ တင်သွင်းမည့် ပုဂ္ဂိုလ်၊ သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၄င်းတို့၏တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း ၈-၁၀-၂၀၁၃ ရက်မှ ၁၇-၁၀-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရာတွင် ဌာနမှထုတ်ပေးထားသည့် အဆိုပြုလွှာပါ စာရွက်စာတမ်းများကိုသာ လက်ခံမည်ဖြစ်ပါသည်။

၅။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော်တွင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၁၇၇၊ ၀၆၇-၄၀၆၃၂၀၊ ၀၆၇-၄၀၆၀၇၆၊ ၀၆၇-၄၀၆၁၁၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက် (၁၂) မိုင်ခန့်အကွာ၊ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်း၏ Conventional Vibrated Concrete(CVC) ကွန်ကရစ်ဖျော်စပ်၊ သယ်ပို့သွန်းလောင်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်**-၂၁-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် Technical-၇-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန်ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့၏ အရှေ့မြောက်ဘက်၊ (၁၂)မိုင်ခန့်အကွာ၊ သူငွေး ရေအားလျှပ်စစ်စီမံကိန်း၏ Secant Pile/Diaphragm Wall လုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်**-၂၁-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် Technical-၇-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရက်ပေါင်း ၆၃ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ပိုက်ကျော်ခြင်းအားကစား ရွှေဆုမျှော်မှန်း အောင်မြင်မှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းမည်

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် မြန်မာ ပိုက်ကျော်ခြင်းအားကစားသမားများ အနေဖြင့် ရွှေတံဆိပ်ဆုများ ဆွတ်ခူး နိုင်ရန် မျှော်မှန်းလေ့ကျင့်နေကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မြန်မာပိုက်ကျော် ခြင်း ကစားသမားများအနေနဲ့ ယခင် ကတည်းက အောင်မြင်မှုအစဉ်အလာ တွေ ရှိခဲ့ပြီးသားဖြစ်ပါတယ်။ ဒီအစဉ် အလာကောင်းတွေကို ဆက်လက်ထိန်း သိမ်းသွားဖို့ပဲလိုပါတယ်။ မြန်မာပိုက် ကျော်ခြင်း အားကစားသမားများ အနေနဲ့ ၂၀၀၅ ခုနှစ်မှာဆိုရင် ရွှေသုံး ဆု၊ ၂၀၀၉ ခုနှစ်မှာဆိုလည်း ရွှေသုံးဆု၊ ၂၀၁၀ အာရှအဆင့်မှာ ရွှေရခဲ့ပါတယ်။ ပြီးခဲ့တဲ့ အင်ဒိုနီးရှားဆီးဂိမ်းမှာလည်း မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်း အဖွဲ့က ရွှေဆွတ်ခူးနိုင်ခဲ့ပါတယ်"ဟု ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ ရေး တာဝန်ခံ ဦးထွန်းခိုင်နွယ်က ဝဏ္ဏ သိဒ္ဓိ ဆီးဂိမ်းအကြို ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲတွင် ပြောကြားသည်။

ကျွန်တော်တို့နိုင်ငံက အိမ်ရှင် အဖြစ် လက်ခံကျင်းပမယ့် ဆီးဂိမ်း ပြိုင်ပွဲမှာ Event ၁၀ မျိုး ပါဝင်မှာ ဖြစ်ပါတယ်။ အမျိုးသားပြိုင်ပွဲ ငါးမျိုးနဲ့ အမျိုးသမီးပြိုင်ပွဲ ငါးမျိုးဖြစ်ပါတယ်။ စုစုပေါင်း ၁၀ မျိုးမှာ ရွှေ ၁၀ ခုပေးမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲ ၁၀ ခုမှာ အိမ်ရှင် မြန်မာနိုင်ငံအနေနဲ့ အနည်းဆုံး ရွှေ နှစ်ဆု၊ သုံးဆုမျှော်မှန်းထားပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံအားကစားကွင်း၌ မြန်မာနှင့် မလေးရှားအသင်းတို့ ပိုက်ကျော်ခြင်းယှဉ်ပြိုင်ကစားကြစဉ်။

ယှဉ်ပြိုင်

ယခုအခါ ဆီးဂိမ်းအကြိုပြိုင်ပွဲ အဖြစ် ပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲ ကို အောက်တိုဘာ ၆ ရက်မှ ၉ ရက် အထိ ကျင်းပလျက်ရှိသည်။ အိမ်ရှင် မြန်မာနှင့်အတူ မလေးရှားနှင့် ကမ္ဘော ဒီးယားနိုင်ငံမှ ပိုက်ကျော်ခြင်း အားကစားသမားများက လာရောက် ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက် မှ ၂၂ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ ဘီရုံ၌ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေရိုး

လူငယ် ဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၇

၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ Panya Indra Golf Club, Bangkok ၌ ကျင်းပမည့် The 79 th Singha Thailand Amateur Open 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်း ခေါင်းဆောင်သော မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက လေကြောင်းခရီးစဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွား သည်။

လိုက်ပါ

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းတွင် ပဏာမမြန်မာ့လက်ရွေးစင် အားကစားများဖြစ်ကြသည့် ရဲထက်အောင်၊ မျိုးဝင်းအောင်၊ မောင်မောင်ဦး၊ ယဉ်မေမျိုးနှင့် ခင်မာနွယ်တို့ လိုက်ပါသွားကြသည်။

အဆိုပါပြိုင်ပွဲသည် မြန်မာဂေါက်သီးရိုက်အသင်းအနေဖြင့် နှစ်စဉ်သွား ရောက်ယှဉ်ပြိုင်လေ့ရှိသော ပြိုင်ပွဲတစ်ခုဖြစ်ပြီး ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမား မောင်မောင်ဦးအနေဖြင့် ဒုတိယဆု တစ်ကြိမ်ရရှိထားသည့် ပြိုင်ပွဲဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်မြင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် နိုင်ငံ တကာဖိတ်ခေါ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၁၃ ခုနှစ် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောက်တိုဘာ ၁၈ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(အား/ကာ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာဘောလုံးပွဲရလဒ်များနှင့် ပရီမီယာလိဂ်ပွဲစဉ်ရပ်တည်မှု

ပရီမီယာလိဂ်ပွဲစဉ်(၇)အပြီး ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	အာဆင်နယ်	၇	၅	၁	၁	၁၄	၈	၁၆
၂	လီဗာပူး	၇	၅	၁	၁	၁၁	၅	၁၆
၃	ချယ်လ်ဆီး	၇	၄	၂	၁	၁၀	၄	၁၄
၄	ဆောက်သမ်တန်	၇	၄	၂	၁	၇	၂	၁၄
၅	မန်စီးတီး	၇	၄	၁	၂	၁၇	၈	၁၃
၆	စပါး	၇	၄	၁	၂	၆	၅	၁၃
၇	အဲဗာတန်	၇	၃	၃	၁	၁၀	၉	၁၂
၈	ဟားလ်စီးတီး	၇	၃	၂	၂	၆	၇	၁၁
၉	မန်ယူ	၇	၃	၁	၃	၁၀	၉	၁၀
၁၀	အက်စတွန်ဗီလာ	၇	၃	၁	၃	၉	၈	၁၀
၁၁	နယူးကာဆယ်	၇	၃	၁	၃	၉	၁၂	၁၀
၁၂	ဝက်စ်ဘရွန်း	၇	၂	၃	၂	၇	၆	၉
၁၃	ဝက်စ်ဟမ်း	၇	၂	၂	၃	၇	၅	၈
၁၄	ကာဒစ်	၇	၂	၂	၃	၇	၉	၈
၁၅	ဆွမ်ဆီး	၇	၂	၁	၄	၈	၁၁	၇
၁၆	စတုတ်စီးတီး	၇	၂	၁	၄	၄	၇	၇
၁၇	ဖူလ်ဟမ်	၇	၂	၁	၄	၅	၉	၇
၁၈	နော့ဝစ်ချ်	၇	၂	၁	၄	၅	၉	၇
၁၉	ခရစ္စတယ်ပဲလေ့စ်	၇	၁	၀	၆	၅	၁၃	၃
၂၀	ဆန်းဒါးလန်း	၇	၀	၁	၆	၅	၁၆	၁

အောက်တိုဘာ ၆/၇ ဘောလုံးပွဲ ရလဒ်များ

နရင်ဘတ်	၀-၅	ဟမ်းဘတ်
ဖရိုင်းဘတ်	၁-၁	ဖရန့်ဖတ်
မောင့်ပယ်လီယာ	၅-၁	လိုင်ယွန်
ဘော်ဒိုး	၄-၁	ဆိုးချော့စ်
မာဆေး	၁-၂	ပီအက်စ်ဂျီ
အက်သလက်တီကို	၂-၁	ဆဲလ်တာဗီဂို
ဆီဗီလာ	၂-၁	အဲလ်မာရီးယား
ဂီတာဖေး	၃-၁	ဘက်တစ်
ဘီလ်ဘာအို	၁-၁	ဗလင်စီယာ
ဂျူဗင်တပ်စ်	၃-၂	အေစီမီလန်
လာဇီယို	၀-၀	ဖီအိုရင်တီးနား

သီဟ

ရင်ပူစရာမလိုတဲ့ ဂျာမနီနဲ့အီတလီ

မိုးမြင့်လင်းလက်

လာမယ့် စနေ၊ တနင်္ဂနွေနေ့တွေမှာ ပြည်တွင်းလိဂ်ပွဲစဉ်တွေ အနားပေးထားပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် လုံးပန်းကြရဦးမှာပါ။ ဒီတစ်ပတ် ဥရောပဇုန်ခြေစစ်ပွဲတွေမှာ အီတလီ၊ ဂျာမနီတို့က အုပ်စု (B)နဲ့ အုပ်စု (C)မှာ အနေအထားကောင်းနေတာမို့ ပရိသတ်တွေ စိုးရိမ်ပူပန်ရမှု မရှိပါဘူး။

ဒိန်းမတ်နှင့် အီတလီ

အုပ်စု (B)မှာ အီတလီတို့ ရှုံးပွဲမရှိသေးပါဘူး၊ လက်ရှိ ရှစ်ပွဲကစားပြီးချိန်မှာ ရမှတ် ၂၀ရှိထားတာမို့ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်နေခဲ့ပြီ ဖြစ်ပါတယ်။ ဒိန်းမတ်နဲ့ တွေ့ဆုံခဲ့သမျှမှာ အီတလီတို့ မှတ်တမ်းကောင်းတွေ ရေးထိုးနိုင်ခဲ့တာချည်းပါပဲ။ အခုပွဲမှာလည်း ထက်မြက်တဲ့ တိုက်စစ်နဲ့ တန်ပြန်တိုက်စစ်ကို ကွင်းလယ်မှစတင်ပြီး ဂိုးရရှိရေးရှပ်ရှပ်ချွံချွံအားထုတ်ကြိုးစားမှာ ဖြစ်ပါတယ်။ ဒိန်းမတ်တို့ကတော့ ခြေစွမ်းကျဆင်းနေပေမယ့် အိမ်ကွင်းမှာ အီတလီကို သရေပွဲအနည်းဆုံးရအောင် ထိန်းချုပ်ကစားဖို့ ပြင်ဆင်နေတာမို့ အိမ်ရှင်တို့ အမှတ်ယူနိုင်မလားကြည့်ရမှာပါ။

အာမေးနီးယားနှင့် ဘူဂေးလ်ရီးယား

အုပ်စု(B)မှာ ဘူဂေးလ်ရီးယားတို့ တစ်ပွဲရှုံးနဲ့ ၁၃မှတ်ရရှိနေပြီး အုပ်စု ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဒါပေမယ့် အာမေးနီးယားရဲ့ ခြေစွမ်းက အားရစရာမရှိတာမို့ ဘူဂေးလ်ရီးယားတို့ အခုပွဲဟာ အနိုင်သတ်မှတ်ရမှာဖြစ်ပြီး အမှတ်ပြည့်ရနိုင်ပါတယ်။

ဂျာမနီနှင့် အိုင်ယာလန်

ဂျာမနီဟာ အိုင်ယာလန်ကို ငယ်နိုင်ပါပဲ။ အုပ်စု(C)မှာ ဂျာမနီတို့ ရှစ်ပွဲကစား၊ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိ ၂၂ မှတ်ရရှိနေပြီး ခြေစစ်ပွဲအောင်ဖို့နီးစပ်နေပါပြီ၊ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ အိုင်ယာလန်ကို တိုက်စစ်ခြေစွမ်းထက်တဲ့ ဂျာမနီတို့ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံမှာ ဖြစ်တာမို့ ဒီပွဲမှာ အိုင်ယာလန်တို့ မျှော်လင့်ချက်မဲ့သွားနိုင်တဲ့အခြေအနေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

ဆွီဒင်နှင့် ဩစတြီးယား

အုပ်စု(C)မှာ ဆွီဒင်တို့ ဒုတိယနေရာမှာ ရှိနေပါတယ်။ ဩစတြီးယားနဲ့ တွေ့ဆုံသမျှ ဆွီဒင်တို့အသာစီးရခဲ့ပေမယ့် လွယ်လွယ်ကူကူတော့ မဟုတ်ပါဘူး၊ ဩစတြီးယားရဲ့ လက်ရှိခြေစွမ်း တိုက်စစ်၊ ခံစစ်မျှနေတာမို့ အိမ်ရှင်တို့အခက်အခဲနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ အုပ်စု(C)မှာ ဒုတိယနေရာမှန်းနေတဲ့ ဩစတြီးယားတို့ အဝေးကွင်းဆိုပေမယ့် အမှတ်ရအောင် ကြိုးစားမယ့်အနေအထားရှိပါတယ်။

ခရိုအေးရှားနှင့် ဘယ်လ်ဂျီယံ

အုပ်စု(A)မှာ ခရိုအေးရှားတို့ ပုံမှန်ခြေစွမ်းရရှိနေပါတယ်။ ဘယ်လ်ဂျီယံနဲ့ဆုံတိုင်းအနိုင်ယူလေ့ရှိတဲ့ ခရိုအေးရှားဟာ ဒီပွဲနိုင်ရင် ခြေစစ်ပွဲအောင်ဖို့ နီးစပ်သွားမှာဖြစ်တဲ့အတွက် သေချာပေါက်နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။

ခရိုအေးရှား တိုက်စစ်မှူးတွေကို ဘယ်လိုထိန်းချုပ်မလဲဆိုတာကိုပဲ ဘယ်လ်ဂျီယံတို့ တွေးရမယ့်ပွဲပါ။ ။

ဂျိုကိုဗစ်က ရာဖေးလ်နာဒယ်ကို အနိုင်ယူ

ရာဖေးလ်နာဒယ်သည် ဂျိုကိုဗစ်၏ ကမ္ဘာ့နံပါတ်တစ်နေရာကို ပြန်လည်ရယူလိုက်ပြီဖြစ်သည်။ သို့သော်လည်း ချိုင်းနားအိုးပင်းဗိုလ်လုပွဲတွင် ဂျိုကိုဗစ်ကို နာဒယ်ရှုံးနိမ့်သွားခဲ့သည်။ ဂျိုကိုဗစ်က ဗိုလ်လုပွဲသို့ ပြန်လည်တက်ရောက်နိုင်ပြီး ကမ္ဘာ့နံပါတ်တစ်နေရာကို ပြန်လည်ရယူသွားနိုင်ခဲ့သော နာဒယ်အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ယူခဲ့သည်။

မိမိအနေဖြင့် ၂၀၁၃ ခုနှစ် ယခုအချိန်အထိ ကမ္ဘာ့အကောင်းဆုံးတင်းနစ်ကစားသမားကို အနိုင်ယူရန် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဂျိုကိုဗစ်က ပြောသည်။ ဂျိုကိုဗစ်သည် ချိုင်းနားအိုးပင်းဖလားကို စတုတ္ထကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်စ်တို့ လေးပွဲဆက်တိုက်နိုင်

အီတလီစီးရီးအေပြိုင်ပွဲအဖြစ် ဂျူဗင်တပ်စ်နှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျူဗင်တပ်စ်က သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ထိပ်ဆုံးရောက်ရှိမားနောက်မှ နှစ်မှတ်အကွာဖြင့် ကပ်လိုက်လာသည်။ လက်ရှိချန်ပီယံဂျူဗင်တပ်စ်၏ ယင်းအနိုင်ပွဲသည် လေးပွဲဆက်တိုက်အနိုင်ရမှုဖြစ်သည်။ သို့သော်လည်း ဘင်နီတက်ဇ်၏ နာပိုလီသည် လီဗော်နိုကို လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သဖြင့် ဂျူဗင်တပ်စ်တို့ ဇယားတတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဘိုင်ယန်မြူးနစ်တို့ထိပ်ဆုံးရောက်

ဂျာမနီဘွန်ဒက်စ်လီဂါပြိုင်ပွဲများကို အောက်တိုဘာ ၆ ရက်က ယှဉ်ပြိုင်ကစားအပြီး ဒေါ့မွန်တို့ ပထမဆုံးရှုံးပွဲကြုံခဲ့သဖြင့် ဘိုင်ယန်မြူးနစ်တို့ ထိပ်ဆုံးတက်လာနိုင်သည်။ ဘိုင်ယန်မြူးနစ်နှင့်လေဗာကူဆင်တို့ ကစားရာတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ဒေါ့မွန်က မွန်ချန်ဂလာဘတ်ကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ဘိုင်ယန်မြူးနစ်တို့ ယင်းပြိုင်ပွဲအပြီး ရှစ်ပွဲကစားရာတွင် ရမှတ် ၂၀ ဖြင့် ဦးဆောင်နေသည်။ လေဗာကူဆင်က တတိယနေရာ၌ ရပ်တည်နေသည်။

ဆီရီနာဝီလျံ ချိုင်းနားအိုးပင်းဖလားဆွတ်ခူး

ချိုင်းနားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆီရီနာဝီလျံက ဂျန်ကိုဗစ်ကို ၆-၂၊ ၆-၂ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားပြီဖြစ်သည်။ ဆီရီနာဝီလျံသည် အဆိုပါချိုင်းနားအိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြင့် ယခုနှစ်အတွင်း ၁၀လုံးမြောက် ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ မိမိအနေဖြင့် စိတ်လှုပ်ရှားမိကြောင်း၊ မယုံကြည်နိုင်လောက်အောင်ဖြစ်ရကြောင်း အသက် ၃၂ နှစ်အရွယ်ရှိ အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံကပြောသည်။

အကောင်းဆုံးပြိုင်ဘက်ကို ယှဉ်ပြိုင်အနိုင်ရခဲ့၍ ဂုဏ်ယူကြောင်းလည်း ဆီရီနာဝီလျံက ပြောကြားသည်။

ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြည်နယ်အားကစားကွင်း(ကန္တရဝတီ)အတွင်းရှိ ဘော်လီဘောအားကစားရုံနှင့် ကြက်တောင်အားကစားရုံ ပြုပြင်ခြင်းလုပ်ငန်းနှစ်ခု ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) တင်ဒါပုံစံ ရောင်းချမည့်ရက် - ၈-၁၀-၂၀၁၃ရက်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၄-၁၀-၂၀၁၃ရက်၊ ၁၆:၀၀နာရီ
(ဂ) တင်ဒါသွင်းမည့်နေရာ - ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ လွိုင်ကော်မြို့၊

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန
ကယားပြည်နယ်၊ လွိုင်ကော်မြို့
ဖုန်း-၀၈၃-၂၁၁၃၆

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ကြံခင်းမြို့တွင် ဆွမ်းလောင်းလှူမည်

၁၇-၁၀-၂၀၁၃ရက်ည ရန်ကုန်မှထွက်ခွာပြီး ၂၀-၁၀-၂၀၁၃ရက်ည ပြန်လာမည်၊ အသင်းဝင်များ ကားခတစ်ဝက်နှုန်းနှင့် နာယကကြီးများ အခမဲ့ စီစဉ်ထားပါသည်။ လိုက်ပါလိုသူအသင်းဝင်များ ၁၅-၁၀-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးကြပါရန်။

ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၉-၄၃၁၅၂၁၁၁
ဦးစိန်ငွေ ဖုန်း-၀၉-၅၁၃၂၁၅၈ **ဦးတင်မောင်ဝင်း ဖုန်း-၀၉-၄၂၀၁၄၃၀၇၇**
ဦးကျော်ဒွန်း ဖုန်း-၀၉-၅၁၂၄၅၇၆ **ဒေါ်တင်တင်ထွေး ဖုန်း-၅၄၁၀၆၅**
ဒေါ်ခိုင်ခိုင်စိုး ဖုန်း-၀၉-၅၁၆၅၇၀၁ **ဒေါ်အေးအေးညွန့် ဖုန်း-၀၉-၄၉၃၃၁၉၃၃**

အမှုဆောင်အဖွဲ့

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဝင်းပပဖြိုး ၁၂/ဒပန(နိုင်)၀၆၀၈၅၃၏ သွင်းကုန်ပါမစ်မူရင်း အမှတ် ISP IDV8 13-1419115/07/08/2013 သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်စာရွက်စာတမ်း Customs statement များ Taxi နံပါတ်မမှတ်မိပေါ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၆၈၅၅၉**



စာရေးဆရာ အယ်ဒီတာချုပ် မင်းဆုပ်ရိုး၏ ထောင်အကြောင်းဆောင်းပါး "ကြောက်ပါပြီဗျ" စာမူပါဝင်သော အတွဲ(၅)၊ အမှတ်(၁၀)၊ အောက်တိုဘာလ၊ ၂၀၁၃ သရုပ်ဖော်ရသစာပေမဂ္ဂဇင်း ထွက်ရှိနေပါပြီ။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂ ရက် နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂)တွင် ဒေါ်မို့မို့၏ လွှဲအပ်ညွှန်ကြားချက်အရ (ဗေယျာ)ဦးစိန်လှိုင် B.A (Law), LL.B ၂၃၅၇ တို့၏ ကြေညာချက်အပေါ် ပြန်လည်အသိပေးကြေညာခြင်း

ဒေါ်မြမြအေး Diamond Queen မှ ဒေါ်မီမီဆွေအား ပေးအပ်ရန်ကျန်ရှိသော FEC 733250 နှင့်ညီမျှသော မြန်မာကျပ်ငွေ ၇၁၈၅၈၅၀၀၀/-(ကျပ်သိန်းပေါင်းခုနစ်ထောင့်တစ်ရာရှစ်ဆယ့်ငါးသိန်းရှစ်သောင်းငါးထောင်တိတိ)ကို ပေးအပ်ရန်ရှိကြောင်း ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂ရက် နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂)တွင် ကြော်ငြာထားသော ကြော်ငြာစာပါ အကြောင်းအရာများမှာ လုံးဝမှန်ကန်မှုမရှိပါ။

ကျွန်မ ဒေါ်မြမြအေးသည် ဒေါ်မီမီဆွေဆိုသူနှင့် စီးပွားရေးအရသော်လည်းကောင်း၊ ငွေရေးကြေးရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ပတ်သက်ဆက်နွှယ်ဆက်ဆံခြင်း၊ သိကျွမ်းတွေ့ဖူးမြင်ဖူးခြင်း လုံးဝမရှိပါ။

အမှန်စင်စစ် ဒေါ်မို့မို့ထံမှ ငွေတိုးဖြင့် ချေးယူခဲ့ခြင်းသာရှိခဲ့ပြီး ကျွန်မ ဒေါ်မြမြအေးနှင့် သက်ဆိုင်သော အရင်းငွေများကို အတိုးများနှင့်တကွ အပြီးအပြတ် ပေးဆပ်ပြီးဖြစ်ပါသည်။

သို့ပါ၍ ဤသို့ မမှန်မကန် ဂုဏ်သိက္ခာထိခိုက်စေရန် ကြေညာထားသောကိစ္စအား ခုနစ်ရက်အတွင်း ရုပ်သိမ်းကြောင်း ပြန်လည်ဖြေရှင်းကြေညာပေးရန် အကြောင်းကြားပါသည်။

လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲအရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်မြမြအေး (Diamond Queen)၏ ညွှန်ကြားချက်အရ-
ဦးမောင်မောင်စိုး B.A,R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၂၈၉)
ရုံး-၈၃/၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရန်ကုန်မြို့ ရွှေကျေးစာပေတိုက်မှ ထုတ်ဝေသော ရွှေဘိုဘာမထီခင်အောင် ရေးသည့် ငပယင်းရွာက သူရဲကောင်း မဟာဗန္ဓုလ လုံးချင်းဝတ္ထု ထွက်ပြီ။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မဇင်ဇင်ထက် ၁၀/မလမ(နိုင်)၂၂၃၄၅၅သည် မိဘကို အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သမျှအရာအားလုံး မိဘတို့နှင့် လုံးဝမသက်ဆိုင်တော့ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ဝင်းကြည်
မော်လမြိုင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂င/၅၈၇၃ Mitsubishi Canter/L/T ယာဉ်လက်ဝယ်ရှိသူ ဦးဟန်လင်းလွင် ၁၂/လမတ(နိုင်)၀၃၀၄၃၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးစိုးမင်းအောင် ၁၂/စခန(နိုင်)၀၃၄၅၉၀ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၃၆၂၈၆

နှစ်ပေါင်း၅၀၀ခန့်က ရှေးဟောင်းရုပ်ပွားတော်များကျောက်ဆည်မြို့နယ်အတွင်းတွေ့ရှိ

ရှေးဟောင်းစေတီပုထိုးများပေါများသော ကျောက်ဆည်နယ်တွင် ပြုပြင်ထိန်းသိမ်းလျက်ရှိသော စေတီများရှိသလို မပြုမပြင်ရသေးသော စေတီပုထိုးများလည်း ရှိနေပေသေးသည်။ ထိုအထဲတွင် ကျောက်ဆည်မြို့နယ်အနောက်ရွာနန်းကျေးရွာ အရှေ့ဘက်တွင်ရှိသော ရွာဦးဘုန်းတော်ကြီးကျောင်းဘုရားဝိုင်းအတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင် လေးမျက်နှာဆုတောင်းပြည့်စေတီတော်သည်လည်း မပြုမပြင်နိုင်သေးသော စေတီတော်ကြီးတစ်ဆူဖြစ်ပေသည်။ စေတီတော်ကြီးသည် ခေတ်ကာလကြာမြင့်လာခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုနည်းပါးခြင်း၊ သဘာဝဘေးအန္တရာယ်တို့ကြောင့် သုံးကြိမ်တိုင်တိုင် ပြိုကျပျက်စီးခဲ့ရာမှ မြတ်စွာဘုရား၏ ရုပ်ပွားတော်များနှင့် ဗုဒ္ဓဝင်ဖြစ်စဉ်များဖြစ်သည့် ဗျာဒိတ်တော်ပေးတော်မူခန်း၊ ဖွားတော်မူခန်း၊ တောထွက်တော်မူခန်း၊ ဆံတော်ပယ်ခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်းစသည့် ဘုရားဖြစ်စဉ်များနှင့် ရှေးဟောင်းအမွေအနှစ်လက်ရာ ဌာပနာ အမြောက်အမြားကို တွေ့ရှိခဲ့ကြောင်း သိရှိရသည်။

ကျေးရွာနှင့် စေတီတော်ကြီး၏ သမိုင်း

အနော်ရထာမင်းကြီးသည် သာသနာတော်သန့်ရှင်းတည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရာတွင် ပုဂံဒေသ၌ ဆိုးသွမ်းသောင်းကျန်းလျက်ရှိသော အရည်းကြီးများကို နှိမ်နင်းခဲ့ရာ အရည်းကြီးများသည် ပုဂံနေပြည်တော်မှ ဤကျောက်ဆည်နယ် ရှေးအခေါ်လယ်တွင်းကိုးခရိုင်သို့ နောက်လိုက်နောက်ပါ ၃၀၀၀ ခန့်ဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ အနော်ရထာမင်းကြီးလည်း အရည်ကြီးများကို နှိမ်နင်းရန် လယ်တွင်းကိုးခရိုင်သို့ ရောက်ရှိပြီး သာသနာတော် ပြန့်ပွားရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ထိုသို့လယ်တွင်းနယ်တစ်ခွင် သာသနာတော်ပြန့်ပွားရေးဆောင်ရွက်ရင်း အနောက်ဘက်တစ်ခွင်သို့ ရောက်ရှိရာ ယာယီထီးနန်းစိုက်ခဲ့သောနေရာသည် ယနေ့အချိန်အခါတွင် ရွာနန်းရွာအဖြစ် ထင်ရှားစွာကျန်နေရစ်ခဲ့သည်။ ထိုရွာနန်းကျေးရွာတွင် အနော်ရထာမင်းကြီး၏မိဖုရား မဖော့ဖြူတည်ထားကိုးကွယ်တော်မူခဲ့သော မြသိန်းတန်ဘုရား၊ အနော်ရထာမင်းကြီးတည်ထားပြီး ရှင်အရဟံသိမ်သမုတ်ခဲ့သော ရွှေသိမ်တော်မြတ်စွာဖုရား၊ စစ်သည်တော်များစခန်းချရာ သွေးသောက်ကုန်းများမှာ ယနေ့ထက်တိုင်မူလလက်ရာများ မပျက်စီးသေးပဲ တွေ့ရှိနိုင်သည်။

ရွာနန်းကျေးရွာ၏ အရှေ့ဘက်ရွာဦးဘုန်းကြီးကျောင်း ဘုရားကျောင်းဝိုင်းအတွင်း၌ စေတီတော်သုံးဆူတန်းလျက် တည်ထားကိုးကွယ်ထားသည်ကို ယနေ့တိုင်တည်ရှိလျက်ရှိပေသည်။ ထိုစေတီတော်သုံးဆူသည် မြင်စိုင်းခေတ် ရှမ်းညီနောင်သုံးပါးဖြစ်သော အသင်္ခယာ၊ ရာဇသင်္ကြန်၊ သီဟသူတို့၏ မိဖုရားသုံးပါးတည်ထားကိုးကွယ်တော်မူခဲ့သော တဝဂူစေတီတော်၊ သစ္စာအဓိဋ္ဌာန်အောင်လေးမျက်နှာဆုတောင်းပြည့်စေတီတော်နှင့် ရွှေဂူတုပ်စေတီတော်တို့ဖြစ်ကြောင်း ကိုးခရိုင်သမိုင်းအထောက်အထားများအရ သိရသည်။ ယခုသဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီတော်ကြီးမှာ သစ္စာအဓိဋ္ဌာန်အောင်လေးမျက်နှာဆုတောင်းပြည့်စေတီတော်ဖြစ်ပေသည်။ စေတီတော်များတည်ထားကိုးကွယ်တော်မူခဲ့သော အနေအထားနှင့် စေတီတော်များ၏ ဉာဏ်တော်များအရ လေးမျက်နှာစေတီတော်သည် ဉာဏ်တော်အမြင့်ဆုံး၊ ထို့နောက် တဝဂူစေတီတော်၊ ရွှေဂူတုပ်စေတီတော်တို့သည် ဉာဏ်တော်ကြီးစဉ်ငယ်လိုက်တည်ရှိသောကြောင့် လေးမျက်နှာစေတီတော်ကြီးကို ရှမ်းညီနောင်သုံးပါးတို့ထဲမှ အကြီးဆုံး အသင်္ခယာ၏ မိဖုရား တည်ထားကိုးကွယ်ထားသည်ဟု ခန့်မှန်းနိုင်သည်။ သို့သော် ခိုင်လုံသော သမိုင်းအထောက်အထား မတွေ့ရှိရသေးပေ။ ထိုလေးမျက်နှာစေတီတော်ကြီးသည် သဘာဝအလျောက် ယိုယွင်းပျက်စီးပြီး ပြိုကျခဲ့ရာ ရှေးခေတ်လက်ရာ မြတ်စွာဘုရား ရုပ်ပွားတော်များနှင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းဌာပနာတော်များကို သုံးကြိမ်တိုင်တိုင် တွေ့ရှိခဲ့ရပေသည်။

ပထမအကြိမ် ဌာပနာတော်များတွေ့ရှိရမှု

စေတီတော်များသည် တည်ထားကိုးကွယ်တော်မူခဲ့သည့် ခေတ်ကာလအချိန်ကြာမြင့်ခဲ့ခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှု အားနည်းခဲ့ခြင်းကြောင့် ရှမ်းညီနောင်သုံးပါးတို့၏ မိဖုရားသုံးပါးမှ တည်ထားကိုးကွယ်တော်မူခဲ့သော တဝဂူ၊ လေးမျက်နှာ၊ ရွှေဂူတုပ်စေတီတော်များမှာ ထီးတော်များမရှိတော့ဘဲ ယိုယွင်းလျက်ရှိရာမှ ခရဇ်သက္ကရာဇ် ၂၀၀၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် နံနက် ၇ နာရီတွင် သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်စေတီတော်ကြီး၏ အရှေ့ဘက်ခြမ်းပြိုကျခဲ့သည်။ ထိုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် စေတီတော်ကြီး ခေါင်းလောင်းမှ အထက်ပိုင်းသည် အရှေ့တောင်ထောင့်ဘက်သို့ ပြိုကျခဲ့သည်။ ထိုသို့ပြိုကျခဲ့ရာ ကျေးရွာလူထုက သန့်ရှင်းရေးလုပ်ရာမှ ကော်ချိပ်ခံ ပလ္လင်ကျောက်မြုပ်ဘုရား ရုပ်ပွားတော်ရှစ်ဆူ၊ နှစ်ကျိပ်ရှစ်ဆူကြေးရုပ်ပွားတော် ၁၆ ဆူ၊ တဖုသျှ၊ ဘလိကကြေးဆင်းတုတော် လေးဆူ၊ သတ္တဌာန လေးဆူ၊ ကြေးဖြင့်သွန်းလောင်းထားသော သုမေဓာရသေ့၊ ဆင်စီးရုပ်၊ နတ်တင်ကြေး ကန်တော့ဟန်၊ ရပ်တော်မူတစ်ဆူစီ၊ ရဟန္တာကန်တော့ဟန်၊ နတ်တင် ကြေးတစ်ဆူစီ၊ ခဲပုံသွင်းနတ်ဝတ်ဆင်းတုကြေးသွန်းစေတီပုံတစ်ဆူစီ၊ ဓာတ်တော်ကြုတ်နှင့် ဓာတ်တော်များအဖြစ် စကျင်ဘူမိဖသမုဒြာများနှင့် ဟင်္သာပြဒါး ဆေးရေးပါ စကျင်ဘူမိဖသမုဒြာ ၁၃ ဆူတို့ကို တွေ့ရှိခဲ့သည်။

စေတီတော် ပြိုကျပျက်စီးသွားသော်လည်း ကျေးရွာပြည်သူများသည် စေတီတော်ကြီးသည် ထုထည်ပမာဏကြီးမားခြင်းကြောင့် ပြုပြင်နိုင်စွမ်းမရှိသေးခြင်း၊ စေတီတော်ကြီး၏ သမိုင်းနှင့် မည်သူတည်ထားကိုးကွယ်ခဲ့သည်ကို မသိရှိရခြင်းကြောင့် တွေ့ရှိရသော ဌာပနာတော်များကို ကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သော ဦးသန်းမြင့်၏နေအိမ်တွင် ပင့်ဆောင်ကိုးကွယ်တော်မူခဲ့သည်။

ဒုတိယအကြိမ် ဌာပနာတော်များ တွေ့ရှိရမှု

သစ္စာအဓိဋ္ဌာန်အောင် လေးမျက်နှာဆုတောင်းပြည့်စေတီတော်ကြီး ပြိုကျပြီး ရှစ်နှစ်အကြာ ၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ပြန်လည်ပြုပြင်ရန်အတွက် ကျေးရွာသံဃနာယကအဖွဲ့ ဆရာတော်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ၊ ဂေါပကအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများသည် အစည်းအဝေးတစ်ရပ်ကျင်းပကာ ပြုပြင်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုသို့ပြုပြင်ရန်အတွက် ကျေးရွာလူထုလုပ်အားဒါနဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင် စေတီတော်ကြီးအား စတင်ပြီး သန့်ရှင်းရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် တစ်ကြိမ်၊ ၅ နာရီ မိနစ် ၂၀ တွင်တစ်ကြိမ် ဌာပနာတော်များတွေ့ရှိရသည်။ ဒုတိယအကြိမ် တွေ့ရှိရသော ဌာပနာများသည် လက်ရာမျိုးစုံ၊ ပုံစံမျိုးစုံ၊ ဉာဏ်တော်အမြင့် အမျိုးမျိုးဖြစ်သည်။ ကျေးရွာပြည်သူများသည် ရှေးဟောင်းသုတေသနဦးစီးဌာနကို အကြောင်းကြားရာ၂၆-၉-၂၀၁၁ ရက်တွင် ညွှန်ကြားရေးမှူးဦးမြင့်ဇော်နှင့်အဖွဲ့၊ ၂၇-၉-၂၀၁၁ရက်တွင် လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်အောင်ကျော်နှင့်အဖွဲ့၊ ၃၀-၉-၂၀၁၁ ရက်တွင် ကျောက်ဆည်ရှေးဟောင်းသုတေသနတာဝန်ခံတို့က စစ်ဆေးရာ ရွှေကိုယ်တော် ရုပ်ပွားတော်လေးဆူ၊ ငွေကိုယ်တော် ရုပ်ပွားတော် ၈၈ ဆူ၊ ကြေးကိုယ်တော်ရုပ်ပွားတော် ၈၄ ဆူ စုစုပေါင်း ရုပ်ပွားတော် ၁၇၃ ဆူနှင့် ဓာတ်တော်ကြုတ်တစ်ခုအတွင်းမှ ရွှေပုရပိုက်၊ ငွေပုရပိုက်၊ ကြေးပုရပိုက်ဖြစ်ကြောင်း အတည်ပြုခဲ့ကြသည်။ တွေ့ရှိသည့် ဌာပနာများစစ်ဆေးတွေ့ရှိချက်အရ ဗုဒ္ဓမြတ်စွာဘုရား၏ ဘုရားဖြစ်စဉ်များဖြစ်သည့် ဗျာဒိတ်တော်ပေးတော်မူခန်း၊ ဖွားတော်မူခန်း၊ တောထွက်တော်မူခန်း၊ ဆံတော်ပယ်ခန်း၊ ဘုရား ဖြစ်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော် မူခန်းတို့ကို အခန်းလိုက် တွေ့ရှိရသည်။

တတိယအကြိမ် ဌာပနာတော်များတွေ့ရှိရမှု

ကျေးရွာအဖွဲ့အစည်းများ၊ စေတီတော်ကြီး ပြုပြင်ရေးအဖွဲ့နှင့် ရှေးဟောင်းသုတေသနဦးစီးဌာနတို့ပူးပေါင်းပြီး စေတီတော်ကြီးပြုပြင်ဆောင်ရွက်လျက်ရှိရာ ပြိုကျပျက်စီးခဲ့သော စေတီတော်ကြီး၏ မြေသားများနှင့် အုတ်ခဲများကို ရှင်းလင်းဖယ်ရှားရာမှ ၂၀၁၃ ခုနှစ် ဩဂုတ် ၉ ရက် ညနေ ၄ နာရီ ၂၀ မိနစ်တွင် ဌာပနာတော်များကို ထပ်မံပြီး တွေ့ရှိခဲ့ပြန်သည်။ တတိယအကြိမ်တွေ့ရှိရသည့် ဌာပနာတော်များသည် ကြေးကိုယ်တော်၊ ကျောက်ဆင်းတုနှင့် ရွှေရည်သုတ်ရုပ်ပွားတော်တို့ကို လက်ရာမျိုးစုံ၊ ဉာဏ်တော်အမြင့် အမျိုးမျိုးဖြင့် အကောင်းပကတိများပါရှိသလို အချို့ရုပ်ပွားတော်များသည် အနည်းငယ်ပျက်စီးနေသည်ကို တွေ့ရှိရသည်။ ထို့အပြင် ရှေးဟောင်းလက်ရာများပါဝင်သော ရုပ်ပွားတော်မဟုတ်သည့် ဌာပနာတော်များကိုလည်း တွေ့ရှိရသည်။

လက်ရှိအခြေအနေ

ကျေးရွာလူထုသည် ရှေးမင်းများတည်ထားကိုးကွယ်တော်မူခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်မပျက်ရအောင် ထိန်းသိမ်းနိုင်ရေးအတွက် ကျေးရွာသံဃနာယကအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုကို ခံယူပြီး မြို့နယ်သက်ဆိုင်ရာဒေသအာဏာပိုင်နှင့် တိုင်းဒေသကြီးနှင့်မြို့နယ်တို့မှ ရှေးဟောင်း သုတေသနဦးစီးဌာနနှင့် ပူးပေါင်းပြီး သစ္စာအဓိဋ္ဌာန်အောင် လေးမျက်နှာ ဆုတောင်းပြည့်စေတီတော်ကြီးကို ပြုပြင်လျက်ရှိသည်။ ထိုသို့ပြုပြင်ရာတွင် စေတီတော်ကြီးပြိုကျစဉ်က တွေ့ရှိခဲ့ရသော စေတီတော်ကြီး၏ ပုံစံငယ် စေတီတော်တစ်ဆူကို တွေ့ရှိခဲ့ရ၍ မူလလက်ရာမပျက် ပြန်လည်ပြုပြင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် စေတီတော်ကြီးပြုပြင်နိုင်ရေးအတွက် လုပ်အားဒါန ကုသိုလ်ယူသူများဖြင့် ဆောင်ရွက်လျက်ရှိသည်။ စေတီတော်ကြီးပြုပြင်ရန်သည် ထုထည်ပမာဏ ကြီးမားခြင်း၊ ကျန်စေတီများဖြစ်သည့် တဝဂူနှင့် ရွှေဂူတုပ်စေတီတော်များသည်လည်း ယိုယွင်းပျက်စီးပြီး ထီးတော်များမရှိတော့သည့်အတွက် ပြုပြင်ရန်လိုအပ်လျက်ရှိသောကြောင့် ကျေးရွာလူထု၏ အလှူငွေဖြင့် မလုံလောက်ကြောင်း သိရှိရသည်။ ထို့ကြောင့် မြန်မာ့ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဗုဒ္ဓသာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် စေတနာရှင်ပြည်သူအပေါင်းတို့က ပါဝင်ကုသိုလ်ယူနိုင်ရန်နှင့် တွေ့ရှိခဲ့ရသော ရှေးဟောင်းလက်ရာဌာပနာတော်များအား ဖူးမြော်ကြည်ညိုနိုင်ရန် နှိုးဆော်တိုက်တွန်းရေးသားတင်ပြလိုက်ပါသည်။ **(ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းပိုင် ခဲမဖြူသတ္တုစင် (Electro Refined Tin) ၂၀၀.၀၀မက်ထရစ်တန်ခန့်၊ သတ္တုသန့်စင်များနှင့် အခြားရောရာသတ္တုများအား အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၄ ရက်၊ ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေး ဌာနခွဲ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၀နှင့် ၀၆၇-၄၀၉၃၉၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ် (၂)၊ သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

ရှမ်းပြည်နယ် သာသနာရေးမှူးရုံး၊ တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ညောင်ရွှေမြို့နယ်သာသနာရေးမှူးရုံး(၃၆ ပေ × ၃၀ပေ×၁၀ပေ)အုတ်ညှပ် နံကပ်တစ်ထပ်ရုံးသစ်ဆောက်လုပ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၁၀-၂၀၁၃ ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ တောင်ကြီးမြို့သို့ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၈၁-၂၁၂၁၃၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလုပ်ငန်းများ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့် ကျေးလက်ကတ္တရာလမ်း (၄)လမ်း (၁၀/၀)မိုင်၊ ကျောက်ချောလမ်း(၆)လမ်း (၃၂/၀)မိုင်၊ မြေသားလမ်း ၁၄လမ်း (၄၈/၀)မိုင်၊ တံတား(၈)စင်း ပေ(၁၀၀၀)၊ ရေပြွန်(၁၄၀)စင်း ပေ(၇၀၀)၊ ခရိုင်ချင်းဆက်လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတစ်ခု၊ ကျေးလက်ယင်လုံအိမ်သာအလုံး(၂၀၀)၊ရေပေးရေးလုပ်ငန်း(၄၀)ခု၊ ကျေးလက်မီးလင်းရေး (ဆိုလာ) (၁၀)ရွာ (၈၉၇)အိမ်၊ ကျေးလက်တန်ဖိုးနည်းအိမ်ရာ (၆၈)လုံးတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၆-၁၀-၂၀၁၃ ရက်မှ ၅-၁၁-၂၀၁၃ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၆-၁၁-၂၀၁၃ ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်အချိန်** - ညနေ ၁၆း၀၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမရပူရမြို့၊ ဖုန်း-၀၂-၅၁၅၄၆၁၉၊ ၀၉-၂၅၀၂၅၇၅၇၅၊ ၀၉-၈၃၀၀၉၈၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ နိုင်ငံတော်ညွှဲ့ယာဉ်များတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(က) တာယာ - ၁၆ မျိုး

(ခ) ဘက်ထရီ - ၁၃ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၁၀-၂၀၁၃ရက်မှ ၂၃-၁၀-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ်(၃၂) နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၀-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

တင်ဒါကြီးကြပ်ကွပ်ကဲရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၆၁၆၇

အမည်ပြောင်း

ဦးအောင်မြင့်၏သား သန်လျင်မြို့၊ အထက(၁)၊ န၀မတန်း(E)မှ မောင်သန့်ဇဥ်ဖြိုးအား မောင်သန့်ဇင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်ဇင်ဖြိုး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အာရှဖွံ့ဖြိုးရေးဘဏ်နှင့်ဂျပန်နိုင်ငံတို့၏အကူအညီဖြင့် မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအင်လုပ်ငန်းများ တိုးချဲ့မည်

ရန်ကုန် အောက်တိုဘာ ၇

ဂျပန်နိုင်ငံ ရန်ပုံငွေ(JFPR)မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ၂ ဒသမ ၈၅သန်းအား စွမ်းအင်ဆိုင်ရာ ရေရှည်စီမံကိန်းများချမှတ်ရန်၊ လျှပ်စစ်ဓာတ်အားလိုင်းများအဆင့်မြှင့်ရန်နှင့်တိုးချဲ့တပ်ဆင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ မြန်မာနိုင်ငံအစိုးရအား ထောက်ပံ့ကူညီပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စွမ်းအင်ဆိုင်ရာ မူဝါဒများကို ပြန်လည်ဖြည့်တင်းနိုင်သော စဉ်ဆက်မပြတ် စွမ်းအင်အရင်းအမြစ်များရရှိရေးအတွက် စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများကိုမြှင့်တင်ဆောင်ရွက်သင့်သည့်အပြင် စွမ်းအင်ချွေတာသုံးစွဲခြင်းတို့ကိုလည်း ဦးစားပေးဆောင်ရွက်သင့်ကြောင်း ညွှန်ပြလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို အကဲဖြတ်ရန်နှင့် လိုအပ်ချက်ကိုပြည့်မီရန်အတွက် လမ်းပြမြေပုံ တစ်ခုရေးဆွဲနိုင်အောင် မဟာစီမံကိန်းက အကူအညီပေးနိုင်ကြောင်း(ADB)၏ အရှေ့တောင်အာရှဌာနမှ Lead Energy Specialist ဖြစ်သူ Mr.Jong-Inn Kim က ပြောကြားသည်။

စွမ်းအင်အရည်အသွေးနှင့်ပြန်လည်ဖြည့်တင်းနိုင်သော စွမ်းအင်များအတွက် မူဝါဒနှင့်ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရန် မြန်မာနိုင်ငံ၏ အနှစ်(၂၀)စွမ်းအင်စီမံကိန်းချမှတ်ရန်အတွက် စုစုပေါင်း ထောက်ပံ့ငွေများအနက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ သန်းကို သုံးစွဲသွားမည်ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန ခုနစ်ခုအပြင် အမျိုးသားစွမ်းအင်စီမံခန့်ခွဲရေး ကော်မတီတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိ အနေအထားအရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ပြည်ပသို့စွမ်းအင်အများဆုံးတင်ပို့သော ငါးနိုင်ငံတွင်တစ်ခု အပါအဝင်ဖြစ်သော်လည်း လျှပ်စစ် စွမ်းအင်တိုးတက်မှုနှင့် ဓာတ်အားလိုင်းများတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးသောကြောင့် အရှေ့တောင်အာရှတွင် လျှပ်စစ်မီးရရှိနိုင်မှု အနည်းဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေအားလျှပ်စစ်နှင့် ဇီဝလောင်စာဆီကဲ့သို့သော စွမ်းအင်အရင်းအမြစ်များ အလွန်ပေါများပြီး ၁၉၉၅ ခုနှစ် ဇန်နဝါရီမှ ၂၀၁၁ ခုနှစ် စက်တင်ဘာအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ သုံးပုံ တစ်ပုံရှိကာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံရှိသည်။

ဆင်းရဲမှုလျှော့ချရေးအတွက် ဂျပန်နိုင်ငံရန်ပုံငွေ (JFPR)မှ ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းသုံးစွဲမည့် ဒုတိယ နည်းပညာအထောက်အပံ့တစ်ခုကို လည်း အာရှဖွံ့ဖြိုးရေးဘဏ်မှ အတည်ပြုပြီးဖြစ်သည်။

အဆိုပါ ထောက်ပံ့ငွေအား လျှပ်စစ်ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ စီမံချက်များအကောင်အထည်ဖော်ရန်ကိစ္စရပ်များတွင် သုံးစွဲသွားမည်ဖြစ်သည်။ အဆိုပါစီမံချက်သည် မြို့ပြနှင့် ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားလိုင်းများ ဆက်သွယ်ရာ၌ ထုတ်လွှတ်ခြင်းနှင့်ဖြန့်ဖြူးခြင်းစနစ်များတွင် ထုတ်လွှတ်မှုစွမ်းရည်တိုးမြှင့်စေနိုင်ပြီး လေလွင့်ဆုံးရှုံးမှုကို လျော့ကျစေမည်ဖြစ်သည်။ ၎င်းစီမံကိန်းသည် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ တွင် ဖြန့်ဖြူးရေးကွန်ရက်များ ပြန်လည်ကောင်းမွန်အောင်လုပ်ဆောင်မည်ဖြစ်ပြီး ထုတ်လွှတ်မှု စွမ်းရည်ကိုလည်း တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

စံကားဝါ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ သင်ကြားစီမံစာသင်သား အပါး ၁၀၀တို့သည် အောက်တိုဘာ ၄ရက် နံနက်က ကြည့်မြင်တိုင်မြို့နယ်အတွင်း ပိဏ္ဍစာရ ဆွမ်းခံထွက်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးဦးစီးသော မြို့နယ်မှအလှူရှင်များက ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အရေးပေါ် အသက်ကယ်တင်ကုသပို့ဆောင်ရေး လုပ်ငန်းသို့ ကမ္ဘောဇဘဏ်မှ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

အရေးပေါ်လူနာအသက်ကယ်တင်ကုသ ပို့ဆောင်ရေးလုပ်ငန်းသို့ ကမ္ဘောဇဘဏ်ဥက္ကဌက အရေးပေါ်လူနာတင် ယာဉ်တစ်စီးနှင့် ဆေးကုသရေးပစ္စည်းအတွက် အမေရိကန်ဒေါ်လာ ၁၄၈၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဌ ဒေါက်တာကျော်မြင့်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ လှူဒါန်းခြင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး အရေးပေါ်လူနာအသက်ကယ်တင် ကုသပို့ဆောင်ရေးလုပ်ငန်း ဒါရိုက်တာအဖွဲ့ဥက္ကဌ ဒေါက်တာတင်ဇော်မောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

"ဒီလုပ်ငန်းကို မနှစ်က အောက်တိုဘာ ၁ ရက်မှာ တည်ထောင်ခဲ့တာဆိုတော့ တစ်နှစ်ပြည့်ခဲ့ပြီ။ ဒီအတောအတွင်း ထိခိုက်ဒဏ်ရာရ သူတွေ၊ ရောဂါ ဝေဒနာကြောင့် အရေးပေါ်အခြေအနေရှိတဲ့လူနာ တွေဆီကို အမြန်သွားရောက်ပြီး ကယ်တင်နိုင်ခဲ့တယ်။ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ မရွေးဘူး။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူတွေကို ပိုပြီးအလေးပေး ဆောင်ရွက်ခဲ့တယ်။ တစ်နိုင်ငံလုံးအထိ ပျံ့နှံ့အောင်မြင်သွားဖို့ ကြိုးစားမှာပါ။ ရန်ကုန်မှာတော့ လူနာသယ်ယူရာမှာ ယာဉ်ကြောပိတ်ဆို့မှုက အခက်အခဲရှိတယ်။ အလှူရှင်၊ စေတနာရှင်တွေရဲ့ လှူဒါန်းမှုတွေကို လက်ခံနေပါတယ်" ဟုအရေးပေါ်လူနာ အသက်ကယ်တင်ကုသပို့ဆောင်ရေးလုပ်ငန်း ဒါရိုက်တာအဖွဲ့ဥက္ကဌ ဒေါက်တာ တင်ဇော်မောင်က ပြောကြားသည်။ အဆိုပါအခမ်းအနားကို သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

မော်လူးပညာ့အလင်းခေတ်မီစာကြည့်တိုက်ကြီး ပြန်လည်ဖွင့်လှစ်ပြီ

မော်လူး အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသရှိ ပညာ့အလင်း ခေတ်မီကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကြီးကို ခရိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မော်လူးအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်က ဦးဆောင်ပြီး အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ မော်လူးအုပ်စု အုပ်ချုပ်ရေးမှူးဦးဝင်းစိန်၊ ဒေသဖွံ့ဖြိုးရေးကော်မတီဝင်များ၊ စာကြည့်တိုက်မှူးနှင့်ဒေသခံစာပေချစ်မြတ်နိုးသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

အသင်းဝင်ဖြစ်လိုပါက အသင်းဝင်ကြေး ငွေကျပ် ၁၀၀၀၊ နှစ်စဉ်ကြေး ငွေကျပ် ၅၀၀ ပေးဆောင်ပြီးလျှင် အခမဲ့ငါးရက်စာ အုပ်စာစောင်များ ငှားခွင့်ပြုမည်ဖြစ်ကြောင်း၊ ရက်လွန်ခဲ့ပါက ငွေကျပ် ၅၀ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ အသင်းဝင်ကတ်များ၊ စာအုပ်ငှားရမ်းခွင့်ကတ်များကို ထုတ်ဝေပေးမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်ကြီးတွင် သုတရသအစရှိသည့် စာအုပ်စာစောင် ၄၀၀၀ ခန့်ရှိကြောင်း၊ စာအုပ်စာစောင်များကို လှူဒါန်းလို သူများလည်း လာရောက်လှူဒါန်းနိုင်ကြောင်း၊ စာကြည့်တိုက်ကြီးကို တနင်္လာနေ့မှ သောကြာနေ့အထိ ညနေ ၄ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ စာပေမြတ်နိုးသူများ စာအုပ်စာပေများကို လာရောက်ဖတ်ရှုလေ့လာနိုင်သကဲ့သို့ စာအုပ်များကိုလည်း လာရောက်ငှားရမ်းနိုင်ကြောင်းကို စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူထားသည့် ဦးအာကာမြင့်က ပြောကြားသည်။

ခင်မောင်ဆွေ(မော်လူး)

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင် လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

ကလေးသူငယ် စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများ ရှင်းလင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၇

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကျင်းပသော ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာမူဝါဒများအား ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မီမီစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၆၅ ဦးတက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဥတ္တရခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဌ ဒေါ်ကြည်ကြည်ရင်က အမှာစကားပြောကြားပြီး တပ်ကုန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခိုင်ခိုင်ထွန်းက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများအကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၁၇)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)
မြိတ်တက္ကသိုလ် (၂)ထပ်စာကြည့်တိုက်
အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)မှ မြိတ်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူတည်ဆောက်မည့် (၂)ထပ်စာကြည့်တိုက် အဆောက်အအုံအတွက် လိုအပ်လျက်ရှိသော အောက်ပါတည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၁။	ဘိလပ်မြေ	(၃၆၂၃)	အိတ်
၂။	သံချောင်း(ရွယ်စုံ)	(၃၅·၃)	တန်
၃။	တောသစ်(ရွယ်စုံ)	(၆၇·၆)	တန်
၄။	သဲကြမ်း	(၁၂၈·၅)	ကျင်း
၅။	သဲချော	(၂၆·၅)	ကျင်း
၆။	ကျောက်စရစ်	(၁၂၂)	ကျင်း
၇။	အုတ်	(၁၄၁၈၇၉)	ချပ်
၈။	သစ်မာ(ရွယ်စုံ)	(၂၀·၆၀)	တန်
၉။	(၂'×၂')မျက်နှာကြက်ပြား	(၁၉၃၇)	ချပ်
၁၀။	(၈'×၈')ကြမ်းခင်းကြွေပြား	(၁၂၄၇)	ချပ်
၁၁။	(၈"×၁၀")နံရံကြွေပြား	(၂၈၀၇)	ချပ်
၁၂။	သံပန်း	(၂၁၆၂·၅)	စ/ပေ
၁၃။	တံခါး+ပြတင်း ကျည်းပေါင်	(၂၆၅၃)	ပေ
၁၄။	တံခါးရွက် ပြတင်းရွက်	(၂၅၅၂·၅)	စ/ပေ
၁၅။	ရေဆေး	(၂၁၂)	ဂါလန်
၁၆။	ဆီဆေး	(၈၁)	ဂါလန်
၁၇။	၃၀ ဂိတ် အမိုးသွပ်ပြား	(၄၉၇၄)	ပေ

၂။ **တင်ဒါပုံစံစတင်ရောင်းချရက်** - ၅-၁၀-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၁၀-၂၀၁၃ရက် ၁၇း၀၀နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၈-၁၀-၂၀၁၃ရက် ၁၀း၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မြိတ်ခရိုင်၊ မြိတ်မြို့၊
ဖုန်း-၀၅၉-၄၁၀၀၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင် အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/2013-2014
(က) Micom Relay (P 643) (4) Nos
Tender No. 17/HPGE/2013-2014
(ခ) စက်ရုံများအတွက် Digital Meter (61) Nos
Tender No. 18/HPGE/2013-2014
(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132 kV LA (2) Sets
Tender No. 19/HPGE/2013-2014
(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး (280) Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	ရုံးသုံးပရိဘောဂပစ္စည်း	၈ မျိုး
(ခ)	Air Conditioner အပါအဝင် ရုံးသုံးလျှပ်စစ်ပစ္စည်း	၄ မျိုး
(ဂ)	စာရေးကိရိယာ	၆ မျိုး
(ဃ)	Copier Toner & Printer Toner Catridge	၉ မျိုး
(င)	သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း	၉ မျိုး
(စ)	မြို့ပြရေသွယ်ပစ္စည်း	၇ မျိုး
(ဆ)	X-Ray Tube(For XRD-6000 Shimudzu)	၁ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၇-၁၀-၂၀၁၃ ရက် မှ ၆-၁၁-၂၀၁၃ ရက် ၁၂း၀၀ နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၂၇၉၇၈ New Anbo NAB 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးနောင်ဇေရာကျော် ၁၂/ဥကမ(နိုင်)၁၇၈၉၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

မော်လမြိုင်ကျွန်းမြို့အဝင် ၁၅ လမ်း ကမ်းနားလမ်း ညပိုင်း လျှပ်စစ်မီးထိန်ထိန်လင်းပြီ

မော်လမြိုင် အောက်တိုဘာ ၇

မော်လမြိုင်ကျွန်းမြို့အဝင် ၁၅ လမ်း ကမ်းနားလမ်းရေယာဉ်ဆိုက်ကပ်သည့် ဆိပ်ကမ်းတစ်လျှောက် ညပိုင်းလျှပ်စစ်မီးထိန်ထိန်လင်းစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းအကောင်အထည်ဖော်မှုဖြင့် လျှပ်စစ်မီး စတင်ထွန်းညှိခြင်းကို အောက်တိုဘာ ၄ ရက် ညနေ ၆ နာရီမှ စတင်ပြီး ၁၅ လမ်းရေယာဉ်ဆိပ်ကမ်း တစ်လျှောက် စတင်ထွန်းညှိခဲ့ကြသည်။

ယင်းမြို့အဝင် မျက်နှာစာ ၁၅ လမ်းမကြီးတစ်လျှောက် ညပိုင်းမီးထိန်ထိန်ထွန်းညှိနိုင်စေရေးအတွက် လျှပ်စစ်မီးဖြင့် ချိတ်ဆက်ပြီး ဗို့အားမြှင့်တင်ကာ ထွန်းညှိခြင်းဖြစ်ရာ ၁၅ လမ်း ဗိုလ်တဲချွန်းရေနံဆိပ်မှ ပုသိမ်သူရှပ်ပြေးဆိပ်အထိ လမ်းအရှည်၁၆၀၀ တွင် လျှပ်စစ်မီးတိုင်၂၅တိုင်စိုက်ထူထွန်းညှိထားခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ မြို့မျက်နှာစာ ညပိုင်းအလှ လှပစေရေးအတွက် လျှပ်စစ်မီးတိုင်များ ထွန်းညှိပေးနိုင်သဖြင့် ရန်ကုန်-မော်ကျွန်းညသဘော်ဆိုက်ကပ်မှုများ၊ ခရီးသည်အတက် အဆင်းများ၊ ညဘက်ခရီးသွားပြည်သူများနှင့် လမ်းသွားလမ်းလာ ပြည်သူများ ညဘက်တွင် ဘေးကင်းလုံခြုံစွာခရီးသွားလာနိုင်ကြပြီဖြစ်၍ မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများစိတ်ချမ်းမြေ့ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

(မော်ကျွန်း-မြင့်အောင်)

ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မူဆယ် အောက်တိုဘာ ၇

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၄ ရက်နံနက် ၉ နာရီက မူဆယ်ခရိုင် ၂၀၁၃ခုနှစ်အကြိမ်(၂၀) မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲ ကျင်းပရာ ရှေးဦးစွာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာ စကားပြောကြားကာ ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။ မူဆယ်ခရိုင်အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များမှ အဆို၊ အကပြိုင်ပွဲဝင်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့များမှ ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ညနေပိုင်းတွင် ဆုပေးပွဲများကိုကျင်းပရာ ဆုရရှိသူများကို မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦး၊ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် တာဝန်ရှိသူများကဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

ဒေသခံပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရေးအတွက် ဟောပြောပွဲကို ဗန်းမော်ခရိုင် ရွှေကူမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၅ ရက်ကကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအေးမောင်က ဟောပြောစဉ်။ လဘန်အောင်(ကချင်မြေ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ စစ်တွေ၌ကျင်းပ

စစ်တွေ အောက်တိုဘာ ၇

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းသည် အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီ ခွဲက စစ်တွေမြို့ ပြည်နယ်အရန်ရဲတပ်ဖွဲ့ ကစ္စပနဒီခန်းမ၌ ကျင်းပသည့် (၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့က ထူးချွန်ဆုရ ရဲတပ်ဖွဲ့ဝင်များကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက် ကျင်းပရာ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက (၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သို့ ပေးပို့သည့် ရဲချုပ်၏သဝဏ်လွှာကို ဖတ်ကြားသည်။ ယင်းနောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက လုပ်ငန်း၊ သင်တန်း၊ အားကစားဆိုင်ရာထူးချွန် တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအားလည်းကောင်း၊ အငြိမ်းစားရဲဝန်ထမ်းများအားလည်းကောင်း၊ ဂုဏ်ပြုဆုနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အိမ်ထောင်သည်လိုင်း သန့်ရှင်းရေးဆုရရှိသူများအား စစ်တွေခရိုင်ရဲတပ်ဖွဲ့မှူး၏ဇနီးနှင့်တာဝန်ရှိသူများက ဆုများပေး အပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၇

အောက်တိုဘာ ၄ ရက်နံနက် ၁၁နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဟိုယန်း(၁)ရွာနေ စိုင်းအောင်ခမ်း(ခ) စိုင်းပီး(၄၁နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေစဉ် နေအိမ်ခြံဝင်းအတွင်းရှိ ၄ဂ/--- ယာဉ်နောက်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၊ တန်ဖိုးငွေကျပ် ၃၉ သိန်းကို သိမ်းဆည်းရမိသဖြင့် **(အောက်ပုံ)** စိုင်းအောင်ခမ်း(ခ) စိုင်းပီးအား တာချီလိတ်မြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

မြိတ် အောက်တိုဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနက မိုးပွင့်အဆင့်(၆)စီမံချက်အရ မြို့နယ်အတွင်း ရှိအခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို အသက် ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ အောက်တိုဘာ ၄ ရက်နံနက် ၈ နာရီက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ဒသမတန်းနှင့်နဝမတန်းကျောင်းသားကျောင်းသူ စုစုပေါင်း ၁၇၆ ဦးအား မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးနေလင်းနှင့်ဝန်ထမ်းများကနိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးသည်။

ယင်းသို့ကျောင်းသားကျောင်းသူများအတွက်နိုင်ငံသားကတ်ပြားပြုလုပ်ဆောင်ရွက်ပေးနေမှုကို တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဆန်လွင်၊ မြိတ်ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှစိုးနှင့် ကျောင်းအုပ် ဆရာမကြီးဒေါ်ထူးရွှေတို့က ကြည့်ရှုကြကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

သံတွဲမြို့နယ်ဖြစ်စဉ်မှ တိမ်းရှောင်ခဲ့သည့် မိသားစုများအား ကူညီစောင့်ရှောက်

နေပြည်တော် အောက်တိုဘာ ၇

အောက်တိုဘာ ၁ ရက်က ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင်ကျေးရွာ၌ ပဋိပက္ခဖြစ်ပွားစဉ် ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး သပြုချိုင်အောက်ချွန်းတွင် ခိုလှုံနေသော မိသားစုများအား အမှတ် (၆) ရဲတပ်ရင်းစုမှူး ရဲမှူးကြီး ဘိုဘိုဦး၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် အမှတ်(၃၃) ရဲတပ်ရင်းမှူးနှင့်အဖွဲ့က သွားရောက်ကူညီစောင့်ရှောက်ခဲ့ပြီး အမျိုးသား ၆၊ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၆ ဦးတို့အား အမှတ် (၆) ရဲတပ်ရင်းစုမှူးကိုယ်တိုင် လင်းသီကျေးရွာသို့ ပို့ဆောင်ခဲ့ပြီး ၄င်းတို့၏ ဆွေမျိုးများထံ အပ်နှံပေးခဲ့ကြောင်း သိရသည်။

ကိုရဲ

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ ဓာတ်အားစနစ်အတွင်း OPGW ကြိုးများ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(၁) **ဓာတ်အားပိတ်ဆောင်ရွက်နိုင်မည့် ဓာတ်အားလိုင်းများ**
(က) ၂၃၀ ကေဗွီ လှော်ကား-သာကေတလိုင်း (22.29 km)
(ခ) ၂၃၀ ကေဗွီ နေပြည်တော်-တောင်တွင်းကြီး (75.00 km)
(၂) **ဓာတ်အားမပိတ်ဘဲ (Live Line)ဆောင်ရွက်ရမည့် ဓာတ်အားလိုင်းများ**
(က) ၂၃၀ ကေဗွီ ရွှေမြို့-ပျဉ်းမနား (33.37 km)
(ခ) ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ (107.21 km)
(ဂ) ၂၃၀ ကေဗွီ သာစည်-သပြေ (25.05 km)
(ဃ) ၂၃၀ ကေဗွီ ရွှေစာရံ-ဘဲလင်း (27.58 km)

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၆-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးဖိုးကြည်၏သမီး တက္ကသိုလ်ဝင်တန်းအောင်မှ မသဲအိစံအား မသဲအိစံ(ခ)မဖြိုးအိဟု ဖြည့်စွက်ခေါ်ပါရန်။

မသဲအိစံ(ခ)မဖြိုးအိ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာနမှ သထုံဓာတ်အားပေးစက်ရုံရှိ ချို့ယွင်းသွားသော Load Gear Box အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို၍ ပြန်လည်ပြုပြင်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးဝင်းမြင့်၏ဇနီး မလွင်လွင်ရီ ၁၃/တကန(နိုင်)၁၃၀၅၈၉ သည် နှစ်ဦးသား သဘောထားချင်းမတိုက်ဆိုင်ပါ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ယနေ့မှစ၍ ၄င်းနှင့်ပတ်သက်သောကိစ္စအရပ်ရပ်အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းမြင့် ၁၃/တကန(နိုင်)၁၃၀၅၉၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် Copier, Printer, Scanner, Fax, Projector, Screen, Camera, Air Con, Lawn Mower,Generator, Fan, Refrigera-tor, Motor, Compressor, Stablizer, Drinking Water Treatment, Television နှင့် အခြားစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူသလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ ပြည်ထောင်စုဝန်ကြီးရုံး(ဘဏ္ဍာရေးဌာန)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရွေးရေးအဖွဲ့
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မ၏သား မောင်သိန်းထူးဝင်း ၁၂/သလန(နိုင်)၁၃၄၅၇၃သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောင်တွင် ၄င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဦးသိန်းဝင်း-ဒေါ်စန်းစန်းအေး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၆၂၂၄ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းစိုး ၉/မရမ(နိုင်)၀၈၄၉၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

မှုခင်းသတင်းနှင့်ကြော်ငြာ

ရေယာဉ်နှစ်စင်း တိုက်မိ၍ ခရီးသည်တစ်ဦးသေဆုံး

နေပြည်တော် အောက်တိုဘာ ၇

အောက်တိုဘာ ၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဥရုချောင်းနှင့်ချင်းတွင်းမြစ်ဆုံနေရာတွင် ရေယာဉ်နှစ်စင်း တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဟုမ္မလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက် စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ နောင်ပိုအောင်မှ ဟုမ္မလင်းသို့ ဟုမ္မလင်းမြို့နယ် ကတ်သာရွာနေ မောင်ချို (၃၇နှစ်) မောင်းနှင်သော ငုဝါခရီးသည်တင် အမြန်ရေယာဉ်သည် ဟုမ္မလင်းမှ မုံရွာသို့ ဟုမ္မလင်းမြို့နယ် အိုင်တောင်ရွာနေ ကျော်သူ(၃၅နှစ်) မောင်းနှင်လာသည့် ဆန်းမြင့်အောင်ကုန်တင် အမြန်ရေယာဉ်၏ ရှပ်တန်းထိန်းသံတန်းအား ဝင်ရောက်တိုက်မိခဲ့ရာ ငုဝါရေယာဉ်မှာ ဦးပိုင်းကျိုးကာ တိမ်းမှောက်သွားခဲ့သည်။ ထိုသို့ တိမ်းမှောက်မှုကြောင့် ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ရွာနေ ဦးရှည်လတ် (၆၀နှစ်)မှာ ရေထဲသို့ပြုတ်ကျသွားသဖြင့် ရေယာဉ် နှစ်စင်းပေါ်ပါ ခရီးသည်များမှ ဝိုင်းဝန်းဆယ်ယူခဲ့ရာ သတိလစ်နေ၍ ဟုမ္မလင်းဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း လမ်းတွင်သေဆုံးသွားခဲ့သဖြင့် ရေယာဉ်မဆင်မခြင် မောင်းနှင်သူ မောင်ချိုနှင့် ကျော်သူတို့ နှစ်ဦးအား ဟုမ္မလင်းမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

အမျိုးသမီးတစ်ဦးကို ကာယိန္ဒြေပျက်အောင်လုပ်သူ အရေးယူ

စစ်ကိုင်း အောက်တိုဘာ ၇

အမျိုးသမီးတစ်ဦးအား ကာယိန္ဒြေပျက်စီးအောင် လုပ်သူတစ်ဦးအား ဥပဒေအရ အရေးယူလိုက်ရသောဖြစ်ရပ် စစ်ကိုင်းမြို့နယ် ကျေးရွာတစ်ရွာ၌ ဖြစ်ပွားသည်။

အရေးယူစစ်ဆေး

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာနေ မမြသန္တာ (၁၇နှစ်) ရက်ကန်းခတ်သည် စက်တင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက နေအိမ်တွင်ရှိနေစဉ် အိမ်ချင်းကပ်လျက်နေသည့်အောင်ကျော်စိုးဆိုသူ အိမ်သို့ရောက်လာပြီး "ငါစပါးခိုးရောင်းချင်လို့ မနိုင်လို့ လာပင့်ပေးပါ"ဟု အကူအညီတောင်းသဖြင့် မမြသန္တာက ၎င်းအိမ်သို့ လိုက်ခဲ့ရာ အောင်ကျော်စိုးက စပါးများမှာ နေအိမ်ပေါ်တွင်ထားကြောင်းပြောပြီး နေအိမ်ပေါ်ထပ်သို့ ခေါ်သွားခဲ့သည်။ အိမ်အပေါ်သို့ ရောက်သောအခါ အောင်ကျော်စိုးက စပါးထည့်မည့် အိတ်ကိုင်ထားဟုပြောသဖြင့် ပီနံအိတ်ကိုင်ထားစဉ် မမြသန္တာနောက်သို့ အောင်ကျော်စိုး ရောက်လာပြီး ခန္ဓာကိုယ်အား အနောက်မှနေ၍ လက်နှစ်ဖက်ဖြင့် သိမ်းကျုံးဖက်ထားခဲ့သည်။ မမြသန္တာက အကူအညီတောင်းရင်းရုန်းကန်ကာ နေအိမ်ပေါ်မှ အောက်သို့ ထွက်ပြေးခဲ့ပြီး ဦးလေးတော်သူ ဦးထွန်းနှင့် အစ်မတော်သူ ဒေါ်စိန်စိန်အား အကျိုးအကြောင်းဖြစ်စဉ်ပြောပြကာ ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် စစ်ကိုင်းမြို့မရဲစခန်းသို့ တိုင်တန်းသဖြင့် မိန်းကလေးတစ်ဦးကာယိန္ဒြေပျက်အောင်ပွေ့ဖက်ခဲ့သူ အောင်ကျော်စိုး(၃၂နှစ်) ဇီးချောင်းကျေးရွာ စစ်ကိုင်းမြို့နယ်နေသူအားဥပဒေအရ အရေးယူစစ်ဆေးလျက်ရှိသည်။

(၁၃၇)

မီးကြိုးသွယ်တန်းစဉ်အမျိုးသားတစ်ဦးဓာတ်လိုက်သေဆုံး

ရန်ကုန် အောက်တိုဘာ ၇

အောက်တိုဘာ ၅ ရက် ညပိုင်းက ကြည့်မြင်တိုင်မြို့နယ်အတွင်း အမျိုးသားတစ်ဦးမှာ နေအိမ်ရှိဘုရားစင်အား မီးကြိုးသွယ်တန်းစဉ် ဓာတ်လိုက်သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် ည ၈ နာရီခွဲက ကြည့်မြင်တိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဈေးကလေးရပ်ကွက် ထီးတန်းဈေးကလေးလမ်း နေအိမ်တွင် လူတစ်ဦးဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးဟန်ဝင်းဖြစ်ပြီး ၎င်းသည် ည ၇ နာရီခွဲခန့်က နေအိမ်ရှိဘုရားစင်အား မီးကြိုးသွယ်တန်းစဉ် ဝိုင်ယာကြိုးနှင့် ဝဲလက်မထိမိပြီး ဝဲလက်မတွင် ညိုမည်းဒဏ်ရာ တစ်ချက်ရရှိကာ အခြားပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရဘဲ သေဆုံးနေသဖြင့် ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

ခင်ပွန်းဖြစ်သူက ဇနီးကို သတ်ပြီး အလောင်းဖျောက်

ဒလ အောက်တိုဘာ ၇

အောက်တိုဘာ ၂ ရက်က ခင်ပွန်းဖြစ်သူက ဇနီးကိုသတ်ပြီး အလောင်းဖျောက်ကာ ရန်ကုန်မြစ်အတွင်း ရေထဲသို့မျှောချလိုက်ကြောင်း သက်ဆိုင်ရာမှ စုံစမ်းသိရသဖြင့် အလောင်းဖျောက်သူ ခင်ပွန်းအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဒလမြို့နယ် စက်မြေရပ်ကွက်နေ မရွှေသိန်းသူ (ခ) မပုသိမ်၏ အတူနေ မိခင်ဖြစ်သူ ဒေါ်လုံးတုံးသည် ၎င်း၏ နောက်အိမ်ထောင်ဖြစ်သူ ဝင်းထွန်း(ခ)ရဲအောင်နှင့်အတူ လက်ခတ်လှေတစ်စင်းဖြင့် ရန်ကုန်မြစ်အတွင်း ငါးဖမ်းသွားရာမှ တစ်လခန့်ကြာသည်အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် စုံစမ်းခဲ့ရာ လွန်ခဲ့သော ၁၅ ရက်ခန့်ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင် အမှတ်(၆) ဗောတံတားကမ်းစပ်လှေပေါ်တွင် ဝင်းထွန်း(ခ)ရဲအောင်မှာ အရက်သောက်စားရာမှ ဒေါ်လုံးတုံးနှင့် စကားများရန်ဖြစ်စဉ် ဝင်းထွန်း(ခ) ရဲအောင်က ဒေါ်လုံးတုံးအား လှေပေါင်နှင့် ဆောင့်သဖြင့် သေဆုံးသွားခဲ့ပြီး အလောင်းအား သန်လျင်ရေနံချက်စက်ရုံအနီး ရန်ကုန်မြစ်အတွင်း ရေထဲသို့ မျှောချလိုက်ကြောင်း အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီခန့်တွင် စုံစမ်းသိရှိရသဖြင့် လူသတ်ပြီး အလောင်းဖျောက်ဖျက်သူ ဝင်းထွန်း(ခ) ရဲအောင်အား အရေးယူပေးရန် မရွှေသိန်းသူက တိုင်တန်းခဲ့၍ ဒလမြို့မရဲစခန်းက အမှုဖွင့်ပြီး ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

မီးကြိုးထိမှန်၍ လူနှစ်ဦးသေဆုံး

နေပြည်တော် အောက်တိုဘာ ၇

အောက်တိုဘာ ၃ ရက် ည၉နာရီ ၁၅ မိနစ်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ထောင်မင်းကျေးရွာအုပ်စုတွင် လူနှစ်ဦးမိုးကြိုးထိမှန်သေဆုံးနေကြောင်း သတင်းအရ သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

အမှုဖွင့်စစ်ဆေး

ဖြစ်စဉ်မှာ အောက်တိုဘာ ၃ ရက် ည ၈ နာရီခွဲတွင် ပွဲန်ပေါက်ကျေးရွာ ကမ်းနားလမ်းနေ သိန်းဌေး (၄၀နှစ်) သည် နေအိမ်ရှိ ဝက်တဲအမိုး ပြုပြင်နေစဉ် မိုးရွာသဖြင့် နေအိမ်အောက်ထပ်သို့ဝင်ရောက်ကာ တစ်ရွာတည်းနေ ဝင်းကျော်သူ(၂၅ နှစ်)နှင့်အတူ မိုးခိုနေစဉ် နေအိမ်အနီးရှိ ကုက္ကိုပင်ကို မိုးကြိုးပစ်ရာမှ စက်ကွင်းမိပြီး သိန်းဌေးနှင့် ဝင်းကျော်သူတို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး သနပ်ပင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

မူးယစ်ဆေးဝါးများ ဖမ်းမိ

တပ်ကုန်း အောက်တိုဘာ ၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့မရဲစခန်း ဒုတိယစခန်းမှူး ရဲအုပ်ဖြူထွန်းစိန်နှင့်အဖွဲ့သည် သက်သေများဖြင့် ခရမ်းစပ်ကုန်းကျေးရွာနေ ဦးညိုဝင်း၏ နေအိမ်၌ သီပေါမြို့မှရောက်ရှိနေသော ဒေါ်သန်းသန်းနွယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချရန် ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေစဉ် ဦးညိုဝင်း၏ဇနီး ဒေါ်ညိုညိုအေး၏ ပြောပြချက်အရ မူးယစ်ဆေးဝါးများကို ရွာအပြင်ဘက် လယ်ကွင်းဘေးရှိ မန်ကျည်းပင်အောက်တွင် ဒေါ်သန်းသန်းနွယ် ဝှက်ထားကြောင်းသိရသဖြင့် ဦးညိုဝင်း၊ ဒေါ်ညိုညိုအေး၊ ဒေါ်သန်းသန်းနွယ်တို့သုံးဦးအပါအဝင် သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ မန်ကျည်းပင်အောက်မြေကြီးထဲမှ ပလတ်စတစ်ဘူး အဖြူနှင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁ ပြား၊ အစိမ်းရောင်နှစ်ပြား စုစုပေါင်း ၁၁၃ ပြား ကာလတန်ဖိုး ငွေကျပ် ၅၆၅၀၀၀ကို ဖမ်းဆီးရမိခဲ့သဖြင့် တပ်ကုန်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

(၀၂၁)

သိန်းနီမြို့၌ တရားမဝင်ကျောက်စိမ်းများဖမ်းဆီးရမိ

သိန်းနီ အောက်တိုဘာ ၇

စက်တင်ဘာ ၂၈ ရက်က သိန်းနီမြို့မရဲစခန်းမှ ဒုရဲအုပ်ခင်ဇော်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သတင်းအရ အေးရှားဝေါလ် တိုးဂိတ်အကျော်တွင် လားရှိုးမှမူဆယ်သို့ ယာဉ်မောင်း အောင်လွင် (၃၅နှစ်) မန္တလေး မြို့နေသူ မောင်းနှင်လာသော ၈ဈ/---- တိုယိုတာ (ဟိုက်အေ့စ်)စာတန်းပါ အဖြူ/အဝါစင်း စူပါကာစတန်ယာဉ်အား ရပ်တန့်စစ်ဆေးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီး၍ ရဲစခန်းသို့ခေါ်ဆောင်ပြီး သက်သေများရှေ့တွင် ရှာဖွေရာ ကျောက်စိမ်းတုံးများ အရွယ်အစားဆိုက်စုံ ၄၃တုံး၊ အလေးချိန် ၈၅၀ ကီလိုဂရမ်ခန့် ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅ သိန်းရှိ ကျောက်စိမ်းအရိုင်းတုံးများကို တရားမဝင်သယ်ဆောင်လာသူ အောင်လွင်ကို သိန်းနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့မီးရထားပိုင် မန္တလေးဘူတာကြီး ၇၈လမ်းနှင့် ၃၀လမ်းရှိ ပုပ္ပားဟိုတယ် အမှတ် (၁)ဟု ခေါ်တွင်သော ဧရိယာ (အလျားပေ ၁၀၀× အနံပေ ၄၀)ကျယ်ဝန်းသော အခန်း (၄၂)ခန်းပါ သုံးထပ်အဆောက်အအုံနှင့် ၇၈လမ်းပေါ် (၂၈လမ်းနှင့် ၂၉လမ်း) ကြားရှိ ပုပ္ပားဟိုတယ် အမှတ် (၂)ဟုခေါ်တွင်သော (အလျားပေ၁၀၀×အနံပေ၁၀၀)ရှိ အခန်း ၁၂ ခန်းပါ နှစ်ထပ်အဆောက်အအုံပါ လုပ်ငန်းနှစ်ခုကို ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့်အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို မန်နေဂျာ (စီးပွားရေး/တိုင်း) တိုင်းအမှတ် (၃)ရုံး မန္တလေးဘူတာကြီး၌ တစ်စောင်လျှင် (၁၀၀၀၀ိ/)နှုန်းဖြင့် ၇-၁၀-၂၀၁၃ရက်မှစ၍ ၂၈-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီအထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။

၃။ အဆိုပါငှားရမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်) ရုံးခန်းသို့ ၂၉-၁၀-၂၀၁၃ရက် ၁၃း၀၀နာရီ နောက်ဆုံးထားပေးပို့ရန်နှင့် အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခြင်းကို ၂၉-၁၀-၂၀၁၃ရက် ၁၃း၃၀နာရီတွင် မန္တလေးဘူတာကြီး အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၆၆၇၆၄၊ ၀၂-၃၅၈၂၉၊ ၀၆၇- ၇၇၀၄၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန် ၄-၆-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဃ)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ်(၁၄) ဒေါ်ခင်ခင်ဝင်း၏ဂရန်သစ်တွင် မှတ်ပုံတင်အမှတ် ၉/မရက(နိုင်)၁၀၃၈၁၆ အစား ၉/မရတ(နိုင်)၁၀၃၈၁၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မုံရွာ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(မုံရွာ)အတွက် အောက်ဖော်ပြပါပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Aluminium Lader (14 ft, 2way)	၁
(ခ)	Bench with Table (4 seat)	၄၅
(ဂ)	Drawing Board and Table	၁၀၀
(ဃ)	ကုလားထိုင် (လက်တန်းမပါ)	၅
(င)	ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ)	၂၀၀
(စ)	ဖိုင်တင်စင် ပေ(၃×၁×၃)	၅
(ဆ)	Notice-Board (6'x4')	၄
(ဇ)	Computer Table	၅၀

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၆-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၉-၂၁၃၂၅၉၇နှင့် ၀၉-၄၇၀၅၂၈၂၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(မုံရွာ)

ပြင်ဆင်ဖတ်ရှုပါရန် ၂၄-၈-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဃ)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ်(၈) ဒဂုံမြောက်မြို့နယ်၏ အမည်ပြောင်းတွင်လျှောက်ထားသူအမည် ဒေါ်အိမွန်ကျော်အစား ဒေါ်စန်းမြ ၁၂/ဥကတ(နိုင်)၀၂၀၁၉၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဒုတိယအကြိမ် ပရိဝါသ်ဆောက်တည်ပွဲ
ကုန်းနီကြယ်မြေပလ္လင်တောရ(တောင်ပုလုတိုက်ခွဲ)၊
သလုံးသွေးရွာ၊ ချောက်မြို့နယ်

ပရိဝါသ်ဆောက်တည်လိုသော အရှင်သူမြတ်များဘုရား

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ သလုံးသွေးကျေးရွာ၊ ကုန်းနီကြယ်မြေပလ္လင်တောရ တောင်ပုလုတိုက်ခွဲတွင် ၁၉-၁၁-၂၀၁၃ရက်မှ ၉-၁၂-၂၀၁၃ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်မှ နတ်တော်လဆန်း ၇ရက်အထိ) ၂၁ရက် ကျင်းပမည်ဖြစ်ကြောင်း သိစေအပ်ပါသည်ဘုရား။

ဆက်သွယ်ရန်- ဦးသုမန ဖုန်း-၀၉-၄၃၀၃၇၉၆၅၊ ဦးပညာသီရိ ဖုန်း-၀၉-၄၀၁၅၆၂၆၅၆

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏
၂၀၁၂-၂၀၁၃ ခုနှစ်
နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၂-၂၀၁၃ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှစတင်၍ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၂၄၉၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ အစည်းအဝေးခန်းမ(အေ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များနှင့် အထူး ဖိတ်ကြားထားသူများ ကြွရောက်ပါရန်နှင့် ဆေးပညာရှင်အဖွဲ့ဝင်များအနေဖြင့် နံနက် ၈နာရီမှ စတင်၍ မှတ်ပုံတင်နိုင်ပါသည်။ ညီလာခံတွင် အာဆီယံနိုင်ငံများအကြား ကျန်းမာရေးပညာရှင် များ အပြန်အလှန်အသိအမှတ်ပြုရေး ASEAN Mutual Recognition Arrangement for Medical Practitioners ဆွေးနွေးပွဲကိုလည်း ကျင်းပပြုလုပ်ပါမည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၄၅၀၀ Nissan Sunny FB13, S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၁၂/ဗဟန(နိုင်)၁၄၀၅၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

နယ်သတင်းနှင့်ကြော်ငြာ

(၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲမှူးစိုးအောင် ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းအင်အား၃၆ဦးတို့ အောက်တိုဘာ ၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် လမ်းဘေးဝဲယာ မြက်ပင်ချုံနွယ်များ ရှင်းလင်းပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၄၃၃)

(၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ပဲခူး၌ကျင်းပ

ပဲခူး အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့(၄၉)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက်စနာရီက ပဲခူးမြို့တော်ခန်းမတွင်ကျင်းပရာပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဥပဒေချုပ်အပါအဝင် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ပြည်သူ့ရဲတပ်ဖွဲ့မှသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပြောင်းလဲခေါ်ဝေါ်ပြီး သမိုင်းစဉ်ဆက် တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတည်ငြိမ်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် ကောင်းမွန်သော သမိုင်းကြောင်းရှိသည့် ရဲတပ်ဖွဲ့ဖြစ်ကြောင်း၊ ယခုအခါ ရဲတပ်ဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းခြင်း၊ ရိက္ခာနှင့် အခွင့်အလမ်းများ၊ မြှင့်တင်ပေးခြင်း အပါအဝင် နိုင်ငံတော်က ပံ့ပိုးခဲ့ပြီးဖြစ်ရာ အဂတိတရားကင်းရှင်းစွာဖြင့် သစ္စာရှိရှိသမာဓိရှိရှိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းရည်ပြည့်ဝနှလုံးလှ၍ ပြည်သူအားကိုးသော ရဲတပ်ဖွဲ့ဝင်များဖြစ်လာအောင်ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်ကြရန် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်းက ဖတ်ကြားပြီး ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော သာယာဝတီခရိုင် လက်ပံတန်းရဲစခန်း၊ နတ်တလင်းရဲစခန်းနှင့် ပဲခူးမြို့မရဲစခန်းမှရဲတပ်ဖွဲ့ဝင်များအားတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုးတို့က ဂုဏ်ပြုချီးမြှင့်သည်။

ထို့နောက် သင်တန်းဆုရသူများ၊ စာပေပြိုင်ပွဲဆုရသူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ဆုများအသီးသီးချီးမြှင့်ကြပြီး တပ်ဖွဲ့ဝင်များကို ကံစမ်းမဲနှိုက်၍လက်ဆောင်များပေးအပ်ကြသည်။ **(၁၂၁)**

ရွှေကူမြို့၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းအထိမ်းအမှတ် ကျင်းပ

ရွှေကူ အောက်တိုဘာ ၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးအတွင်း၌ စက်တင်ဘာ ၂၅ ရက်က ကမ္ဘာ့ရှေးဦးပြုစုခြင်း အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင်နှင့် မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာသူရဇော်တို့က အခမ်းအနား ကျင်းပရခြင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ကြက်ခြေနီတပ်ဖွဲ့ဝင် မကေဇင်က ကြက်ခြေနီအကြောင်း သိကောင်းစရာများဟောပြောခြင်း၊ သဝဏ်လွှာဖတ်ကြားခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

လဘန်အောင်(ကချင်မြေ)

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲနှင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပမည်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၇

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ရန်ကုန်မြို့၌ အောက်တိုဘာ ၁၂ရက်မှ ၁၄ရက်အထိ ကျင်းပရန် စီစဉ်နေကြောင်း၊ ထို့အပြင် (၇)ကြိမ်မြောက် အာဆီယံနိုင်ငံများဆိုင်ရာမသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း၂၀၁၄ခုနှစ် ဇန်နဝါရီတွင်မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ အောက်တိုဘာ ၄ရက်ကကျင်းပသောမီဒီယာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

"မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ကို ၁၉၈၉ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး နှစ်စဉ်အားကစားပြိုင်ပွဲများ ကျင်းပလာခဲ့ကြောင်း၊ ယခု (၂၅)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲကို နိုင်ငံတကာ မသန်စွမ်း အားကစားပြိုင်ပွဲများ အတိုင်း ကျင်းပသွားမည်ဖြစ်သဖြင့် လာမယ့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုတစ်ရပ်အဖြစ် စီစဉ်ကျင်းပသွားမည် ဖြစ်ကြောင်း" ၎င်းက ပြောကြားသည်။

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို သုဝဏ္ဏကွင်းနှင့် အခြား အားကစားရုံ၊ အားကစားကွင်းများ၌ ကျင်းပရန် စီစဉ်ထားရာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများနှင့် မီးရှူးတိုင်သယ်ယူမှုများစသည့် အစီအစဉ်များကို(၇)ကြိမ်မြောက်အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲအတွက် ပါ ကြိုတင်ပြင်ဆင်မှုအဖြစ် ပြုလုပ်သွားရန် စီစဉ်ထားသည်။

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ ၂၀ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်အပြီး မကြာမီ ကျင်းပရန် ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင်မြန်မာ အားကစားသမားများ အောင်မြင်မှုရရှိရန်နှင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် စပွန်ဆာများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများသည် (၆)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲသို့ အားကစားသမား ၃၀ခန့် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၁ခု၊ငွေတံဆိပ်ကိုးခုနှင့် ကြေးတံဆိပ်၁၄ခုတို့ရယူနိုင်ခဲ့ကြသည်။

(၆)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကိုအင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကိုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်ဖြစ်သည့်အတွက် အားကစားနည်း ၁၂ မျိုးလုံးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာ မသန်စွမ်းအားကစားသမားပေါင်း၂၄၀ကိုစခန်းသွင်း လေ့ကျင့်ထားပြီးဖြစ်သည်။ **(အောက်ပုံ)**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ အာဆီယံနိုင်ငံများမှ အားကစားသမားပေါင်း ၁၂၀၀ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာအားကစားသမားများ အောင်မြင်မှုရရှိနိုင်ရေးနှင့် အိမ်ရှင်အဖြစ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်အဘက်ဘက်ကကြိုးစားပြင်ဆင်လျက်ရှိနေပြီးဖြစ်သည်။ ။

(မြန်မာ့အလင်း)

အများသိစေရန် သတိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ရွှေလက်လှလမ်း၊ အမှတ် ၇၅၉နေ ကွယ်လွန်သူဦးလှသောင်း၊ ဒေါ်အမာတို့၏နှစ်ပါးစုံမွေး သားအရင်းများဖြစ်ကြသော ဦးအောင်မြင့် ၇/ပမန(နိုင်)၀၂၆၂၁၆နှင့် အတူနေညီဖြစ်သူ ဦးထွန်းလင်း ၇/ပမန(နိုင်)၀၂၆၆၁၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်၊လမ်းရှည်လမ်းရှိ အမှတ်(-) ခေါ်တွင်သော မြေတိုင်းအခေါ် ပြည်မြို့နယ်၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ်(၅)၊ ရွှေကူကွက်၊ ဦးပိုင်အမှတ်၂၈၃၊မြေချိန်ဧရိယာ ၀ ဒသမ ၀၄၁ ဧကအကျယ်အဝန်းရှိမြေပိုင်မြေယာနှင့် မြေပေါ်ရှိ တစ်ထပ်ဂိုဒေါင်အဆောက်အအုံအပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များကို ကျွန်ုပ်တို့အမှုသည်များ၏ မိဘများဖြစ်သော ဦးလှသောင်းနှင့်ဒေါ်အမာတို့မှ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသောပစ္စည်းများဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေပိုင်မြေယာကွက်နှင့် မြေပေါ်ရှိ ဂိုဒေါင်အဆောက်အအုံတို့မှာ ၁၉၅၀ခုနှစ်တည်းက မူလပိုင်ရှင်များထံမှ မှတ်ပုံတင်စာချုပ်အမှတ်(၄/၁၉၅၀)အရ ဝယ်ယူခဲ့ပြီး ပြည်မြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်းမြေပုံတွင် ယနေ့အထိ မောင်လှသောင်း၊ မအမာ အမည်ပေါက်လျက် ရှိပါသည်။

၄င်းမြေပိုင်မြေယာကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံတို့အား ဦးလှသောင်း၊ ဒေါ်အမာတို့၏ ဆက်ခံသူများဖြစ်သော ဦးအောင်မြင့်နှင့်ဦးထွန်းလင်းတို့၏ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူမဆို ၄င်းမြေပိုင်မြေယာနှင့်အဆောက်အအုံတို့အား ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်းများမပြုလုပ်ရန် သတိပေးအပ်ပါသည်။

အကယ်၍ ၄င်းပစ္စည်းများနှင့်ပတ်သက်ပြီး ဆက်ခံသူများ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းရယူခြင်းကိစ္စများပြုလုပ်ကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းနိုင်သန်း LL.B
(စဉ်-၂၉၅၀)
တရားလွှတ်တော်ရှေ့နေ

ဒေါ်သန်းသန်းအေး BA (Law), LL.B
(စဉ်-၂၃၄၀)
တရားလွှတ်တော်ရှေ့နေ

ဦးဝေလင်းသက်နိုင် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၆၄၂၈)

ဦးစောအောင်ထက် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၈၄၁၇)

အမှတ် ၉၁၊ လမ်းမတော်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့
ဖုန်း-၀၅၃-၂၄၆၅၈၊ ၀၉-၅၃၁၁၉၇၈၊ ၀၉-၅၃၁၂၈၅၃

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်/ဦးပိုင်အမှတ်(၈၆·၅A)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ပါမစ်မြေကွက်အား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂/အောင်မြေမြောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၈)၊ ဧရိယာ၀ဒသမ၂၁၁ဧကရှိ ဦးပု-ဒေါ်ကြည်အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးအောင်မင်းမင်း ၉/လဝန(နိုင်) ၀၃၃၉၄၇ (ဘ)ဦးပုက ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးတင်လှိုင် ၁၂/တမန(နိုင်)၀၇၄၇၇၆၏နိုင်ငံကူးလက်မှတ်-၉၆၈၆၃၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၀၃၅၄၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၃၉၂၇ Toyota Corolla KE 72, SW(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထန်စွမ်းပေါင် ၁၃/လရန(နိုင်)၀၀၈၇၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၂၈၂၈ Yarma YM 110 ယာဉ်လက်ဝယ်ရှိသူ ဦးချိန်ယုံဝင်း(ခ)မောင်ဝင်း ၁၃/လရန(နိုင်)၀၇၈၄၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၂၁၁၃ Wai Mandalar L/T W.M.LT, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝေဒေးစန်း ၉/ခအဇ(နိုင်)၀၀၈၉၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၂၀၉၁ Toyota Mark II GX81, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၉/မရမ(နိုင်)၀၈၁၁၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ

ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ (၁)လမ်း၊ မြိုင်မဟာစည် သာသနာ့ရိပ်သာ၊ ပဓာနနာယက မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် အောက်တိုဘာ ၁၀ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ တိလောက ဓမ္မဗိမာန်တော်မြတ်၌ ည ၇း၀၀ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ဟောကြားမည်ဖြစ်ပါသည်။

မြိုင်မဟာစည် - ရန်ကုန်
မြိုင်ရတနာဘောဇနသာလာ (၃)ထပ်၊ ယောဂီဆွမ်းစားကျောင်းတော်ကြီး
ဆောက်လုပ်ရာ၌ ပါဝင်ကုသိုလ်ယူနိုင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ (၁)လမ်း၊ မြိုင်မဟာစည် သာသနာ့ရိပ်သာအတွင်း၌ အလျားပေ ၇၀ × အနံပေ ၅၀ရှိ မြိုင်ရတနာဘောဇနသာလာ (၃)ထပ်ယောဂီ ဆွမ်းစားကျောင်းတော်ကြီးကို နိုင်ငံတော် သံဃာ့မဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးမှ ပန္နက်တင်မင်္ဂလာပြုလုပ်ပေးပြီး ကျောင်းတော်ကြီးကို ၂၀၁၃ခုနှစ် ဇူလိုင်မှစတင်၍ ဆောက်လုပ်နေပြီးဖြစ်ရာ ရပ်ဝေးရပ်နီးရှိ အလှူရှင်များ၊ ကျောင်းဒါယကာ၊ ဒါယိကာမများဖြစ်ကြရလေအောင် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
မြိုင်မဟာစည်သာသနာ့ရိပ်သာ
တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉-၈၆၂၅၂၂၃၊ ၀၉-၄၂၁၁၅၁၀၃၀

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၂၆)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများ အဆင်မပြေစေရန် ၁၀-၁၀-၁၃ နေ့မှစတင်၍ ဖုန်း ၀၁-၃၇၂၇၅၃ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးသော်ဇင်ကျော်ကျော်သည် အောက်တိုဘာ ၂ ရက် ညနေ ၄း၁၅ နာရီတွင် ကစားဖော်များဖြစ်ကြသော ဦးအောင်စစ်ထွေး၊ ဦးထက်အောင်ရဲရင့်၊ ဦးနိုင်နိုင်လင်း (Pro)၊ ဦးထွန်းထွန်းမင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)ကို ၁၆၅ ကိုက်အကွာမှ Titleist Pro V1(3) ဘောလုံးအား Srixon 506 Iron(9) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ရန်ကုန်ဂေါက်အသင်း

၁၉၉၄ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဝင်ခွင့်ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ

၁၉၉၄ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ ဘူမိဗေဒဘာသာရပ်သို့ ဝင်ခွင့်ရပြီး ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။ သူငယ်ချင်းများအားလုံး ဆုံစည်းနိုင်ဖို့အတွက် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို အောက်ပါသူငယ်ချင်းများထံတွင်လည်း ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ပါသည်။

ကျင်းပမည့်ရက် - ၂၄-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီ

ဒေါက်တာဝင်းမင်းဦး ဖုန်း- ၀၉-၄၂၀၁၁၂၆၃၇၊ ကျော်စွာဝင်း (မျောက်မ) ဖုန်း-၀၉-၅၀၃၉၆၇၂၊ သီဟစိုး (လယ်ဝေး) ဖုန်း-၀၉-၄၅၀၀၀၄၈၄၆၊ ထွန်းထွန်း (ပဲလှော်) ဖုန်း-၀၉- ၄၉၃၄၀၂၁၆၊ မြသန္တာဦး (အီကြာကွေး) ဖုန်း-၀၉-၅၀၃၉၁၁၁၊ အိမွန်သန့် ဖုန်း-၀၉-၄၂၁၁၆၁၀၆၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် စာသင်ဆောင်နှင့် ဆရာ ဆရာမဆောင်များ တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စာသင်ဆောင်နှင့် ဆရာ၊ဆရာမဆောင်များတည်ဆောက်ခြင်းလုပ်ငန်း

(က)ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန
ဆရာ၊ ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄) ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်း

(ခ) နည်းပညာတက္ကသိုလ် (မုံရွာ)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ဂ) နည်းပညာတက္ကသိုလ် (စစ်ကိုင်း)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ဃ)နည်းပညာတက္ကသိုလ် (ရမည်းသင်း)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(င) နည်းပညာတက္ကသိုလ် (မကွေး)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ဆ)နည်းပညာတက္ကသိုလ် (မှော်ဘီ)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ဇ) နည်းပညာတက္ကသိုလ် (ပုသိမ်)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ဈ) နည်းပညာတက္ကသိုလ် (စစ်တွေ)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ည)အစိုးရနည်းပညာကောလိပ် (မိုးညှင်း)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ဋ) အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ဌ) အစိုးရနည်းပညာအထက်တန်းကျောင်း (ကျိုက်လတ်)
(၁) ပင်မနှစ်ထပ်စာသင်ဆောင် ပေ (၂၁၇×၁၃၀) RC တည်ဆောက်ခြင်းလုပ်ငန်း
(၂) ခြောက်ခန်းတွဲနှစ်ထပ် လူနေဆောင် ပေ (၁၄၇×၄၀) RC တည်ဆောက်ခြင်းလုပ်ငန်း

(ဍ) အစိုးရနည်းပညာအထက်တန်းကျောင်း (လပွတ္တာ)
(၁) ပင်မနှစ်ထပ်စာသင်ဆောင် ပေ (၂၁၇×၁၃၀) RC တည်ဆောက်ခြင်းလုပ်ငန်း
(၂) ခြောက်ခန်းတွဲနှစ်ထပ် လူနေဆောင် ပေ (၁၄၇×၄၀) RC တည်ဆောက်ခြင်းလုပ်ငန်း

(ဎ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(ဏ)ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

(တ)မန္တလေးကွန်ပျူတာတက္ကသိုလ်
ဆရာ/ဆရာမဆောင် ပေ(၁၆၈×၄၈×၂၄)ခြောက်ခန်းတွဲနှစ်ထပ် သံကူကွန်ကရစ်တည်ဆောက်ခြင်းလုပ်ငန်း

(ထ)ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ဆရာ/ဆရာမဆောင် ပေ (၁၆၈×၄၈×၂၄) ခြောက်ခန်းတွဲနှစ်ထပ် RC တည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁၀-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၇-၁၁-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ၂၇-၁၀-၂၀၁၃ ရက်(တနင်္ဂနွေနေ့) ၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက် သာသနသီတလဓမ္မဗိမာန်တော်ကြီး၌ နံနက် ၇ နာရီမှ ၉ နာရီအတွင်း အလှူရှင်များကိုယ်တိုင် ဆရာတော်ကြီးအား စေတနာသုံးတန်ပြဋ္ဌာန်းပြီး ကထိန်သင်္ကန်း ကပ်လှူနိုင်ပါသည်။ နံနက် ၉း၃၀ နာရီတွင် မဟာဓမ္မကထိကဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင်ဣန္ဒက ညောင်ကန်အေးဆရာတော်ကြီးမှ အနုမောဒနာတရား ချီးမြှင့်တော်မူပါမည်။

အလှူရှင်များမှ သင်္ကန်းဒွိစုံတစ်စုံ ၃၅၀၀ိ/၊ ထီးတစ်လက် ၂၀၀၀ိ/၊ ဖိနပ်တစ်ရံ ၂၀၀၀ိ/၊ ဆွမ်းအလှူ သံဃာတော်တစ်ပါး ၁၀၀၀ိ/၊ ယောဂီတစ်ဦး ၅၀၀ိ/ ဖြစ်ပြီး ညောင်ကန်အေးရိပ်သာဝေယျာဝစ္စအဖွဲ့ ဖုန်း-၀၁-၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဘူမိဗေဒကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

၁၉၈၂ ခုနှစ် တတိယနှစ်၊ ၁၉၈၃ ခုနှစ် စတုတ္ထနှစ်၊ ဘူမိဗေဒကျောင်းသားကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ရန်ကုန်တက္ကသိုလ်၊ မန္တလေးဆောင်မှ ခွဲခွာခြင်း အနှစ်(၃၀)ပြည့် အထိမ်းအမှတ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်။

နေ့ရက် - ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၊ စနေနေ့
အချိန် - (ထပ်မံကြေညာပါမည်)
နေရာ - (ထပ်မံကြေညာပါမည်)

ဆက်သွယ်ရန် - ကိုအောင်မိုး-မမူမူရှိန် ဖုန်း-၀၉-၅၀၄၄၅၆၆၊ မစန်းယုမေ ဖုန်း-၀၉-၅၀၅၇၉၄၅၊ ကိုကျော်လွင်ဦး-မခင်ဝါဇော် ဖုန်း-၀၉-၄၉၂၂၀၂၄၄၊ ကိုအေဝ ဖုန်း-၀၉-၅၃၂၁၉၈၉၊ ကိုတင်အောင်ဝင်း ဖုန်း-၀၉-၅၀၀၆၉၈၁၊ ကိုသိန်းပိုင် ဖုန်း-၀၉-၅၁၅၅၆၁၄၊ ကိုညဏ်ဝင်း-မသန္တာအေး ဖုန်း-၀၉-၇၃၁၉၁၇၈၁၊ ကိုမျိုးသန့် ဖုန်း-၀၉-၅၅၀၀၄၁၃၊ မအေးအေး(ပိစိ) ဖုန်း-၅၀၀၈၂၃၊ မချိုချိုအေး ဖုန်း-၀၉-၅၁၈၆၄၀၃၊ ကိုချင်းချောင် ဖုန်း-၀၉-၇၃၀၀၂၈၃၄၊ မစန်းစန်းလှဲ့(မိတိုး) ဖုန်း-၀၉-၅၀၃၄၀၆၇၊ ကိုဗိုလ်ကြည်သောင်း ဖုန်း-၀၉-၇၃၂၀၃၉၀၇

နတ်တလင်းအထက မြတ်ဆရာပူဇော်ပွဲ

အကြိမ်(၂၀)မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၇-၁၁-၂၀၁၃ ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် အထက နတ်တလင်း မနောဟဒယခန်းမ၌ ကျင်းပပါမည်။ အဝေးရောက်သူငယ်ချင်းများနှင့် သက်ပြည့် အငြိမ်းစားဆရာ ဆရာမများအား ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အဝေးရောက်အပူဇော်ခံ ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

သူငယ်ချင်းတို့ ဘဝအမောများဖြေကြရင်း ပျော်ပျော်ပါးပါး ပြန်လည်တွေ့ဆုံကြပါစို့။

ဆက်သွယ်လှူဒါန်းရန် -

ရန်ကုန် ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း-၆၆၆၂၇၈၊ ဦးမြင့်ဆွေ ဖုန်း-၅၁၈၀၈၆၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဦးသိန်းထွန်း ဖုန်း-၅၈၄၃၀၅၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၄၁၅၈၀၈၊ ဦးအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၁၄၆၂၅၊ ဦးအောင်ဝင်းလွင် ဖုန်း-၀၉-၄၃၀၆၇၄၅၅၊

နတ်တလင်း ဦးမြင့် ဖုန်း-၀၅၃-၃၆၅၃၄၊ ၀၉-၃၁၆၀၃၀၉၉၊ ဦးတင်ထွဋ် ဖုန်း-၀၅၃-၃၆၀၈၃၊ ဦးမြင့်စိုး(မြို့နယ်ရုံး)ဖုန်း-၀၅၃-၃၆၀၃၁၊ ဒေါ်စန်းမြင့်(ဆရာမ) ဖုန်း-၀၅၃-၃၆၁၈၈၊ ဒေါ်မြင့်မြင့်သိန်း (ကျောင်းအုပ်ကြီး) ဖုန်း-၀၅၃-၃၆၄၄၆၊ ဦးဇော်မြင့်(အထက) ဖုန်း-၀၉-၄၂၃၇၃၅၇၇၄၊ ဒေါ်အေးအေးမော် ဖုန်း-၀၅၃-၃၆၈၉၀၊ ၀၉-၃၁၆၀၅၀၃၆

ကျောင်းကုန်းမြို့ မိုဃ်းကောင်းစာသင်တိုက်တွင် ငွေကျပ်သိန်း ၅၀၀ တန် ဘောဇန
ကျောင်းဆောင်သစ်အတွက် ပါဝင်လှူဒါန်းနိုင်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ မိုဃ်းကောင်း ပရိယတ္တိစာသင်တိုက်တွင် (အလျားပေ ၆၀×အနံ ပေ၄၀) RC ကွန်ကရစ် တစ်ထပ် ဘောဇနကျောင်းဆောင်သစ်အား ငွေကျပ်သိန်း ၅၀၀ အကုန်ကျခံ ဆောက်လုပ်နေပါ၍ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များမှ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းမည်ဆိုပါက ပဓာနဆရာတော် ဘဒ္ဒန္တလာဘ ဖုန်း-၀၉-၄၉၇၄၀၁၅၃၊ ဥူးအစ္ဆရိ စာချဆရာတော် ဖုန်း-၀၉-၄၉၇၃၈၇၄၆၊ ဦးကျော်စိုး ဂေါပကအတွင်းရေးမှူး ဖုန်း-၀၉-၄၂၂၅၃၀၈၉၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မိုဃ်းကောင်းပရိယတ္တိစာသင်တိုက်
ကျောင်းကုန်းမြို့

ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀)တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်လှစ်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ အာနာပါန သမထ ဝိပဿနာ ရက် (၆၀) တရားစခန်းကို (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်) ၁၈-၁၀-၂၀၁၃ရက်၌ စတင်ဖွင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီ၊ သံဃာတော်၊ သီလရှင်၊ အမျိုးသား အမျိုးသမီးယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ်သတ်မှတ်တောင်းခံခြင်းမပြုပါ။

သာသနာ့အကျိုးဆောင်အဖွဲ့
ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၃၃၀၆၂၁၃၃၊ ၀၉-၉၁၀၄၆၃၀၆၊ ၀၂-၅၇၂၅၃

အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အထက(၅)၊ ဗိုလ်တထောင်ကျောင်းတော်ကြီးတွင် ပညာသင်ကြားပို့ချခဲ့သော ဆရာ ဆရာမများ၏ အာစရိယဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့လိုပါသဖြင့် ၁၉၈၇-၈၈/ ၁၉၈၉-၉၀/ ၁၉၉၀-၉၁ ခုနှစ်အထိ(အခြေခံပညာအထက်တန်း)သင်ကြားခဲ့သော တပည့်ဟောင်းများမှဦးဆောင်၍ အာစရိယပူဇော်ပွဲကို M3 Food Center ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်တိုဘာ ၁၃ ရက် ၂၀၁၃ ခုနှစ်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ကျင်းပရန် စီစဉ်ထားပါသဖြင့် အထက(၅)ဗိုလ်တထောင်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်း သူငယ်ချင်းများအားလုံး အင်တိုက်အားတိုက် ပါဝင်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးသတိရစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

ရှမ်းတဲ အထက (၅) မိတ္ထီလာ တတိယအကြိမ်အာစရိယ ပူဇော်ပွဲကျင်းပမည်

အမှတ် (၅၀၃)လေတပ်စခန်း မူလတန်းကျောင်းမှ အထက (၅)မိတ္ထီလာအထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ၊ ဆရာမများအား ကျောင်းသားဟောင်းများက ၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် အထက (၅)မိတ္ထီလာ၌ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆရာ၊ ဆရာမများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဆက်သွယ်မှုမရရှိသေးသော ဆရာ၊ ဆရာမများသည် ဤကြော်ငြာကိုတွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

ဦးလှဝင်း	ဖုန်း-၀၉-၂၀၁၆၇၃၂	ကိုကျော်သူအောင်	ဖုန်း-၀၉-၄၀၂၅၁၉၃၅၇	(93-94)
ဦးအောင်မြင့်	ဖုန်း-၀၉-၄၃၀၃၅၄၃၆	ကိုအေးမင်းထွန်း	ဖုန်း-၀၉-၂၀၅၄၈၆၄	(92-93)
ဦးဝင်းမြင့်	ဖုန်း-၀၉-၄၀၂၅၅၂၀၄၅	ကိုဝင်းနိုင်	ဖုန်း-၀၉-၂၂၀၀၇၃၂	(93-94)
ဦးသောင်းလွင်ဌေး	ဖုန်း-၀၉-၄၃၀၇၆၉၀၇	ကိုမိုးကျော်သူ	ဖုန်း-၀၉-၂၁၆၅၆၃၈	(92-93)
ဒေါ်ခင်စန်းဝင်း	ဖုန်း-၀၉-၃၃၁၂၇၈၈၇	မအေးမိခိုင်	ဖုန်း-၀၉-၄၃၀၄၇၃၁၅	(92-93)
ဒေါ်ခင်သန်းနု	ဖုန်း-၀၉-၄၀၂၅၂၀၂၄၄	ကိုအောင်မြကျော်	ဖုန်း-၀၉-၄၀၂၆၅၅၀၁၇	(96-97)
ဒေါ်သိမ့်သိမ့်အောင်	ဖုန်း-၀၉-၂၀၁၈၉၀၅	ကိုလှိုင်မျိုးဦး	ဖုန်း-၀၉-၂၂၀၀၂၂၇	(99-2000)
ဦးသွင်ကျော်ကျော်	ဖုန်း-၀၉-၂၀၅၁၀၆၆	မစံပယ်ထွန်း	ဖုန်း-၀၉-၄၀၂၆၆၁၁၄	(2000-2001)
ဦးအောင်မင်းထွေး	ဖုန်း-၀၉-၃၃၃၃၃၄၉၆	ကျော်ပိုပိုဝင်း	ဖုန်း-၀၉-၄၃၀၃၉၄၀၇	(94-95)
ဦးနေမျိုးထွန်း	ဖုန်း-၀၉-၅၁၁၈၂၂၉	မမြင့်မြင့်စန်း	ဖုန်း-၀၉-၂၁၆၅၀၂၇	(92-93)
ဦးကျော်ကျော်နိုင်	ဖုန်း-၀၉-၄၂၀၇၂၇၂၄၁	မယဉ်ယဉ်တင့်	ဖုန်း-၀၉-၄၀၂၆၆၇၉၃၀	(92-93)
ဒေါ်ယဉ်မင်းအေး	ဖုန်း-၀၉-၇၃၂၀၃၅၀၄	မနုနုအေး	ဖုန်း-၀၉-၄၀၂၆၈၅၁၈၇	(92-93)
		မဥမ္မာသိမ့်	ဖုန်း-၀၉-၂၅၆၀၃၂၇၃၅	(96-97)

အလှူငွေထည့်ဝင်ရန် ရိုးမဘဏ်အကောင့် - ၀၁၉၃၃၅၀၀၁၃၃၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ ၁၁ လမ်း၊ အမှတ် ၂၈/၃၀၊ ငါးလွှာ(ယာ)၊ အကျယ်အဝန်းပေ (၂၅×၅၀)ရှိ တိုက်ခန်းအပါအဝင် လိုင်းဖုန်းတစ်လုံး၊ အဲယားကွန်းနှစ်လုံးပါ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဒေါ်ကြည်ကြည်မြင့် ၁၂/တမန(နိုင်)၀၄၁၅၁၃၏ ၂၁-၅-၂၀၁၂ ရက်စွဲပါ GPမှတ်ပုံတင်အမှတ် ၉၁၅၃/၂၀၁၂ ဖြင့်ရရှိသူ ဦးခင်မောင်လေး ၁၂/လမတ(နိုင်)၀၃၀၇၃၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်စေရန်နှင့် မိမိအမည်ပေါက်ရရှိရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်သိန်း (စဉ်-၃၀၀၀)	**ဒေါ်ခင်လတ်လတ်စိုး (စဉ်-၈၅၂၆)**
LL.B, D.B.L	**LL.B(Q), LL.M, B.A (Business Law)**

တရားလွှတ်တော်ရှေ့နေများ

ဒေါ်အိအိမောင်မောင်	**အမှတ် ၁၀/၁၂၊ ပထမထပ်၊ အခန်း ၁၀၂(B-2)၊**
LL.B, Dip in Chinese (YUFL)	**၃၅လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
အထက်တန်းရှေ့နေ (စဉ်-၄၂၀၈၉)	**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၉၅၉၆၊**
	၀၉-၇၃၀၂၁၂၇၇၊ ၀၉-၄၅၀၀၀၅၇၂၈

စီးပွားရေးကြော်ငြာ

စိန်ရွှေရတနာဆိုင်

စိန်ရောင်းချင်လို့ပါ

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၃၀) အထိ

• နိုင်ငံတကာအသိအမှတ်ပြု GIA, HRD, IGI Certificate များပါရှိသော D-K Colour ရှိ ... (Rapaport) ... Discount ...

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ပြုသည့်အမှန်အကန်ပဲလိုချင်တယ်။ ရွှေဖို့ရှာဖို့လဲ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် ...

အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ပြုသည့်အကြီးအသေးဆိုဒ်ခုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

• Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (တယ်လကျိုးယမ်း Cutting) ဖြစ်ရမည်။ Cutting ...

• Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ရည် (D,E,F Colour) ဖြစ်ရမည်။ ...

• Same Purity အပွင့်တိုင်းသန့်စင်မှု ... (IF, VVS1, Quality ရှိရမည်။ VS Quality များဖြစ်သော ... Spot ... မပါစေရ။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၅၂၆၂၁၅၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းသားအချို့သည် ပေးသွင်းရန်ရှိသော ၂၀၁၁မှ ၂၀၁၃ခုနှစ် မတ်လအထိ လစဉ်ကြေးများဆက်သွယ်ပေးသွင်းခြင်းမရှိကြောင်းစစ်ဆေးတွေ့ရှိရပါသဖြင့် ကြွေးကျန်များကို ၃၁-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ငွေလက်ခံကောင်တာတွင် လာရောက်ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ အသင်းသားစာရင်းမှပယ်ဖျက်မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် (၄)၊ အခန်း ၀၀၄ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို ပိုင်ရှင် ဒေါ်ခင်ညွန့် ၁၂/ကမရ(နိုင်)၀၄၀၇၇၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူမည်ဖြစ်၍ စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ယင်းတိုက်ခန်းအား ဥပဒေနှင့်အညီ အကျိုးသက်ဆိုင်ခွင့်ရှိသူ ဖြစ်ပါက ယနေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထား ခိုင်လုံစွာဖြင့် မပျက်မကွက် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးထွန်းရှိန် — **ဒေါ်လှိုင်နန်းထိုက်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၂) — **အထက်တန်းရှေ့နေ (စဉ်-၃၁၆၀၇)**
အမှတ် ၁၁၆၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၃၂၉၄၊ ၀၉-၄၂၀၀၈၃၅၃၆

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်)အင်းစိန်မြို့နယ်၊ (ယခု) မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ် ၄၇/ဗ + ၄၈/ဓ + ၄၉/င + ၅၀/ဆ + ၅၁/က + ၅၂/ဈ ၊ ဧရိယာ၀ဒသမ၂၀၀ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် ၁၀၊ ဦးဘိုးသုန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဦးပါ ၁၂/ရကန(နိုင်)၀၅၁၂၅၆ထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်းခိုင်လုံသောအထောက်အထားများဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်တင်ဝင်းမြင့် LL.B၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)
အမှတ် ၁၆၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၂၀၈၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ဆင်မင်းလမ်း၊ အမှတ် ၉၈/၁၀၂၊ နှစ်ခန်းတွဲရှစ်ထပ်တိုက်၏ ဒုတိယထပ်(သို့)သုံးလွှာ(ဝဲ)တိုက်ခန်းကို ပိုင်ရှင် ဦးဇော်ဇော်မျိုးလွင် ၁၀/ဘလန(နိုင်)၀၀၀၁၉၈ဆိုသူထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုကြလျှင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ခဲ့ပါလျှင် တိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ-
ဦးစိုးအောင် (၆၉၁၄) B.A, R.L, D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ် ၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၀၂၆၀၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကောလင်းမြို့၊ ကျော်ဇေယျာရပ်နေ ဦးအောင်ကြည် ၅/ဝသန(နိုင်)၀၂၅၇၀၁- ဒေါ်တင်မြင့် ၅/ဝသန(နိုင်)၀၁၄၀၁၇ တို့၏သား မောင်အောင်ဇင်လှိုင်(ခ)မောင်ကွေး ၅/ကလတ(နိုင်)၀၇၉၆၆၀သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ကြည်-ဒေါ်တင်မြင့်

တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်လတ်မြို့နယ်၊ သမက်ပြေကျေးရွာအုပ်စု၊ ကသပေါင်းကျေးရွာနေ ဦးမိုး၏သား ဦးကျော်ဝင်း(ခ)ဦးအောင်ဝင်း ၁၄/ကလန(နိုင်)၀၂၇၇၀၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၁၄၅၉ Toyota Corolla S/W(4× 2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၂/လသန(နိုင်)၀၀၁၂၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၃)၊ နယ်မြေ (၃)၊ အမှတ် ၁၁၉နေ ဦးစိုင်းနောင့်နောင့် (KTG-၀၉၉၁၇၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ-

၁။ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ဂေါက်ကွင်းရပ်ကွက်၊ မြေကွက်အမှတ် (30/19)၊ ဧရိယာ ၀ဒသမ၁၁၈ဧကရှိ ဂရန်မြေကွက်ကို တောင်ကြီးမြို့၊ မြို့နယ်စုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ်တွဲအမှတ် (၁၄၇၄/၁၉၉၁)အရ အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးအောင်သန်းထံမှ ၁၉၉၈ခုနှစ် အောက်တိုဘာ ၉ ရက်စွဲပါ အိမ်/ခြံ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ခဲ့သူ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ဂေါက်ကွင်းရပ်ကွက်၊ မြေကွက်အမှတ် ၃၀/၁၉ နေ ဦးထွန်းလွင်ထံမှ ဦးစိုင်းနောင့်နောင့်က ၂၀၁၃ခုနှစ် ဇူလိုင် ၁ ရက်စွဲပါ အိမ်/ခြံမြေကွက် အရောင်းအဝယ်စာချုပ်ဖြင့် ထပ်ဆင့်လွှဲပြောင်းဝယ်ယူခဲ့ပြီးဖြစ်၍ တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်နိုင်ရန်အတွက် ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ရန်အကြောင်းကြားတောင်းဆိုလိုက်ပါသည်။

၂။ အလားတူတောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ဂေါက်ကွင်းရပ်ကွက်၊ မြေကွက်အမှတ် (၃၀/၁၈)၊ ဧရိယာ ၀ဒသမ၁၂၄ဧကရှိ ဂရန်မြေကွက်ကို တောင်ကြီးမြို့၊ မြို့နယ်စုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ်တွဲအမှတ် ၂၅၀၅/၁၉၉၁ဖြင့် အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်ကြီးကေဇဟာဒူးထံမှ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ဂေါက်ကွင်းရပ်ကွက်၊ မြေကွက်အမှတ် (၃၀/၁၉)နေ ဦးထွန်းလွင်က ၁၉၉၈ ခုနှစ် အောက်တိုဘာ ၉ ရက်စွဲပါ အိမ်/ခြံမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့်အပေါ် ဦးစိုင်းနောင့်နောင့်က ဦးထွန်းလွင်ထံမှတစ်ဆင့် ၂၀၁၃ခုနှစ် ဇူလိုင် ၁ ရက်စွဲပါ အိမ်/ခြံမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ထပ်ဆင့်လွှဲပြောင်းဝယ်ယူပြီးဖြစ်၍ တရားဝင်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုနိုင်ရန်အတွက် ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးရန် အသိပေးကြေညာအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ (က)ဗိုလ်မှူးသန်းအောင် ၁၃/တကန(နိုင်)၀၁၆၁၆၄
(ခ) ဗိုလ်ကြီးကေဇဟာဒူး ၁၃/တကန(နိုင်)၀၁၆၂၂၁
(ဂ) ဦးထွန်းလွင် ၁၃/လလန(နိုင်)၀၀၀၀၀၇တို့အနေဖြင့် ဤအသိပေးကြော်ငြာစာပါရှိသည့်ရက်မှ (၁၅)ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုနိုင်ရန်အတွက် ကျွန်ုပ်ထံသို့ မပျက်မကွက် (မပျက်မကွက်)လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ ပျက်ကွက်ခဲ့ပါက သက်ဆိုင်ရာရုံးတော်များတွင် ဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချိုမာထွန်း (တရားလွှတ်တော်ရှေ့နေ) စဉ်-၇၉၁၀/၂၀၁၁
မြမြင့်မိုရ်ရှေ့နေရုံးခန်း၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၇၉၉

၃-၁၀-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)ပါ ဦးခင်မောင်ဝင်း ၁၂/မဘန(နိုင်)၀၀၂၀၃၃၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာချက်အပေါ်

အမှန်အတိုင်း ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်(အထက်)လမ်း၊ အမှတ်၈၅(ပထမထပ်)နေ ဒေါ်ခင်မမအောင် ၁၂/ကမတ(နိုင်) ၀၀၁၀၆၁က အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးခင်မောင်ဝင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ခင်မမအောင်တို့သည် ၂၀-၄-၁၉၉၂ရက်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ထိုသို့ပေါင်းသင်းစဉ် တစ်ဦးနှင့်တစ်ဦး သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့၍ ၂၄-၁၁-၂၀၁၁ရက်တွင် ရန်ကုန်မြို့ အနောက်ပိုင်းခရိုင်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ထိုသို့ကွာရှင်းပြီးနောက် လင်မယားနှစ်ဦးပိုင်ပစ္စည်းအရပ်ရပ်နှင့်ပတ်သက်၍ ဦးခင်မောင်ဝင်းကိုယ်တိုင် အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုး၍ ပစ္စည်းခန်းကို အတိအလင်းခွဲဝေခဲ့ကြပြီးဖြစ်ပါသည်။ ထိုအကြောင်းအရာများကို ဦးခင်မောင်ဝင်းကိုယ်တိုင် သိရှိနေပါလျက် အထက်ပါကိစ္စရပ်များအားထိမ်ချန်၍ ခွဲဝေခဲ့ကြပြီးသောပစ္စည်းများနှင့် လူကြီးမင်းနှင့်ကွာရှင်းပြီးနောက် ဒေါ်ခင်မမအောင်တစ်ဦးတည်းရှာဖွေခဲ့သောပစ္စည်းတို့ကို တစ်ပေါင်းတည်းဖော်ပြပြီး အများအထင်မှားစေရန် မမှန်မကန်ထည့်သွင်းလာခဲ့ခြင်းသာဖြစ်ပါသည်။

သို့ပါ၍ လူကြီးမင်း၏ကြော်ငြာချက်တွင်ဖော်ပြထားသောပစ္စည်းအရပ်ရပ်နှင့်ပတ်သက်၍ လူကြီးမင်းနှင့်ကျွန်ုပ်တို့၏မိတ်ဆွေတို့ ပစ္စည်းခန်းခွဲဝေရယူခဲ့ကြပြီးဖြစ်၍ လူကြီးမင်း၏ကြေညာချက်အပေါ် လိုက်နာရန်မလိုအပ်ကြောင်းနှင့် ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းရန် အသင့်ရှိပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏မိတ်ဆွေရပိုင်ခွင့်ရှိသော ပစ္စည်းအရပ်ရပ်နှင့်ပတ်သက်၍ လူကြီးမင်းဘက်မှ နှောင့်ယှက်ဟန့်တားမှုများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟုတ်မှန်သည့်အတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ LL.B,D.B.L (စဉ်-၂၈၆၄၁) — **ဒေါ်ခင်မာနွယ် LL.B,D.B.L (စဉ်-၃၁၀၇၀)**
ဒေါ်ဟန်သီစိုး LL.B,IDCS, IADCS (စဉ်-၃၉၄၄၇)
အထက်တန်းရှေ့နေများ
အမှတ်(၁၃၆/၁၃၈)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

ရောင်းမည်/ကားနှင့်လဲမည်

မြေတူးစက်-KOMATSU-Pc 200-D-5
မြေထိုးစက်-KOMATSU- D-60-3
မြေထိုးစက်-KOMATSU-D-40
ဖုန်း-၀၉-၄၄၄၀၄၁၈၈၄၊ ၀၉-၄၇၀၆၃၃၄၅

မွေးသက္ကရာဇ်အမှန်

ရွှေဘိုမြို့၊ T.W.S ကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်း(A)မှ ဦးဇော်ဝင်း၏သား မောင်သန့်ဇင်မိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၅-၂၀၀၂ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ ဝက်မစွပ်လမ်းကျောကပ်လမ်း၊ မြေကွက်အမှတ် ၁၀၂၊ အကျယ်ပေ (၆၀×၆၀)ရှိ ဦးကျော်နီထွန်း(ခ)ဦးကျော်နိုင်အမည်ပေါက် နှစ် ၆၀ဂရန်ထွက်ရှိထားသည့် ဂရန်မြေအမျိုးအစား မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးကျော်နီထွန်း(ခ)ဦးကျော်နိုင် ၁၂/လမတ(နိုင်)၀၁၁၃၁၈ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ကြည် ၁၂/ရပသ(နိုင်)၀၂၁၂၂၁က စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — **လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်ကြည် — **ဒေါ်ခင်မာလွင် LL.B, D.B.L**
၁၂/ရပသ(နိုင်)၀၂၁၂၂၁ — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)**
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆

အများသိစေရန်ကြေညာခြင်း

[illegible]

အများသိစေရန်အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်အောင်ကျော် ၁၂/ပဇတ(နိုင်)၀၂၆၆၉၅၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်၇၉(ငါးလွှာ-A)တိုက်ခန်းအား မဆုဝေဝေဖြိုး ၁၂/အလန(နိုင်)၀၄၀၆၈၄ ထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ၁၂-၄-၂၀၁၁ရက်မှစ၍ ဝယ်ယူခဲ့သောတိုက်ခန်းဖြစ်ပြီး ယနေ့တိုင် လက်ဝယ်ပိုင်ဆိုင် နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်နှင့် သက်ဆိုင်သော ကိစ္စအဝဝသည် ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်အောင်ကျော်နှင့်သာ သက်ဆိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလင်းဘုန်းမြတ် LL.B၊ အထက်တန်းရှေ့နေ(စဉ်-၃၇၈၀၅)
အမှတ်(၁၅၈/၁၆၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၈၁၆၃၀၂၅

လူမှုရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကောင်း

အသက် (၈၅)နှစ်

ဦးတွတ်-ဒေါ်ခင်စန်းထွေး (လှဲ့လှဲ့ အိမ်ဆောက်ပစ္စည်းဆိုင်)တို့၏ဖခင် ဦးကောင်း (လှဲ့လှဲ့ ရေခဲစက်နှင့်ပင်လယ်စာရောင်းဝယ်ရေး)သည် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

သန္တိသုခ လူမှုကူညီရေးအသင်း ဇီဝိတဒါနကုသိုလ်ပြု ဆေးခန်းဆရာတော်နှင့် အသင်းသူ အသင်းသားများ

ဒေါ်လှရင် (ဂန့်ဂေါမြို့)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ မြသစ္စာလမ်း၊ အမှတ် ၉/စီနေ (ဦးသာစိန်-ဒေါ်ငွေကျော့)တို့၏သမီး၊ (ဦးဘဝက်-ဒေါ်လှဝါ)တို့၏သမီး ချွေးမ၊(ဗိုလ်မှူးလှသိန်း)၏ဇနီး၊ ဦးအေးကို-ဒေါ်တင်တင်ဝင်း (လ/ထ မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး၊ ငွေစာရင်းဌာန)၊ ဦးရဲမင်း-ဒေါ်မိုးသူအောင်၊ (ဦးမြတ်မင်း)၊ ဗိုလ်မှူးကြီးမျိုးသန့်-ဒေါက်တာခင်ခင်ဝင်းတို့၏မိခင်၊ မောင်ရဲဟိန်းအောင် (ရန်ကင်းမြို့နယ်၊ ပြည်ခိုင်ဖြိုးပါတီကော်မတီဝင်)၊မအေးသက်ထားခိုင် (Air Bagan Ltd.)၊ မောင်ရဲစစ်အောင် (AA Myanmar)၊ မောင်ဟိန်းလင်းထက် (တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)တို့၏ ဘွားဘွားကြီးသည် ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၆း၃၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ကွယ်လွန်သွားပါသဖြင့်၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ တိုက် ၁၁၊ အခန်း (003)၊ စပါယ်လမ်းတွင် တပ်ဆင်ထားသော ဒေါ်ရှုကြည် BT-၀၁၂၃၈၈၄၊ လိုင်းခွဲတယ်လီဖုန်းနံပါတ်-၂၀၀၇၄၇၊ Ext: 7204 ပိုင်ဆိုင်မှု မူရင်းဘောက်ချာပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ယုဇနပလာဇာ (ဒုတိယထပ်ရုံးခန်း)

ဖုန်း-၂၀၀၈၀၁၊ ၂၀၀၇၄၇၊ Ext: ၄၄၄၄၊ ၃၄၄၄

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန် အသက်(၉၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၁)နှစ်သည် ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြည်သာ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်မာမာအေး မိသားစု

လွမ်းဆွတ် သတိရခြင်း နှင့် ဝမ်းနည်းကြေကွဲခြင်း

[illegible]

ကျော်ကျော် တာဝေ (မော်လမြိုင်)

ကိုကျော်ကျော် (၄၄)နှစ်

(၈.၁၀.၁၂ - ၈.၁၀.၁၃)

"အသိ" တရားတွေနဲ့

"သတိ" ထားပေးမယ့်

ပြေပြစ်နိုင်သောကမ်းတွေနဲ့

တာဝန်ကျေမှုတွေကို

သားကြီးရေ လွမ်းဆွတ်နဲ့ မော…။

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၅၄၈၄ Luojia LJ 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်သင်း ၅/တမဒ(နိုင်)၀၅၁၀၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသောဘဏ (ဝေဠုဝန်နိကာယ)

(သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဝေဠုဝန်နိကာယ ဗဟိုရ်အကျိုးတော်ဆောင်၊ သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ဩဝါဒါစရိယ၊ ၁၀၈တောင်စေတီတော် ဩဝါဒါစရိယ)

သက်တော် (၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံတိုက်၊ အဘယာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘဏ သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါသည် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်) ၅-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက်) ၉-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပ၍ မွန်းလွဲ ၂နာရီတွင် ကျောင်းတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ပူဇော်ပါမည်။ **တပည့်ဒါယကာ၊ ဒါယိကာမများ**

ဥမြို့နယ်အသင်း(ရန်ကုန်)

ဘဒ္ဒန္တသောဘဏ (ဝေဠုဝန်နိကာယဗဟိုရ်အကျိုးတော်ဆောင်)

(သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံကျောင်းတိုက်၊ အဘယာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ ဆရာတော် ဘဒ္ဒန္တသောဘဏ သက်တော်(၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါသည် (၁၃၇၅ ခုနှစ်၊ သီ တင်းကျွတ်လဆန်း ၁ ရက်) ၅-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၅ ရက်) ၉-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ပူဇော်ပါမည်။ **ဥမြို့နယ်အသင်း(ရန်ကုန်)**

ဗုဒ္ဓဘာသာဝင်များ

သံတွဲခရိုင်အသင်း(ရန်ကုန်)

ဘဒ္ဒန္တသောဘဏ (ဝေဠုဝန်နိကာယဗဟိုရ်အကျိုးတော်ဆောင်)

(သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံကျောင်းတိုက်၊ အဘယာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ ဆရာတော် ဘဒ္ဒန္တသောဘဏ သက်တော် (၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါသည် (၁၃၇၅ ခုနှစ်၊ သီ တင်းကျွတ်လဆန်း ၁ ရက်) ၅-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) ၉-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ပူဇော်ပါမည်။ **သံတွဲခရိုင်အသင်း(ရန်ကုန်)**

ဗုဒ္ဓဘာသာဝင်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း-ဒေါ်နီနီအောင်တို့၏ဖခင် ဗိုလ်အောင်နိုင်(ခ)ဦးအေးလှိုင် [ဂျပန်ဘုရင့်စစ်တက္ကသိုလ်၊ ဒုတိယပတ် ဗိုလ်သင်တန်းဆင်း(မင်္ဂလာဒုံ)၊ ဂျပန်ခေတ်လေတပ်ပညာတော်သင်] အသက် (၉၄)နှစ်သည် ၃၀-၉-၂၀၁၃ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာမှူးကြီးနှင့်ဝန်ထမ်းများ

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကချင်ပြည်နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်အောင်မြင့် (တောင်ငူ)

အသက်(၇၀)

ထူးကုမ္ပဏီများအုပ်စု မန်နေဂျင်းဒါရိုက်တာ ဦးဖိုးသင်မောင်၏မိခင် ဒေါ်ခင်အောင်မြင့် (တောင်ငူ) အသက်(၇၀)သည် ၃-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

(A-007)Apex စက်သုံးဆီလုပ်ငန်းနှင့်

Electrum Mining ဌာနခွဲဝန်ထမ်းများ

မြစ်ကြီးနားမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်အောင်မြင့်

ဆရာမ(ငြိမ်း) အထက (၁) တောင်ငူ

အသက် (၇၀)

ဦးဖိုးသင်မောင် (အုပ်ချုပ်မှုဒါရိုက်တာ၊ ထူးကုမ္ပဏီများအုပ်စု)၏မိခင် ဒေါ်ခင်အောင်မြင့် အသက် (၇၀) နှစ်သည် ၃. ၁၀. ၂၀၁၃ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်

အထူးကျေးဇူးတင်ရှိခြင်း

ဒေါ်ခင်အောင်မြင့်

အလယ်တန်းပြ (ငြိမ်း)၊ အထက (၁) တောင်ငူ

အသက် (၇၀)

မိခင်ကြီး နာမကျန်းစဉ်ကာလအတွင်း လိုအပ်သည်များ ပြည့်စုံစွာ ထောက်ပံ့ကူညီခဲ့ပါသော ထူးကုမ္ပဏီများအုပ်စု၏ဥက္ကဋ္ဌ ဦးတေဇ၊ ဂရုတစိုက်ကုသပေးခဲ့ပါသော အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်မှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအရာရှိများ၊ နာရေးအတွင်း အားပေးနှစ်သိမ့်ခဲ့ပြီး အစစအရာရာလိုက်လံကူညီဆောင်ရွက်ပေးခဲ့ပါသော ထူးကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌနှင့် ထူးကုမ္ပဏီများအုပ်စုမှ လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမများ၊ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

8-10 (22).pmd 1 10/7/2013, 12:23 PM

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်း မိသားစု
သမ္မတရုံးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂) နှစ်သည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင်ဝမ်းနည်း ကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး
ဦးဝင်းမြင့်နှင့်ဇနီးဒေါ်မြင့်မြင့်သန်း
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက် (၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၈း၄၈နာရီတွင် ကွယ်လွန် ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေ မိသားစု
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အိမ်အမှတ် H-1 နေ ဦးမောင်ကလေး(ကျောင်းအုပ်ဆရာကြီး၊ငြိမ်း)၏ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ (စစ်ကိုင်းတိုင်းဒေသကြီး ပါတီဥက္ကဋ္ဌ)၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက် နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူရ ဦးအေးမြင့်နှင့် ဇနီး ဒေါ်အေးအေး
ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ နေပြည်တော်

ဒုတိယဗိုလ်မှူးကြီးအောင်ဖေ (ငြိမ်း)

ကြည်း-၇၆၉၃

B.A, B.L၊ စစ်ဥပဒေဌာန

အသက်(၈၃)နှစ်

မန္တလေးမြို့၊ ၂၂ C လမ်း၊ ၈၄လမ်း၊ ဝင်း ၈၀နေ ဆရာမဒေါ်ရီတာ သာလှ(ခ)ဒေါ်စုစု(အထက-၁၂၊ ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်ဖြိုး (B.Ag-1984)-ဒေါ်မြစန်းကြည် (B.Ag-1980) တို့၏ဖခင်၊ မမေဖြိုးစု [B.A (Eng)]၊ မဥဥခင် [B.A (Eng) M.U.F.L] (3kအထူးစာကျက်ဝိုင်း)၊ မချစ်စုစံ(2nd ဆေးမန်း)တို့၏ ဘိုးဘိုးကြီးသည် ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မောင်စိုးသက်ခိုင်(ခ)မောင်သိန်းဆွေမြင့်

အသက်(၄၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၃၅၆၊ မဟာဗန္ဓုလလမ်း၊ ငါးထပ်(ယာ)နေ ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင်)-ဒေါ်ထွေးလေးတို့၏သားကြီး၊ ဒေါက်တာအောင်ဇေယျ (ဒုတိယပါမောက္ခ၊ နည်းပညာတက္ကသိုလ်၊ မန္တလေး)၊ မောင်သီဟစိုး(သင်္ဘောသား)၊ မောင်ကျော်သူရ(သင်္ဘောသား)၊ မမျိုးဇင်သွဲ့(မန်နေဂျာ၊ စန္ဒာမြိုင်ကုမ္ပဏီ)၊ မောင်လင်းဟိန်းဇော်တို့၏အစ်ကိုကြီး မောင်စိုးသက်ခိုင်(ခ)မောင်သိန်းဆွေမြင့် M.Sc,A.G.T.I (M.P) သည် ၆-၁၀-၂၀၁၃ရက် ညနေ ၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မအေးမြတ်သူ(ခ)ဆူမို

ဝဏ္ဏဘဒ္ဒသင်္ဂီ

(အထက-၂၊ စမ်းချောင်း၊ ကျောင်းသူဟောင်း)

အသက်(၁၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တိုက် ၁၇၊ အခန်း ၄၊ ဝေဠုဝန်အိမ်ရာ စခန်းနေ (ဦးစောမောင်ဇေး)-ဒေါ်လှမြိုင်၊ (ဦးအောင်စိုး)-ဒေါ်ခင်စန်းတို့၏မြေး၊ ဦးနေဝင်းထိုက်-ဒေါ်ရီရီစောတို့၏သမီးကြီး၊ မောင်ကောင်းမြတ်သူ-မစန္ဒာအောင်တို့၏ညီမ၊ မနှင်းမြတ်သူ(မီကို)(Grade-7,D၊အထက-၂၊စမ်းချောင်း)၊မအင်ကြင်းမြတ်သူ(အိုကီ)(Grade-2,D၊ အထက-၂၊ စမ်းချောင်း)တို့၏အစ်မ၊ ဦးတင်အောင်စော၊ ဦးဖြိုးဝေမျိုး-ဒေါ်အေးအေးစောတို့၏တူမ၊ မောင်သူရိန်ဖြိုး၏အစ်မ၊ မောင်ဥက္ကာအောင်၏အဒေါ်သည် ၆-၁၀-၂၀၁၃ရက် မွန်းလွဲ ၁၂း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ်(H/1)နေ (ဦးဆိုင်-ဒေါ်အုံ)တို့၏သမီး၊ (ဦးဘမောင်-ဒေါ်ညို)တို့၏သမီးချွေးမ၊ ဦးမောင်ကလေး၏ဇနီး၊ ဦးတင်လတ်-ဒေါ်ထွေးထွေးမြ၊ ဦးသာအေး-ဒေါ်ဝေဝေခိုင်၊ ဦးငြိမ်းဆွေ-ဒေါ်တင်တင်ခိုင်၊ ဦးလှိုင်မင်း-ဒေါ်မြင့်မြင့်ခိုင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ကိုအောင်ကျော်စိုး၊ မမေဇွန်၊ ကိုစည်သူအေးအောင်၊ မသန္တာအေးအောင်၊ မမေခိုင်စိုး၊ မမေသင်းခိုင်၊ မောင်မြတ်ဘုန်းထက်တို့၏အဘွား၊ မြစ် ထက်မြတ်နိုင်၊ ဘုန်းမြင့်မြတ်၊ လင်းလက်ပြုံး၊ ခင်လပြည့်သာ၊ ရွှေလဝန်းသာတို့၏ဘွားဘွားကြီးသည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ငွေသိန်း (သထုံမြို့)

အသက်(၈၇)နှစ်

ပေါင်မြို့နယ်၊ အလယ်ရွာနေ (ဦးဖိုးမွှေး-ဒေါ်အေးသွယ်)တို့၏သမီးထွေး၊ သထုံမြို့နေ (ဦးစောထွန်းလင်း-ဒေါ်လှရွှေ)တို့၏သမီးချွေးမ၊ သထုံမြို့နေ ဦးစောချစ်သိန်း၏ဇနီး၊ ဆရာလေး ဒေါ်ရသဝတီ၊ ဒေါ်ခင်စန်းမြင့်(အထက-၂၊ သထုံ၊ ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၊ နော်ရှယ်လီသိန်း-ဒုတိယဗိုလ်မှူးကြီးစိန်သန်း(ငြိမ်း)၊ Captain စောမင်းခိုင်-ဒေါ်မြင့်မြင့်သိန်း (ဒုရဲအုပ်၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးကျော်နိုင်စိုး-ဒေါ်အေးအေးအောင်မြင့်သိန်းတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် သထုံမြို့၊ အမှတ် ၉၅၇၊ ဘူတာလမ်း၊ ညောင်ပိုင်းရပ်နေအိမ်၌ ၅-၁၀-၂၀၁၃ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ဂေါ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေး

အသက်(၇၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်တိုက်နယ်၊ ကံနီကျေးရွာနေ (ဦးစံတင်-ဒေါ်လှခင်)တို့၏သမီး၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ခြံအမှတ် ၁၅/၅၂၂၊ အမှတ် ၂၄လမ်းနေ အရာခံဗိုလ်သန်းဆွေ(ငြိမ်း)၏ဇနီး၊ (မလှလှမြင့်)၊ (ဗိုလ်ဇော်ဝင်းခိုင်)၊ ဗိုလ်မှူးဇော်မင်းနိုင်(ငြိမ်း)၊ ဗိုလ်ကြီးမြင့်အောင်-ဒေါ်အိရွှေစင်ဝင်း၊ မမာလာအေးတို့၏မိခင်၊ မနှင်းရွှန်းလဲ့နိုင်၊ မောင်နေအုပ်၊ မမေဇင်မြင့်အောင်၊ မအင်ကြင်းမြင့်အောင်၊ မောင်အာကာမြင့်အောင်တို့၏အဘွားသည် ၄-၁၀-၂၀၁၃ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသန်းထိုက်ဦး(ခ)ဦးခင်မောင်ဝင်း

အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းရင်-ဒေါ်စောရီ)တို့၏သားကြီး၊ ဒေါ်စောမာလာ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၂၁၊ ကျော်သူ ၁၈လမ်း၊ (၉)ရပ်ကွက်နေ ကိုအောင်ထွန်းခိုင်-မမေစုလှိုင်တို့၏ဖခင်၊ ဦးမျိုးမြင့်-ဒေါ်အေးသန်းဝင်း၊ ဒေါ်တင်တင်ဝင်း၊ (ဦးရဲမြင့်)-ဒေါ်ညိုညိုလှိုင်၊ (ဦးမျိုးဝင်း)တို့၏အစ်ကိုကြီး၊ မောင်ကြည်စိုးဟန်၊ မောင်ထက်အောင်လှိုင်တို့၏ဘကြီး၊ သိမ့်သဉ္ဇာခိုင်တို့၏အဘိုးသည် ၇-၁၀-၂၀၁၃ရက် ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အတင့် (သာရဝေါ)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉/ဘီ ရပ်ကွက်၊ ဖိုးဝဇီရာလမ်း၊ အမှတ် ၁၅၇နေ (ဦးအောင်မြင့်-ဒေါ်မြရှင်)တို့၏သမီး၊ ဦးသောင်းစိန် (ရေယာဉ်မှူး၊ မြန်မာ့ရေနံ၊ ငြိမ်း)၏ဇနီး၊ ဒေါ်တင်မြင့်၏ညီမ၊ ဒေါ်ခင်ဝင်းကြည်၏အစ်မ၊ ဒေါက်တာဇာနည်သောင်း-ဒေါက်တာတင်ထက်ခိုင်၊ ဒေါ်ဆုဝေနှင်း(အထပြ၊ အထက-၃၊ မြောက်ဒဂုံ)၊ ကိုကောင်းမြတ်သောင်းတို့၏မိခင်သည် ၆-၁၀-၂၀၁၃ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးသန်း B.Ed (1971-1976)

ကျောင်းအုပ်ကြီး၊ အထက(၁)ရန်ကင်း

အထက(၁)ခရမ်း(အလက တန်းလျားလေး တွံတေး)၊ အထက(၃)ကမာရွတ်

အသက်(၅၉)နှစ်

ဦးအေးမောင်-ဒေါ်ခင်ညိုတို့၏သား၊ ဦးစိန်ထွန်း-ဒေါ်အုန်းမြတို့၏သားသမက်၊ တိုက် ၁၊ အခန်း ၈၊ ဝေဠုဝန်အိမ်ရာသစ်၊ မှန့်/မြောက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်မေသူထွန်း(အထပြ၊ ငြိမ်း) (လင်းလက်ကြယ်မှုကြို-ကျူရှင်)၏ခင်ပွန်း၊ ဒေါ်တင်တင်အေး(သတ္တုတွင်းဝန်ကြီးဌာန၊ ငြိမ်း)၊ (ဒေါ်အေးအေး၊ သတ္တုတွင်းဝန်ကြီးဌာန၊ ငြိမ်း)တို့၏မောင်၊ မသဥ္ဇာသူ(FMI Garden Development Ltd.)၊ မောင်ပိုင်စိုးသူ(KBZ Bank Tamwe)တို့၏ဖခင်သည် ၇-၁၀-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၄း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက-၁၊ရန်ကင်း၊ ကျောင်းဝင်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက(၁)ရန်ကင်းကျောင်းဝင်းရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းဝင်း

လက်ထောက်မန်နေဂျာ (မစဘ၊ ကြည့်မြင်တိုင်)

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် ၃၀/လေးလွှာယာ၊ ရေကျော်၊ ဝတ်ကျောင်းလမ်းနေ(ဦးကျော်ထွန်း-ဒေါ်ထွေး)တို့၏မြေး၊ (ဦးတင်ညွန့်၊ မစဘ၊ ငြိမ်း-ဒေါ်သန်းဆွေ)တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးရဲလွင်(ငြိမ်း)-ဒေါ်ညွန့်ညွန့်ကြည်၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးသွင်တို့၏တူမ၊ အရာခံဗိုလ်ရဲတင့်(ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ (ဦးကျော်အေး)-ဒေါ်အေးအေးမော်၊ ဦးကိုကိုမောင်၊ ဒေါ်ခင်သန်းဝင်း၊ (ဦးသန့်ဇင်)-ဒေါ်စန်းစန်းခိုင်(ဘဏ်-၄)၊ ဦးဇော်မင်းအောင်(ပန်းထိမ်)-ဒေါ်စုမြတ်ဝင်း၊ ကိုကျော်မိုး(ဘဏ်ခွဲ-၄)တို့၏အစ်မ၊ တူ၊ တူမ ၁၂ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၁း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ကြည် (ဟင်္သာတ)

အသက်(၉၀)

ဟင်္သာတမြို့နေ(ဦးသိန်း-ဒေါ်လှရင်)တို့၏သမီး၊ (ဦးကြာညွန့်-ဒေါ်ခင်သန်း)၊ (ဦးတင့်မောင်-ဒေါ်ခင်ရီ)၊ (ဦးငြိမ်းမောင်-ဒေါ်ကြည်)တို့၏ညီမ၊ (ဦးစိန်တိုး)-ဒေါ်တင်မေ၊ (ဦးတင်အေး-ဒေါ်တင်မှီ)၊ ဒုရဲမှူးကြီးမျိုးဆွေ(ငြိမ်း)-ဒေါ်သန်းသန်းဆွေ၊ ဦးခင်စိုး(GTC၊ ငြိမ်း)-ဒေါ်ကြည်ဝင်း (အထက၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဦးလှကြိုင် (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်ခင်တင့်(သ/မ၊ ငြိမ်း)တို့၏အစ်မသည် ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇း၅၅နာရီတွင် မြင့်မြတ်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဦးလှကြိုင်-ဒေါ်ခင်တင့်၊ အမှတ် ၇၀၀၊ ပန်းပေါင်းလမ်း၊ ပန်းဘဲတန်းနေအိမ်မှ မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့်ခင်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကုက္ကိုလ်လမ်း၊ အမှတ် ၅၉နေ (ဦးသိန်းဟန်-ဒေါ်ရွှေရစ်)တို့၏သမီး၊ (ဦးငွေဇင်)၏ဇနီး၊ (ဦးတင်ငွေ)-ဒေါ်မြမြစန်း(ဒေါ်သေး)၊ ဦးတင်သန်း (Eternal Co., Ltd.) - ဒေါ်တင်စိန်၊ ဦးလှကြည်-ဒေါ်သန်းသန်းငွေ (ဦးစီးအရာရှိ၊သာကေတမြို့နယ်စီမံကိန်းဦးစီးဌာန)၊ ဦးမြသန်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၇-၁၀-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေးသင်

(ကျောင်းဆရာမ၊ ငြိမ်း)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊သီတာလမ်း၊အမှတ် ၂၀ (၇/ခ)နေ (ဦးသိန်း-ဒေါ်နန်းအုန်းသင်)တို့၏သမီးကြီး၊(ဦးကျော်ဒွန်း-ဒေါ်နှင်းရီ)တို့၏သမီးချွေးမ၊ (ဦးမောင်မြင့်)၏ဇနီး၊ ဆရာလေး ဒေါ်သုမန(ကမ္ဘာအေးကျောင်းတိုက်၊ ပုသိမ်)၏အစ်မ၊ (ဦးမြင့်သူ)-ဒေါ်သင်းသင်းအေး၊ ဦးတင်ထွန်းအောင်-ဒေါ်စန်းစန်းမော် (အထက-၇၊ ပုသိမ်)၊ဦးမြင့်ဇော်၊ ဦးမောင်မောင်အောင်စည်-ဒေါ်မိုးစန္ဒာတို့၏မိခင်၊မြေးခြောက်ယောက်တို့၏အဘွားသည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးအောင်မိုး(ခ)

ဦးအောင်ကျော်မိုး(ပျဉ်းမနား)

အသက်(၄၈)နှစ်

ပြင်ဦးလွင်မြို့၊ (၁)ရပ်ကွက်၊ အမှတ် ၄၀နေ ကန်ထရိုက်တာ CH ဦးအလီမြား-ဒေါ်ပုတို့၏မြေး၊ ပျဉ်းမနားမြို့နေ ဟာဂျီ ဦးတင်မြင့် (စိုက်သိပ္ပံ၊ ငြိမ်း)၊ (ဟာဂျီမ ဒေါ်ခင်သန်း) မေမြို့ထောပတ်တို့၏တူသား၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးဘသော်၊ ရေတပ်၊ ငြိမ်း)၊ စာရေးဆရာ မောင်သော်က (ဒေါ်လှဟန်)တို့၏တူ၊ ပျဉ်းမနားမြို့ ဒေါ်နှင်းရီ (သိုးမွေး)-(ဦးမောင်မောင်တင်၊ ကြယ်ငါးပွင့်)တို့၏သားကြီး၊ ကိုမြင့်မိုး(ခ)ကိုညီညီမိုး၏အစ်ကိုကြီး၊မောင်သော်လင်းထက်၊ မမေကဗျာမိုးတို့၏ကြာကြာကြီး၊ မဘောဒီအောင်မိုး၏ဖခင်သည် ၂၆-၉-၂၀၁၃ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ကွင်းကြီးသုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသောဘဏ

(ဝေဠုဝန်နိကာယ ဗဟိုရ်အကျိုးတော်ဆောင်)

(သာသနာဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)

သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရခိုင်ပြည်နယ်၊သံတွဲခရိုင်၊ ဂွမြို့နယ်၊ ဆပ်သွားကျေးရွာအုပ်စု၊ ဂျိုင်ကောက်ရွာနေ ခမည်းတော် ဦးမောင်ကြီး-မယ်တော် ဒေါ်မြတို့၏သား၊ ဒေါ်တင်မြင့်၏မောင်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံကျောင်းတိုက် အဘယာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘဏ သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါသည် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်) ၅-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက်) ၉-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန အခမ်းအနားကျင်းပ၍ မွန်းလွဲ ၂နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ပူဇော်ပါမည်။

ကျန်ရစ်သူမိသားစု၊ ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကုန္ဒဝံသ (ဓမ္မာစရိယ) ပဓာနနာယကဆရာတော်

သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ဟင်္သာလမ်းအတွင်းတည်ရှိသော သိပ္ပါလယ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တကုန္ဒဝံသ သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၀)သည် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်) ၇-၁၀-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကျောင်းတိုက်၏ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ

သုသမာစာရ ပရိယတ္တိ ဟိတစရ လက်ာရ

ဦးကီး

ပရိယတ္တိသုသမာစာရ ဥက္ကဋ္ဌ

အသက်(၁၀၀)

မော်လမြိုင်မြို့၊ ဒိုင်းဝန်းကွင်း၊မင်းလမ္ဘရပ်၊ အမှတ် ၉၄နေ(ဦးစိန်-ဒေါ်ညွန့်)တို့၏သား၊ (ဦးသာဒွေး-ဒေါ်ရွှေ)တို့၏သားသမက်၊ (ဒေါ်ကျင်ပွန်)၏ခင်ပွန်း၊ (ဦးရွှေသိန်း)-ဒေါ်ချိုချိုမာ၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်မေသွင်၊ ဒေါ်ကြည်ကြည်ဝင်း-(ဦးတင်ဟန်လင်း)၊ ဒေါ်စုစုဝင်း-ဦးလှမြင့်၊ ဦးကျော်သိန်း-ဒေါ်စိုးစိုးရီ၊ ဦးခင်မောင်ဇော်-ဒေါ်မြင့်မြင့်လွင်၊ ဒေါ်ငွေငွေဝင်း-ဦးအေးမင်း၊ ဒေါ်မေရီဝင်း၊ ဦးသိုဏ်းကျော်-ဒေါ်နွယ်နွယ်ခိုင်တို့၏ဖခင်၊ မြေး ၂၁ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၇-၁၀-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇း၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကြန့်တိတ်တောင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းရီ (ဥက္ကံ/ဖျာပုံ)

အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နေ (ဦးစံတိုး-ဒေါ်ညွန့်)တို့၏သမီး၊(ဦးတင်ရှိန်)-ဒေါ်ကြည်တို့၏အစ်မ၊ ဖျာပုံမြို့၊ ရှင်ရဲထွဋ်လမ်း၊ အမှတ် ၁၃၂နေ ဦးအုန်းကြိုင်၏ဇနီး၊အမှတ် ၇၈၁(လေးလွှာ-A)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးအေးလွင်) - ဒေါ်တင်တင်ဦး၊ ဦးဝင်းကို-ဒေါ်မြင့်မြင့်စိန်၊ (ဦးအေးနိုင်-ဒေါ်သန်းသန်းအေး)၊ ဦးမင်းလွင်ဦး-ဒေါ်မျိုးမျိုးအေးတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၇-၁၀-၂၀၁၃ရက် နံနက် ၉း၂၂နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဒေါ်တင်တင်ဦး နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တောင်သာမြို့နယ်အသင်း(ရန်ကုန်)

မောင်စိုးသက်ခိုင်(ခ)

မောင်သိန်းဆွေမြင့်

အသက်(၄၀)

ကျောက်တံတားမြို့နယ်၊ အမှတ် ၃၅၆၊ မဟာဗန္ဓုလလမ်းမကြီးနေ တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ အမှုဆောင် ဦးစိန်လှ (သိပ္ပံစိုးမြင့်နိုင်)-ဒေါ်ထွေးလေးတို့၏သားကြီး၊ ဒေါက်တာအောင်ဇေယျ(ဒုတိယပါမောက္ခ၊မန္တလေးနည်းပညာတက္ကသိုလ်)၏ အစ်ကိုကြီးသည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

သုံးဆယ်မြို့အသင်း(ရန်ကုန်)

ရာသက်ပန်အသင်းဝင်

ဒေါ်သန်းသန်းလွင်(ခ)

မဒေါ်လီ

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၊ ပန်ဝါလမ်း၊ (၂၉)ရပ်ကွက်၊ ဆောက်လုပ်ရေးသင်တန်းကျောင်းဝင်း၊ သုဝဏ္ဏနေ ဦးကျော်မြင့် (မြန်မာ့ကုန်သွယ်မှုဘဏ်)၏ ဇနီးသည် ၁-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်းအမ

ဒေါ်မြမြအေး (စမ်းချောင်း)

B.A (Geography),

Deploma & Japanes

အမက(၁၉)လှိုင်

အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ ဗဟိုလမ်း၊အမှတ် ၁၀၆/ပထမထပ်(ဘီ)နေ (ဦးစိန်ဟံ-ဒေါ်မြင့်မြင့်)တို့၏သမီး၊ (ဦးမောင်ညွန့်-ဒေါ်စန်းစန်းရီ)၊ ဦးထွန်းထွန်းနိုင်(အရာခံဗိုလ်)-ဒေါ်စန်းစန်းငွေ၊ (ဦးစိန်လှ)-ဒေါ်စန်းစန်းအေးတို့၏ ညီမ၊ ဒေါ်မြမြမူ၊ ကိုမြင့်စိုး-မမိုးမိုးခိုင်၊ မမိမာ(ခ)မခင်စန္ဒာမြင့်တို့၏အစ်မသည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ သတ်မှတ်ထားသော လုပ်ငန်းလမ်းပြမြေပုံအတိုင်း အောင်မြင်အောင်ဆောင်ရွက်

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၇

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားရာတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ယခုနှစ် မတ် ၂၉ ရက်တွင် ဖွဲ့စည်းပေးခဲ့သည့်အချိန်မှစ၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီများ၏ အားသွန်ခွန်စိုက်ဆောင်ရွက်မှု၊ ဖွဲ့စည်းလိုက်သည့် ဆပ်ကော်မတီများ၏ ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကြောင့် အရေးပေါ်အခြေအနေကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ ယခုမိုးတွင်းကာလမတိုင်မီ ဒုက္ခသည်အားလုံးကို အမိုးအကာအောက် အချိန်မီရောက်ရှိရေးနှင့် စားဝတ်နေရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မိုးကာလကျော်လွန်က *စာမျက်နှာ ၅ ကော်လံ ၁* ✻

တာချီလိတ်မြို့ ဒေသဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံ ကျောက်စာတိုင်စိုက်ထူလှူဒါန်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဒေသဂုံရှမ်းဘာသာပိဋကတ်သုံးပုံ ကျောက်စာတိုင်စိုက်ထူလှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တာချီလိတ်မြို့ရှိ ရွှေတိဂုံစေတီရင်ပြင်တော်ဓမ္မာရုံ၌ ကျင်းပရာ မင်္ဂလာအခမ်းအနားသို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်နှင့်ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦးနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❁

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ဥပဒေကိုကျူးလွန်ဖောက်ဖျက်သူများ ဥပဒေ၏အဆုံးအဖြတ်ကိုခံယူ တာဝန်သိပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းဖော်ထုတ်

နေပြည်တော် အောက်တိုဘာ ၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက် ၉နာရီက ရခိုင်ပြည်နယ် သံတွဲမြို့နယ် အင်ဒိုင်းကြီးကျေးရွာ၊ ညောင်ခြေထောက်ကျေးရွာ၊ ဆင်ခေါင်းကျေးရွာနှင့် ကျောက်ဖြူမော်ကျေးရွာတို့သို့ လှည့်လည်သွားရောက်ပြီး ဆင်ခေါင်းကျေးရွာ သီရိသုခိတာရုံ ဘုန်းတော်ကြီးကျောင်း၌ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာများကို ရှင်းလင်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆရာတော်ကြီးများကလည်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များကို လိုလားဝမ်းမြောက်ပါကြောင်း မိန့်ကြားကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက ပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ဥပဒေကိုကျူးလွန်ဖောက်ဖျက်သူများကလည်း ဥပဒေနှင့်အညီ ဥပဒေ၏အဆုံးအဖြတ်ကို ခံယူရေး၊ တာဝန်သိပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းဖော်ထုတ်ပြီး တရားဥပဒေကို လေးစားလိုက်နာရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ သပြူချိုင်ဒေသ ပဋိပက္ခဖြစ်စဉ်တွင် ဥပဒေမဲ့လုပ်ဆောင်သူအချို့ကို သံဃာတော်များနှင့်တရားဥပဒေစိုးမိုးရေးကိုလိုလားသည့် တာဝန်သိဒေသခံရပ်မိရပ်ဖများက ဖော်ထုတ်ပြီး နယ်မြေခံရဲစခန်းသို့ ပို့ဆောင်အပ်နှံပေးခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး လှမင်းနှင့်အဖွဲ့သည် သံတွဲမြို့ရှိ မဟာအောင်မြေဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တည်ငြိမ်အေးချမ်းလျက်ရှိသော သံတွဲမြို့နယ်၏ အခြေအနေကို ပိုမိုတိုးတက်ကောင်းမွန်ရေး လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

Miss Universe Myanmar 2013 ဆုရအလှမယ် မိုးစက်ဝိုင်အား ဂုဏ်ပြုငွေချီးမြှင့်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၇

ရုရှားနိုင်ငံ မော်စကိုမြို့၌ နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည့် Miss Universe 2013 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့အလှမယ် မိုးစက်ဝိုင်အား Miss Universe Myanmar 2013 ဆုရရှိသည့်အတွက် ဂုဏ်ပြုငွေကျပ်သိန်း ၁၀၀ ချီးမြှင့်ပွဲကို ရန်ကုန်မြို့ Park Royal ဟိုတယ်၌ အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အဆိုပါဆုငွေချီးမြှင့်ပွဲတွင် မီဒီယာသမားများနှင့်လည်း တွေ့ဆုံပွဲကျင်းပခဲ့ရာ ယခုတလော အင်တာနက်စာမျက်နှာပေါ်တွင် ဖော်ပြဝေဖန်ထားသည့် မိုးစက်ဝိုင်နှင့်ပတ်သက်သော ကိစ္စရပ်များနှင့်ပတ်သက်ပြီး မီဒီယာများ၏ မေးမြန်းချက်များကိုလည်း မိုးစက်ဝိုင်က ပြန်လည်ရှင်းလင်းဖြေကြားသွားခဲ့သည်။

"အင်တာနက်ပေါ်မှာ ဖော်ပြရေးသားတာတွေနဲ့ ပတ်သက်ပြီး တစ်ချိန်မှာ အမှန်တရားက လူတိုင်းစိတ်ထဲရောက်ရှိသွားမှာပါ။ ပထမစိတ်မကောင်းဖြစ်ပေမယ့် နောက်ပိုင်းကျတော့ ကိုယ်တိုင်က အများထင်သလို မဟုတ်တာမို့ ဘာမှမခံစားရတော့ပါဘူး။ အခုအချိန်မှာ ရုရှားနိုင်ငံမှာ သွားရောက် *စာမျက်နှာ ၄ ကော်လံ ၅* ✻

Miss Universe Myanmar 2013 ပြိုင်ပွဲတွင် မြန်မာ့အလှမယ် မိုးစက်ဝိုင်နှင့် ဒုတိယဆုရ အေးချမ်းမိုးတို့ကိုတွေ့ရစဉ်။

အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် မြန်မာ(ခ)နှင့် မြန်မာ(က)တို့ ယှဉ်ပြိုင်နေစဉ်။

ဆီးဂိမ်းအကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပွဲစဉ်တွင် မြန်မာအသင်းများဗိုလ်စွဲ

နေပြည်တော် အောက်တိုဘာ ၇

ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

အမျိုးသားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များတွင် မြန်မာ(က)က မလေးရှား (ခ)ကို နှစ်ပွဲပြတ်၊ မြန်မာ(ခ)က မလေးရှား(က)ကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင်မြန်မာ(က)နှင့် မြန်မာ(ခ)အသင်းတို့ တွေ့ဆုံခဲ့ပြီး မြန်မာ(ခ)အသင်းက ၂၁-၁၈ မှတ်၊ ၂၁-၁၈ မှတ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များတွင် မြန်မာ(က)က မလေးရှား(က)ကို နှစ်ပွဲပြတ်၊ မလေးရှား(ခ) က မြန်မာ(ခ)ကို နှစ်ပွဲ-တစ်ပွဲတို့ဖြင့်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာ(က)က မလေးရှား(ခ)ကို ၂၁-၉ မှတ်၊ ၂၁-၈ မှတ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

သုံးယောက်တွဲအုပ်စုပွဲစဉ်များကို အောက်တိုဘာ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် အောက်တိုဘာ ၇

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(မိုး/ဇလ)**

ကြည်စိုး LC
☎ 01-512443, 09-73017656
Kx 42000/
Kx 34000/

ရိုလုံ ရွှေဆိုင်ကြီး (လက်လီလက်ကား)

အမှတ်(၁)(၂)(၃)ချွန်းလုံနှင့်ချွန်းလုံ ရွှေဆိုင်မှ ၁၅ပဲရည် ၁၆ပဲရည် ရွှေထည်များ (စိန်ထည်+ပလက်တီနမ်) ဒီဇိုင်းမျိုးစုံကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။

ရိုလုံ (၁) အမှတ် (S-7) ☎ (Ext.)
ရိုလုံ (၂) အမှတ် (P-1) ☎ (Ext.)
ရိုလုံ (၃) (C-5) ☎ (Ext.)
ချွန်းလုံ အမှတ်(C-7)
ရွှေဆိုင် ☎ (Ext.)
ချွန်းလုံ (H-10) Ph: (Ext.)

YANGON METAL INDUSTRY CO., LTD.
20 Ah (3600) ကျပ် | 80 Ah (13200) ကျပ်
35 Ah (7200) ကျပ် | 100 Ah (16800) ကျပ်
45 Ah (8400) ကျပ် | 110 Ah (18000) ကျပ်
60 Ah (10800) ကျပ် | 120 Ah (20400) ကျပ်
70 Ah (12600) ကျပ် | 150 Ah (25200) ကျပ်
75 Ah (13200) ကျပ် | 200 Ah (33600) ကျပ်
Ph: 01-610013, 610038

Victoria University College
Education for All
Bachelor Degree နှင့် Master Degree
(၁) Dr Nay - Patron (Victoria University College)
Ball Room Two, Traders Hotel - ရန်ကုန်မြို့

Campus One	Campus Two	Campus Three	Campus Four
01-383132	01-541389	01-541550	01-549515
01-383133	095104748	095127300	01-556389

လုံးချင်းတိုက်အမြန်ရောင်းမည်
(80' x 60') RC MBR BR AC Hotel
09 - 420-177082

FAME
Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
GMP Certified

FAME
Nature A®
Carotenoids complex
GMP Certified

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

YPGG ဂေါက်သီးရိုက်အသင်း၏ (၅၂)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက် (စနေနေ့) နံနက် ၁၁:၀၀ နာရီတွင် ရန်ကုန်မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ်၊ ၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ၊ ၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ၀၉-၅၀၁ ၆၆၁၆တို့ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

www.facebook.com/ Yuzana Plaza Golfer Group တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပြင်ဆင်မှုကိုဆိုင်ရန်ချိန်းဆိုသည့်ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့

အကြောင်းကြားစာ

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်
၂၀၁၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၄

ဒေါ်ဖြူဖြူဇော် **နှင့်** ၁။ ဦးကျော်ကျော်နိုင်
၂။ ဒေါ်ကြူကြူမော်

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ် ၈၇နေ ဦးကျော်ကျော်နိုင်(ဘ) ဦးမြင့်သောင်း(ယခုနေရပ်လိပ်စာမသိသူ) လျှောက်ထားခံရသူ အမှတ်(၁) သိစေရမည်။

ပြင်ဆင်မှုလျှောက်ထားသူက ပဲခူးခရိုင်တရားရုံး၊တရားမကြီးမှုအမှတ် -၄၀/၂၀၁၃ ၏ ၂၀၁၃ခုနှစ်၊ ဇူလိုင် ၂၃ ရက်စွဲပါ အမိန့်အပေါ်ပြင်ဆင်မှုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် မှတ်ပုံတင်စာရင်းရေးသွင်းပြီးဖြစ်၍ ဤပြင်ဆင်မှုကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်(၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) နံနက် ၁၀နာရီတွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။ အဆိုပါ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ (သို့မဟုတ်) သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့လာရောက်ရန်နှင့် မလာရောက်ခဲ့လျှင် သင်မရှိသည့်အခါ တစ်ဖက်သတ်ပြုလုပ်၍ အမှုကိုစီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

အမိန့်အရ-
(ယဉ်ယဉ်ဟန်)
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မရမ်းကုန်းမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၇

ဒေါ်စန်းစန်းနွဲ့ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇော်ဝင်း) အမှတ် ၅၆/က၊ တပင်ရွှေထီးလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

နှင့်

၁။ ဒေါ်နှင်းဇီ
တိုက်၂၁၊အခန်း၅/ဘီ၊ သံလမ်း၊ (၇)ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂။ ဦးကျော်စိန် ┐
၃။ ဒေါ်မြမေ ┘ အတူနေလင်မယား
အမှတ် ၃၄၀၊ တပင်ရွှေထီးလမ်း၊ သမိုင်း (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သံလမ်း၊ တိုက်အမှတ် ၂၁၊ အခန်း ၅/ဘီတွင် နေထိုင်သူ (၁)ဒေါ်နှင်းဇီ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၃၄၀တွင် နေထိုင်သူ (၂)ဦးကျော်စိန်၊ (၃) ဒေါ်မြမေ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်စန်းစန်းနွဲ့ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇော်ဝင်း) က ပဋိညာဉ်အတိုင်း မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) နံနက် ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန္ဒာကျော်)
တွံ့ဖက်မြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ဒေါ်မလာဒေး
LL.B, H.G.P, D.B.L, D.M.L, D.I.L, D.A.Py.

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ဒေါ်မလာဒေး
LL.B, H.G.P, D.B.L, D.M.L, D.I.L, D.A.Py.

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၄၇၁၊ မြေကွက်တည်နေရာ အမှတ် ၄၇၁၊ သစ္စာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်လှဖြူ ဦးရွှေစိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရွှေစိုး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူဒေါ်လှဖြူ ၁၂/ဥကတ(နိုင်)၀၄၆၈၃၇ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ် ၂၀၀ ဘ/၂၊ မြေကွက်လိပ်စာအမှတ် ၂၀၀ ဘ/၂၊ ဥက္ကာ ၇ လမ်း၊ ၈ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော ဦးဘာဘာအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်ရရှိပြီးဖြစ်သော မြေအလျားပေ ၂၀×အနံပေ ၆၀ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်ဥပစာ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဘာဘာထံမှ အပြီးအပိုင် ဝယ်ယူထားပြီး အထွေထွေကိုယ်စားလှယ်လွှဲစာရယူထားသူ ဒေါ်လှလှထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်သစ်သစ်၊ ဒေါ်ရီရီငွေ၊ ဒေါ်ချယ်ရီလွင်တို့က ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်၍ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ် ပြုလုပ်တော့မည်ဖြစ်ကြောင်း သက် ဆိုင်သူအများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝတ်ရည်ဝင်း(LL.B)	**ဦးသာထွန်း(B.A, R.L)**
အထက်တန်းရှေ့နေ(၂၈၂၁၅)	**တရားလွှတ်တော်ရှေ့နေ(၁၉၀၁)**
အမှတ်-၁(က)၊ မေဓာဝီလမ်းမ၊	**အမှတ်-၂၀၂၊ ဥက္ကာ ၇ လမ်း၊**
စ/ရပ်ကွက်၊	**၈/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
မြောက်ဥက္ကလာပမြို့နယ်	**ဖုန်း-၀၁-၉၆၉၉၄၈၄၊ ၀၉-၄၂၁၁၃၉၃၅၇**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၁၉၆၃၊ ဟွန်ဒါဝေ့(ဗ်) NF 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်စန်း ၁၀/သဖရ(နိုင်)၁၄၂၉၈၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ပြည်နယ်ဦးစီးမှူးရုံး) မော်လမြိုင်မြို့**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၅၄၉၀၅၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေး ၉/မတလ(နိုင်)၁၃၆၅၁၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ (သုဝဏ္ဏ)၊ မြေကွက်အမှတ် ၁၇/က၊ ဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိ နှစ် ၆၀ မြေငှားဂရန် မြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေပုလဲ ၁၂/ရကန(နိုင်)၀၂၇၇၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် LL.B (စဉ်-၇၆၄၅)
Advocate & Legal Consultant
အမှတ် ၈၅ (မြေညီထပ်)၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၈၉၈၊ ၃၉၁၂၄၈၊ ၃၉၂၀၉၀၊ ၀၉-၅၀၂၁၂၄၄

ဒေါ်သက်စုမိုး ၁၂/ကမတ(နိုင်)၀၈၁၂၁၂ နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ဘားအံလမ်း၊ ၉ ရပ်ကွက်၊ အမှတ် ၂၆၅နေ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီဂီဝင်း ၁၂/ကမတ(နိုင်)၀၃၁၅၇၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းသိစေအပ်သည်မှာ ၃၀-၈-၂၀၁၂ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လူကြီးမင်းအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၇၁၁/၂၀၁၂ ကို ကျွန်ုပ်၏မိတ်ဆွေသည် ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း လူကြီးမင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအောင်(အင်းတကော်) LL.B
အထက်တန်းရှေ့နေ
အမှတ်-၃၃၊ ၅ လွှာ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၇၀၀၇၆



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ အမှတ် ၁၀၇၊ အာသောကလမ်းရှိ မြေတိုင်းရပ်ကွက် ၁၈/အေ၊ မြေကွက်အမှတ် ၁/ဇ (၂) (၂) မြေ၊ အလျား ပေ ၃၀×အနံ ၃၁ ပေနှင့် ယင်းမြေပေါ်ရှိ သုံးထပ်ခွဲအဆောက်အအုံ၊ အကျယ်အဝန်းပေ ၃၀×၃၁ ပေ ဒုတိယထပ်တိုက်ခန်း (ဒါဘာအပေါ်ဆုံးထပ်မှ အောက်ထပ်)နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်း ချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရတနာဝင်း ၁၄/ဘကလ(နိုင်)၀၀၁၃၄၈ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကနကရာကြီး
၁၂/သဃက(နိုင်)၁၅၁၀၁၃၊
ဖုန်း-၀၉-၃၁၆၂၁၁၂၆

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၃/က၊ မြေကွက်အမှတ် ၁၁/က၊ မြေကွက်တည်နေရာအမှတ် ၅၉၀၊ မေဃဝတီကျောင်းလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ မောင်လှခင်၊ မဇကြူ အမည်ပေါက် B လ/န ၃၉ မြေအား အမည်ပေါက် မောင်လှခင်၊ မဇကြူ ကွယ်လွန်သဖြင့် (၁) ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၅/၈၇ (၅-၂-၈၇)၊ (၂)မြေလှူဒါန်း စာချုပ်အမှတ် ၆၃/၈၇ (၆-၂-၈၇)၊ (၃)အမှားပြင်စာချုပ်အမှတ် ၅၈၃/၈၉ (၁၂-၇-၈၉)၊ (၄) အမှားပြင်ဆင် ဖြည့်စွက်စာချုပ်အမှတ် ၉၀/၈၈ (၁၆-၂-၈၈) စာချုပ်မိတ္တူမှန်များ တင်ပြ၍ ဦးကျော်သိန်း ISN-၁၅၇၄၄၃ က ပိုင်ဆိုင်ခဲ့ပါသည်။ ဦးကျော်သိန်း ကွယ်လွန်သဖြင့် ဇနီးဒေါ်သန်းတင် ၁၂/သဃက(နိုင်)၀၆၈၈၈၃ ထံမှ GP အမှတ် ၄၄၀၀/၂၂-၂-၁၂ ဖြင့် GP ရသူ ဒေါ်မြင့်မြင့်ဌေး(ခ)ဌေးဌေး(ခ)မဌေး ၁၂/သဃက(နိုင်)၀၆၅၈၇၃ က သေစာ ရင်း၊ တစ်ဦးတည်းသော ဇနီးဖြစ် ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးသည်မှာ မှန်ကန်ပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ ဦးကျော်သိန်းမှ မောင်လှအုန်းသို့ ကတိစာချုပ်ဖြင့် ရောင်းချထားသောမြေကွက်အစိတ်အပိုင်းအား ချန်လှပ်၍ ကျန်အစိတ်အပိုင်းအတွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ

အများပြည်သူသိရှိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ဂူ ရပ်ကွက်၊ ငါးခန်းတွဲ၊ ၄ လမ်း၊ အမှတ် ၈၂/၈၄၊ အလျား ၄၅ ပေ×အနံ ၅၅ ပေရှိ အိမ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အိမ်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင် ဒေါ်ကြည် ၁၂/အစန(နိုင်) ၁၂၉၉၃၃ ထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလမင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၂၆၆)
အမှတ်-၆၅၃၊ မင်္ဂလာသီရိလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၃၁၄၄၇၀၄

(M.A, Ph.D)

Riso

5% Discount

Print 70gsm

မြတ်ငြိမ်း

လှည့်ပြောင်းခြေ

ဖွဲ့စာအုပ်တိုက်

အဘယ်ကြောင့် စက်ဒရယ်လဲ အဘယ်ကြောင့် ငြိမ်းချမ်းရေးလဲ

အေးမောင်ကျော်

ဖွဲ့စာအုပ်တိုက်

ဘဝတည်ဆောက်ရေး အတွေးအာတ်မြစ်များ

မြတ်ငြိမ်း

ဖွဲ့စာအုပ်တိုက်

EVER ENGLISH

5 Skills

No. 1, October

Programming & Computer

Yay Set Group

Easy Java Programming Language for You

16 Street , Lanmadaw , Yangon. PH : 09421170193 , yaysetgroup@gmail.com

5 Skills & IELTS for High-Flyers

OPEN YOUR MIND AND MOUTH HERE!

စာအုပ်လှူမလား

အုပ် ၄၀၀ ကို ငွေကျပ်တစ်သိန်းဖြင့် ကျောင်း၊ စစ်တပ်၊ ကျေးရွာစာကြည့်တိုက်များအတွက် ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ဘာသာရေး အင်္ဂလိပ်စာ၊ သုတ၊ ကာတွန်းစုံလင် သက်သာစွာ ပို့ပေးပါမည်။ **မိုးမြင့်စာပေ။**

ဖုန်း-၀၁-၅၄၃၁၄၃၊ ၀၉-၅၁၅၇၀၂၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၄၁၉၈၊ ရွှေသမင် CR2/56/3/W ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်စိုး ၇/ပခန(နိုင်)၂၅၉၉၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၀၀/က၊ မြေကွက်တည်နေရာ အမှတ် ၁၀၀/က၊ အနော်မာ ၃ လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်စိန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်စိန် S/OKA-၀၀၂၈၉၈ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် ၅၅ ၁/၂၊ မြေကွက်တည်နေရာ အမှတ် ၅၅ ၁/၂၊ သန္တာ ၉ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးထွန်းရင်+၆ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူရရှိသူ ဒေါ်သန်းလှ ၁၂/ဥကမ(နိုင်)၀၁၂၉၂၁ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိဘအမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရပ္ပိကျေးရွာ၊ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်အောင်ချမ်းကို၏ မိဘအမည်မှန်မှာ ဦးဝင်းနိုင်-ဒေါ်ဟန်သာရီ ဖြစ်ပါကြောင်း။

ဦးဝင်းနိုင် ၁၀/သဖရ(နိုင်)၀၇၆၃၇၉
ဒေါ်ဟန်သာရီ ၁၀/မဒန(နိုင်)၁၆၈၄၈၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၅၅၃၊ ဧရိယာစတုရန်းပေ ၄၀×ပေ ၆၀၊ မြေကွက်အမှတ် ၁၅၅၄၊ ဧရိယာစတုရန်းပေ ၄၀×ပေ ၆၀ ရှိ မြေကွက်နှစ်ကွက်နှင့်တကွ ယင်းမြေကွက်များပေါ်ရှိ အမှတ် ၁၅၅၄၊ ယုဇနလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ဟု ခေါ်တွင်သော အုတ်ညှပ်နှစ်ထပ်တိုက်နှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ အမှုအခင်းအရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ဦးနေဇော်အောင် ၁၂/ဥကတ(နိုင်)၁၄၀၃၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ၂-၁၀-၂၀၁၃ ရက်စွဲပါ မြေကွက်နှင့် အဆောက်အအုံအပြီးအပိုင် အရောင်းအဝယ် ရောင်းဖိုးစရန်ငွေပေး ပဋိညာဉ်စာချုပ်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကျုံးနီဒိမ်	**ဒေါ်သက်သက်လှိုင်**	**ဒေါ်ဌေးနွဲ့(LL.B, DBL, DML)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၅၈)**

အမှတ် ၁၀/၁၂၊ အခန်း(၁၀၄-ဈ)၊ (ပ)ထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၁၉၄၇၈

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရောင်းမည်

၁။ မင်္ဂလာဒုံ ပေါက်ကုန်း၊ ဂျိုးဖြူလမ်းမပေါ် ပေ၄၀×ပေ၄၀ 2BN ကျပ်သိန်း ၄၅၀
၂။ ပြည်လမ်း ဆယ်မိုင်လမ်းသွယ် ပေ ၄၀×ပေ ၇၀ ကျပ်သိန်း ၂၇၀
၃။ ပြည်လမ်း ဆယ်မိုင်လမ်းသွယ် ၂၄ ပေ×ပေ ၈၀ ကျပ်သိန်း ၅၅၀

ဆက်သွယ်ရန်-

ဖုန်း-၀၉-၄၅၀၀၃၇၀၈၉

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃။)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၁၈၇
ကွယ်လွန်သူ ဒေါ်တင်သန်းဇင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရပ်ကွက်ကြီးအမှတ် ၃၅၊ ငွေပုလဲလမ်း၊ အမှတ် ၆၈၃ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်သန်းဇင်၏ သေတမ်းစာအတည်ပြုချက်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ညိုမီမီဇင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာ ၂၅ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်သန်းဇင်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) ၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်စုံမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်ညိုမီမီဇင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်စိုးဟန်
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

အများပြည်သူသိရှိနိုင်ရန် သတိပေးကြေညာခြင်း

ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၄၂ နေ ဒေါ်ကြည်ကြည်စန်း(ခ)မကြည်စန်း ၁/ဗမန(နိုင်)၀၄၈၃၄၁ (ဘ-ဦးအဖောင်)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စန်း(ခ)မကြည်စန်းသည် ကုန်သည်လုပ်ငန်းဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်ပြီး ယခင်က ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ဖူးခြင်းမရှိပါ။ ဥပဒေနှင့်မညီသော လုပ်ငန်းလုပ်ကိုင်သည်ဟု ကျော်ဇောသတင်း အလျဉ်းမရှိဘဲ တစ်သက်တာ ရိုးသားစွာ နေထိုင်လာသူတစ်ဦးဖြစ်ပါသည်။ သို့သော် အချို့သောပုဂ္ဂိုလ်များက ဒေါ်ကြည်ကြည်စန်း(ခ)မကြည်စန်းသည် ဥပဒေနှင့်မညီသောလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် စီးပွားဖြစ်နေသူတစ်ဦးဖြစ်ကြောင်း မမှန်မကန်ပြောဆို သတင်းဖြန့်ခြင်းများကြောင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း ထင်ယောင်ထင်မှားဖြစ်စေပြီး ဒေါ်ကြည်ကြည်စန်း(ခ)မကြည်စန်းနှင့် မိသားစုများအား ဂုဏ်သရေ ညှိုးနွမ်းသေးသိမ်စေခြင်းများကြောင့် နောင်တွင် ဒေါ်ကြည်ကြည်စန်း(ခ)မကြည်စန်းနှင့် မိသားစုအပေါ် မမှန်မကန်ပြောဆို သတင်းဖြန့်ခြင်း၊ မလိုလားအပ်ဘဲ ဂုဏ်သရေညှိုးနွမ်းစေသည့် အပြုအမူပြောဆိုသူများအပေါ် ဥပဒေအရ ပြင်းထန်ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်းကို အများသိရှိနိုင်စေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်စန်း(ခ)မကြည်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးတင့် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၈၉)
ကက-၁၃၅၊ မင်းကျောင်းကုန်းရပ်၊ ဗန်းမော်မြို့။
ဖုန်း-၀၇၄-၅၀၀၂၂၊ ၀၇၄-၅၀၉၆၇၊ ၀၉-၄၇၀၁၅၈၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၃ တိုးချဲ့ရပ်ကွက်၊ ငါးမာရ်အောင်ဘုရားလမ်း၊ အမှတ် ၉၁၉(ခေါင်းရင်းခြမ်း)၊ ပေ ၂၀×ပေ ၆၀ မြေချပါမစ်ပေါ်ရှိ ၁၀ ပေ×ပေ ၆၀ အိမ်မြေနှစ်ခုမှ ခြေရင်းဘက် ၁၀ ပေ×ပေ ၆၀ မြေချပါမစ်ပေါ်ရှိ မြေနှင့်အိမ်အကျိုးခံစားခွင့်တို့ကို လက်ရှိပိုင်ဆိုင်သူ ဦးအောင်စည်ဟိန်း ၁၂/ဗဟန(နိုင်)၀၃၀၃၃၂ ထံမှ ဦးသစ်ထူးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသစ်ထူး
၁၂/ရကန(နိုင်)၀၁၅၇၁၃
ဖုန်း-၀၉-၇၃၀၀၀၂၁၅

ASEAN Energy Awards 2013 လက်ခံရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံစွမ်းအင်ဗဟိုဌာန (ACE) တို့ ပူးပေါင်းပြုလုပ်သော အာဆီယံ စွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပေးအပ်ပွဲတွင် **FAME Pharmaceuticals** မှ **ASEAN Energy Awards 2013 (Energy Management - Special Submission Industry Category)** ပထမဆု **(Winner)** တံဆိပ်ကို လက်ခံရရှိခဲ့ကြောင်းသိရသဖြင့် ဒေါက်တာခင်မောင်လွင်နှင့် ဝန်ထမ်းများ အားလုံးအတွက် များစွာဂုဏ်ယူမိပါကြောင်းနှင့် နောင်တွင်လည်းယခုထက်ပို၍ တိုးတက်အောင်မြင် ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျော်မင်း(Chairman)+ ဒေါ်သီသီလွင် နှင့်

Shwe Pann Taing Trading Co,Ltd. မှ Member **ဝင်များ**

Congratulation

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၌ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံစွမ်းအင်ဗဟိုဌာန (ACE) တို့ ပူးပေါင်းပြုလုပ်သော အာဆီယံ စွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပေးအပ်ပွဲတွင် **ASEAN Energy Awards 2013 (Energy Management - Special Submission Industry Category)** ပထမဆု **(Winner)** တံဆိပ်ကို **FAME Pharmaceuticals** မှ လက်ခံရရှိခဲ့ကြောင်းသိရသဖြင့် ဒေါက်တာခင်မောင်လွင်နှင့် ဝန်ထမ်းများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုထက်ပိုမို၍ အောင်မြင်မှုများ ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစိန်မြင့် (Director) နှင့် ဝန်ထမ်းများ

ရွှေစကားဆေးဝါးရောင်းဝယ်ရေး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၀ယ/၃၅၉၄၄၊ Milgela Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငါးမြ ၂/လကန(နိုင်)၀၉၁၄၇၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၄၅၆၃၁၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒူဂါမာယာ ၁/ဝမန(နိုင်)၀၅၇၀၆၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)**